# ကြေးမုံ
**The Mirror Daily**

၁၉၅၇ ဧပြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957


**သောတာပန်သည်သာမြတ်၏**

မြေပြင်တစ်ပြင်လုံး၌ ဧကရာဇ်မင်းဖြစ်ရသည်ထက်လည်းကောင်း၊ နတ်ပြည်၊ ဗြဟ္မာပြည်သို့ ရောက်ရသည်ထက်လည်းကောင်း၊ တစ်လောကလုံးကို အစိုးရသည်ထက်လည်းကောင်း သောတာပန်ဖြစ်ရခြင်းသည်မြတ်၏။ သောတာပန်ဖြစ်ရခြင်းသည် လူမင်းစည်းစိမ်၊ နတ်မင်းစည်းစိမ်တို့ထက် မြတ်လှ၏။

လောကဝဂ်(ဓမ္မပဒ-၁၇၈)


၁၃၇၈ ခုနှစ် သီတင်းကျွတ်လပြည့်ကျော် ၈ ရက်၊ တနင်္လာနေ့။ Monday , 24 October 2016 (၈၇၂၄)


# ၂၀၃၀ ပြည့်နှစ် စဉ်ဆက်မပြတ်ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်သည် ကုလသမဂ္ဂနှင့် အဖွဲ့ဝင်နိုင်ငံများအတွက် ဦးစားပေးလုပ်ငန်းတစ်ရပ်ဖြစ်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတ ဦးထင်ကျော်ထံမှ (၇၁)ကြိမ်မြောက် ကုလသမဂ္ဂနှစ်ပတ်လည်နေ့သို့ ပေးပို့သည့် သဝဏ်လွှာ**
**(နေပြည်တော်၊ မြန်မာ၊ ၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ ၂၄ ရက်)**

ကုလသမဂ္ဂသည် လွန်ခဲ့သော နှစ်ပေါင်း (၇၀)ကျော်ကပင် နိုင်ငံတကာငြိမ်းချမ်းရေးနှင့် လုံခြုံရေးကို ထိန်းသိမ်းရန်နှင့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရန် အဖွဲ့ဝင်နိုင်ငံများ၏ စွမ်းပကားကို ပေါင်းစည်းပေးသည့် အထင်ကရအဖွဲ့အစည်းတစ်ခုအဖြစ် တာဝန်ထမ်းဆောင်လျက်ရှိပါသည်။ ကုလသမဂ္ဂ၏(၇၁)နှစ်မြောက် နှစ်ပတ်လည် အခါသမယတွင် မြန်မာပြည်သူလူထုကိုယ်စား မိမိအနေဖြင့် အထူးဝမ်းမြောက်ဂုဏ်ယူကြောင်း ဖော်ပြအပ်ပါသည်။

ကုလသမဂ္ဂစနစ်၏ မူဘောင်အောက်တွင် အမျိုးမျိုးသော ဆွေးနွေးပွဲများ၌ အဖွဲ့ဝင် နိုင်ငံများစုစည်း၍ အငြင်းပွားမှုများကို ငြိမ်းချမ်းစွာအဖြေရှာခြင်း၊ ငြိမ်းချမ်းရေး သံတမန်များ စေလွှတ်ခြင်း၊ လူသားကြောင့်ဖြစ်သော ကပ်ဘေးများနှင့် သဘာဝဘေးအန္တရာယ်ဒဏ်ခံရသည့် ကမ္ဘာ့ပြည်သူများအတွက် ခိုလှုံမှုပေးခြင်း၊ လူ့အခွင့်အရေး ကာကွယ်မြှင့်တင်ခြင်းနှင့် ဖွံ့ဖြိုးတိုးတက်ရေးအကူအညီများပေးခြင်းတို့တွင် ထူးခြားသောအောင်မြင်မှုများ ရရှိလျက်ရှိပါသည်။

ငြိမ်းချမ်းရေး၊ လုံခြုံရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့သည် အပြန်အလှန်ချိတ်ဆက် အမှီသဟဲပြုနေပါသည်။ ငြိမ်းချမ်းရေးမရရှိဘဲ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရန် မဖြစ်နိုင်ပါ။ ဖွံ့ဖြိုးတိုးတက်မှုမရှိဘဲ ငြိမ်းချမ်းရေးမတည်မြဲနိုင်ပါ။ ဆင်းရဲနွမ်းပါးမှုကို အမြစ်ပြတ်သုတ်သင်နိုင်ရေးသည် ယနေ့ကြုံတွေ့နေရသော စိန်ခေါ်မှုအများအပြားအား ဖြေရှင်းနိုင်မည့်နည်းလမ်းများအနက် တစ်ခုဖြစ်ပါသည်။ ထို့ကြောင့် ၂၀၃၀ ပြည့်နှစ် စဉ်ဆက်မပြတ်ဖွံ့ဖြိုးရေးရည်မှန်းချက်များ အကောင်အထည်ဖော်ရေးလုပ်ငန်းစဉ်သည် ကုလသမဂ္ဂနှင့် အဖွဲ့ဝင်နိုင်ငံများအတွက် ဦးစားပေးလုပ်ငန်းတစ်ရပ်ဖြစ်နေပါသည်။ ယနေ့အချိန်အခါတွင် ကုလသမဂ္ဂသည် အားလုံးအတွက် ပိုမို ငြိမ်းချမ်း၍ သာယာဝပြောသော ကမ္ဘာကြီးတစ်ခု၊ ပိုမိုကြင်နာ၍ မေတ္တာတရားပြည့်ဝသော အိမ်ဂေဟာတစ်ခုဖြစ်စေလိုသော မိမိတို့၏မျှော်လင့်ချက်များရှိရာ အသိုက်အမြုံတစ်ခုဖြစ်နေဆဲဖြစ်ပါသည်။

ကုလသမဂ္ဂနှင့် ပူးပေါင်းဆောင်ရွက်ခြင်းသည် မြန်မာ့နိုင်ငံခြားရေးမူဝါဒ၏ အခြေခံအုတ်မြစ်တစ်ခုဖြစ်ပါသည်။ ထို့ကြောင့် ကမ္ဘာ့အသိုက်အဝန်း၏ အဖွဲ့ဝင်တစ်နိုင်ငံဖြစ်သော မြန်မာနိုင်ငံသည် ကမ္ဘာ့နိုင်ငံများအားလုံးနှင့် သက်ဆိုင်သော စိန်ခေါ်မှုများကို ဖြေရှင်းရာတွင် နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုများမှတစ်ဆင့် ကုလသမဂ္ဂကို အခိုင်အမာထောက်ခံပြီး ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည်ဟု သန္နိဋ္ဌာန်ချမှတ်ထားပါသည်။

ကုလသမဂ္ဂပဋိညာဉ်စာတမ်းပါ ရည်ရွယ်ချက်များနှင့် မူဝါဒများအပေါ် မိမိတို့၏ယုံကြည်မှုများကို ထပ်လောင်းအတည်ပြုရင်း ဤထူးမြတ်သည့် နေ့ရက်အခါသမယကို ဆင်နွှဲကြပါစို့။ လူသားအားလုံးအတွက် ပိုမိုကောင်းမွန်သော အနာဂတ်တစ်ခု ဖန်တီးနိုင်ရေးအတွက် ဖွံ့ဖြိုးတိုးတက်ရေး၊ ငြိမ်းချမ်းရေး၊ လုံခြုံရေးနှင့် လူ့အခွင့်အရေးဆိုင်ရာ ကိစ္စရပ်များကို စိတ်အားထက်သန်စွာဖြင့် ကြိုးပမ်းဆောင်ရွက်သွားကြပါစို့။






အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း ကရင်ဒုံးယိမ်းအကပြိုင်ပွဲတွင် ကရင်ပြည်နယ်ယိမ်းအဖွဲ့၏ ယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

# အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း မြန်မာတိုင်းရင်းသားတို့၏ အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကြည့်ရှုအားပေး

**နေပြည်တော် အောက်တိုဘာ ၂၃**

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းသည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ရေဆင်းတက္ကသိုလ်များနယ်မြေ သတ်မှတ်နေရာအသီးသီး၌ ကျင်းပလျက်ရှိသည့် (၂၂)ကြိမ်မြောက် မြန်မာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲများကို ကြည့်ရှုအားပေးသည်။

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌသည် နံနက် ၉ နာရီက မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ် ရွှေရတုခန်းမ၌ ကျင်းပသည့် ကရင်ဒုံးယိမ်းအကပြိုင်ပွဲတွင် ကရင်တိုင်းရင်းသားတို့၏ လက်တွဲညီညီရှေ့သို့ချီ သီချင်းဖြင့် ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့မှ ယိမ်းအဖွဲ့များ၏ ယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးသည်။

ထို့နောက် သစ်တောတက္ကသိုလ် စုဝေးခန်းမ၌ကျင်းပသည့် ဆိုင်းတစ်ဦးချင်းပြိုင်ပွဲ **အခြေခံပညာအဆင့်** (အသက် ၁၀ နှစ်မှ ၁၅ နှစ်) အမျိုးသမီးပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင် တီးခတ်မှုတို့ကို ကြည့်ရှုအားပေးသည်။

**(သတင်းစဉ်)**




# မြားမှန်

## မုန်တိုင်းအန္တရာယ်သတိပြုဖွယ်

ယနေ့(အောက်တိုဘာလ ၂၄ ရက်၊ တနင်္လာနေ့)ညနေပိုင်းတွင် ဘင်္ဂလားပင်လယ်အော်အတွင်း လွန်ခဲ့သည့် ရက်ပိုင်းက ဖြစ်ပေါ်ခဲ့သော မုန်တိုင်းငယ်သည် ဆိုင်ကလုန်းမုန်တိုင်းအဖြစ်အသွင်ပြောင်းကာ မြန်မာနိုင်ငံကမ်းရိုးတန်းသို့ ဖြတ်သန်း၀င်ရောက်တော့မည်ဖြစ်သည်။

အထူးသဖြင့် အဆိုပါမုန်တိုင်းသည် ရခိုင်ပြည်နယ်တောင်ပိုင်းနှင့် ဧရာ၀တီတိုင်းဒေသကြီးအတွင်း မုန်တိုင်းစက်၀န်းကျရောက်နိုင်သည်ဆိုသော်လည်း ရန်ကုန်တိုင်းဒေသကြီးအနေဖြင့်လည်း အဖျားခတ်နိုင်သေးသည်။ မုန်တိုင်းသည် မြန်မာနိုင်ငံသို့ ဦးတည်လည်ပတ်ခြင်းသဘောသာဖြစ်ပြီး ထို့နောက် အိန္ဒိယနိုင်ငံဘက်သို့ ပြန်လှည့်ကာ ခရီးစဉ်ကိုအဆုံးသတ်မည်ဟု ခန့်မှန်းထားကြသည်။

မြန်မာနိုင်ငံသို့ဦးတည်လာသည့် အဆိုပါဆိုင်ကလုန်းမုန်တိုင်း၏ အင်အားမှာ ၂၀၀၈ ခုနှစ်က ဧရာ၀တီနှင့် ရန်ကုန်တိုင်းဒေသကြီးသို့ ဦးတည်တိုက်ခတ်ခဲ့သည့် အင်အားကြီးမားသော နာဂစ်မုန်တိုင်းနှင့်နှိုင်းစာလျှင် မပြောပလောက်သော်လည်း အစိုးမရသော သဘာ၀ဘေးဖြစ်၍ ပေါ့ပေါ့တန်တန်သဘောမထားဘဲ ကြိုတင်ပြင်ဆင်ဆောင်ရွက်သင့်သည်များကို ဆောင်ရွက်ထားရပေလိမ့်မည်။

အဆိုပါမုန်တိုင်းသည် အောက်တိုဘာ ၂၃ ရက် ညနေ ၆ နာရီခွဲအချိန်တိုင်းထွာချက်အရ မြန်မာနိုင်ငံဘက်သို့ ဦးတည်ရွေ့လျားခဲ့ပြီး ကိုကိုးကျွန်းမြို့၏ မြောက်-အနောက်မြောက်ဘက် ၈၅ မိုင် အကွာ၊ ပုသိမ်မြို့၏အနောက်တောင်ဘက် ၁၂၅ မိုင် အကွာ၊ ရန်ကုန်မြို့၏အနောက်တောင်ဘက် ၂၀၅ မိုင် အကွာ ပင်လယ်ပြင်ကိုဗဟိုပြုခဲ့ပြီး ယနေ့ညမှစတင်၍ နောက်နှစ်ရက်တာကာလအတွင်း မြန်မာ့ကမ်းရိုးတန်းနှင့်ဒေသအချို့မှာ မုန်တိုင်းစက်၀န်းအတွင်း ကျရောက်နေမည်ဖြစ်သည်။

မြန်မာနိုင်ငံ၏မုန်တိုင်းစက်၀န်းအတွင်းကျရောက်သော လူနေဒေသများမှာ မုန်တိုင်းဗဟိုချက်မဟုတ်ခြင်း၊ မုန်တိုင်းဒီရေတက်ရောက်နိုင်ခြေမရှိဟု ခန့်မှန်းထားသောကြောင့် ပြင်းပြင်းထန်ထန်ထိခိုက်မှု မခံစားရဟုဆိုပင်ဆိုငြားလည်း တစ်နာရီ လေပြင်းတိုက်နှုန်း မိုင် ၅၀ ၀န်းကျင်ရှိသည်ကို သတိမူပြီး လိုအပ်သည့်ပြင်ဆင်မှုများ ပြုလုပ်ထားကြရမည်ဖြစ်သည်။

မုန်တိုင်းအရှိန်ကြောင့် မြစ်၀ကျွန်းပေါ်ဒေသတွင်သာမက မြန်မာနိုင်ငံတစ်၀န်းတွင် မိုးသည်းထန်စွာ ရွာသွန်းဦးမည်ဖြစ်ရာ ရေကြီးရေလျှံမှုများကြောင့် မြေပြို၊ အိမ်ပြိုမှုများ၊ မိမိတို့၏စိုက်ပျိုးသီးနှံများ မပျက်စီးမဆုံးရှုံးစေရေးအတွက် ကြိုတင်သတိပြု ဆောင်ရွက်ထားကြရမည်ဖြစ်သည်။

မုန်တိုင်းတိုက်ခတ်လာပါက လျှပ်စစ်မီးများ၊ ဓာတ်ငွေ့ပိုက်လိုင်းများကို ဆက်သွယ်မှုဖြတ်တောက်ထားရန်၊ မခိုင်ခံ့သော အဆောက်အအုံများကို ကြိုတင်သတိပြုဆောင်ရွက်ထားရန်၊ ငါးဖမ်းလှေများ ပင်လယ်ပြင်သို့ မထွက်ခွာရန်၊ ပင်လယ်ကမ်းစပ်များ၌ မုန်တိုင်းခိုအဆောက်အအုံများသို့ ရွှေ့ပြောင်းနိုင်ရန်၊ သစ်ပင်အို၊ လျှပ်စစ်မီးတိုင်၊ မီးကြိုးများကို သတိပြုရန်၊ ရေဒီယိုများဖြင့် မုန်တိုင်းသတိပေးချက်များကို အမြဲမပြတ်နားထောင်နေရန် စသည်တို့ကို ပြုလုပ်ကြရန်လိုပေသည်။

မုန်တိုင်းဦးတည်ရာ လမ်းကြောင်းပြောင်းသွားခဲ့မည်ဆိုသော်လည်း အန္တရာယ်ကင်းကြောင်း ထပ်မံသတိမပေးမချင်း အပြင်မထွက်ရန်၊ ဓာတ်ငွေ့ပိုက်များ စိမ့်ထွက်နေမှု၊ လျှပ်စစ်မီးကြိုးများ ရေစိုနေမှု၊ မြွေဘေး၊ ကင်းဘေး၊ မီးဘေးတို့ကို သတိပြုမှု၊ သက်ဆိုင်ရာတို့၏ ထပ်မံသတိပေးချက်များကို ဆက်လက်သတိပြုနားထောင်နေမှု စသည်တို့ကို ပြုလုပ်ထားရန်လိုအပ်ပေသည်။

ယခုအခါ သက်ဆိုင်ရာတို့က ကြိုတင်သတိပေးမှုများ၊ ကြိုတင်ပြင်ဆင်ဆောင်ရွက်မှုများကို စဉ်ဆက်မပြတ်ပြုလုပ်နေပြီဖြစ်ရာ အဆိုပါလုပ်ငန်းစဉ်များကို သိရှိလိုက်နာမှတ်သားပြီး မုန်တိုင်းစက်၀န်းကျရောက်ရာဒေသနေပြည်သူများအနေဖြင့် ပူးပေါင်းပါ၀င်ဆောင်ရွက်ကြရန် လိုအပ်မည်ဖြစ်သည်။

သို့ဖြစ်ရာ မြန်မာနိုင်ငံတွင် မကြာသေးမီကာလအတွင်းမှာပင် ရေကြီးရေလျှံမှု၊ မြေပြိုမှု၊ ငလျင်လှုပ်မှု စသည့်သဘာ၀ဘေးများနှင့် ကြုံတွေ့ခဲ့ရပြီးဖြစ်ရာ ယခုထပ်မံကြုံတွေ့လာဖွယ်ရှိသည့် မုန်တိုင်းအန္တရာယ်ကိုလည်း မပြတ်သောသတိဖြင့် နိုးနိုးကြားကြားအစဉ်ရှိရန် တိုက်တွန်းအပ်ပါသည်။ ။

## ပုဂံဒေသရှိ ငလျင်ဒဏ်သင့်ဘုရားစေတီများပြုပြင်ရန် အလှူငွေပေးအပ်



**ညောင်ဦး အောက်တိုဘာ ၂၃**

ပုဂံဒေသရှိ ငလျင်ဒဏ်သင့် ရှေးဟောင်းဘုရား စေတီပုထိုးများ ပြန်လည်ပြုပြင်ရန်အတွက် အလင်းစက်လေးများ ပညာရေးအထောက်အကူပြုအဖွဲ့မှ အလှူငွေပေးအပ်ပွဲကို အောက်တိုဘာ ၁၉ ရက်က ညောင်ဦးခရိုင် အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဩဂုတ် ၂၄ ရက်က လှုပ်ခတ်ခဲ့သော ငလျင်ဒဏ်ကြောင့် ပုဂံဒေသရှိ ဘုရားပုထိုးစေတီများ ပျက်စီးခဲ့သဖြင့် ပြန်လည်ပြုပြင်နိုင်ရန်အတွက် အလှူငွေ ၆၅ သိန်းကို အလင်းစက်လေးများ ပညာရေးအထောက်အကူပြု ပရဟိတအဖွဲ့ ခေါင်းဆောင် ဒေါ်မေကျော့ရှင်းက ပေးအပ်ရာ ခရိုင် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနမှ ဦးဇော်နိုင်ဦးက လက်ခံရယူသည်။ အလင်းစက်လေးများ ပညာရေးအထောက်အကူပြုအဖွဲ့သည် ရန်ကုန်မြို့ရှိ အမျိုးသားကဇာတ်ရုံတွင် ဖျော်ဖြေပွဲ ပြုလုပ်၍ ရရှိလာသည့်ငွေကျပ် ၆၅ သိန်းကို လှူဒါန်းခဲ့ခြင်းဖြစ်ပြီး ယခင်ကလည်း ရေဘေးသင့် ကျောင်းများနှင့် ဆင်းရဲနွမ်းပါးသည့် ကျောင်းသားများကို ထောက်ပံ့ကူညီပေးခဲ့ကြောင်း သိရသည်။

လက်ရှိ ကောက်ယူထားသည့် စာရင်းဇယားများအရ ငလျင်ကြောင့် ပျက်စီးသွားသော ဘုရားစေတီမှာ ၄၇၇ ဆူရှိပြီး ယင်းဘုရားစေတီများပြန်လည်ပြုပြင်နိုင်ရန်အတွက် အလှူငွေကောက်ခံမှုကို တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးမြင့်ဝင်းခိုင်၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးစိုးတင့်နှင့် ရှေးဟောင်းသုတေသနဌာနနှင့် အမျိုးသားပြတိုက် ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးအောင်အောင်ကျော်တို့၏ ပူးတွဲငွေစာရင်းအကောင့်ကို ကမ္ဘောဇဘဏ် (ညောင်ဦးဘဏ်ခွဲ)တွင် ငွေစာရင်းအမှတ် ၀၆၇၁၂၂၀၀၀၈၈၁၃ ဖြင့် ဖွင့်လှစ်ထားရှိပြီး ယနေ့အထိ အလှူငွေ စုစုပေါင်းငွေကျပ် သိန်းပေါင်း သုံးသောင်း ခြောက်ရာ့နှစ်ဆယ်ကျော်ရရှိပြီဖြစ်ကြောင်း သိရသည်။

**နိုင်လင်းကြည်**

၀

### အမျိုးသားရေးတာဝန်တစ်ရပ်

* ရိုးရာအမွေအနှစ်တွေကို
တိုးကာချစ်စေဖို့
မျိုးမြန်မာအစစ်တွေရဲ့ ဝန်တာ။
* မြေမျိုလျှင် လူမျိုးမပျောက်သော်ငြား
လူမျိုလျှင် လူမျိုးပျောက်ပေလိမ့်
စိုးကြောက်ဖွယ်ရာ။
* ရှေးထုံးလည်း မပယ်သာ
ဈေးသုံးလည်း မကြွယ်ရာ
ဉာဏ်ယှဉ်ကာ ကျင့်သုံး။
* အရိုးခံ အဖိုးတန်ပါတဲ့
အမျိုး "မာန်" ကမ္ဘာသိအောင်လ
အမျိုး "စံ" ကမ္ဘာသိအောင်လ
ဇာတိစဉ်လာ ဖော်ကာထုတ်
ကြိုးကုတ်ကြဦး။ ။

**မျိုးမြတ်မြတ်မြင့်မောင်**

(၂၂) ကြိမ်မြောက် မြန်မာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးကို ကြိုဆိုဂုဏ်ပြုလျက် ပြန်လည် ဖော်ပြပါသည်။

## မျိုးဆက်သစ် အင်ဂျင်နီယာများတွေ့ဆုံပွဲ ရေတာရှည်မြို့နယ်၌ ကျင်းပ

**ရေတာရှည် အောက်တိုဘာ ၂၃**

မျိုးဆက်သစ်အင်ဂျင်နီယာများအနေဖြင့် နည်းပညာများကို စဉ်ဆက်မပြတ်လေ့လာဆည်းပူးခြင်းဖြင့် နိုင်ငံအတွက် အကျိုးကျေးဇူးများစွာရရှိမည်ဖြစ်ကြောင်း အောက်တိုဘာ ၂၁ ရက် နံနက် ၁၀ နာရီက ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးရုံး စက်မှုတိုင်း(၂) တောင်ငူ အဆင့်မြင့်အလုပ်ရုံ အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သော မျိုးဆက်သစ်အင်ဂျင်နီယာများနှင့် တွေ့ဆုံပွဲတွင် ညွှန်ကြားရေးမှူး ဦးစိုးနိုင်က ပြောကြားခဲ့သည်။

မျိုးဆက်သစ် အင်ဂျင်နီယာများနှင့် တွေ့ဆုံရခြင်းသည် အရည်အသွေးပြည့်ဝပြီး လုပ်ငန်းခွင်တွင် စိတ်ပါဝင်စားစွာဆောင်ရွက်၍ အဖွဲ့အစည်းများနှင့် နိုင်ငံအပေါ်ကောင်းမွန်သော သဘောထားအမြင်များ ရရှိနိုင်ရန် ပြုလုပ်ရခြင်းဖြစ်ကြောင်း သိရကာ အဆိုပါ အခမ်းအနားသို့ မျိုးဆက်သစ်အင်ဂျင်နီယာအမျိုးသား ၂၉ ဦး၊ အမျိုးသမီး ၂၉ ဦးတို့တက်ရောက်ခဲ့ကြပြီး လစဉ်အလိုက် မိမိတို့၏ဆောင်ရွက်ခဲ့သည့် လုပ်ငန်းအတွေ့အကြုံများကို အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**

## ပဲခူးမြို့နယ် Saemaul Undong အဖွဲ့ဝင်များအား မှိုစိုက်ပျိုးနည်းသင်တန်းပေး

**ပဲခူး အောက်တိုဘာ ၂၃**

ပဲခူးမြို့နယ်အတွင်းရှိ Saemaul Undong စီမံကိန်း ကျေးရွာသစ်လှုပ်ရှားမှု အစီအစဉ်ဖြင့် စီမံကိန်း ကျေးရွာ ငါးရွာမှ စိတ်ဝင်စားသူအဖွဲ့ဝင်များအား ဝင်ငွေတိုးပွားရေးအတွက် တစ်နိုင်တစ်ပိုင် မှိုစိုက်ပျိုးထုတ်လုပ်နိုင်ရန် အောက်တိုဘာ ၁၈ ရက်မှ ၂၅ရက်အထိ ၁၀ မိုင်စိုက်ပျိုးမွေးမြူရေးစခန်းတွင် မှို ငါးမျိုး စိုက်ပျိုးမွေးမြူရေးသင်တန်းကို ဖွင့်လှစ်ပို့ချခဲ့သည်။

သင်တန်းဖွင့်ပွဲတွင် ပဲခူးတိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးအောင်ဇော်နိုင်၊ စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးလှမြင့်တို့က အဖွင့်အမှာစကားပြောကြားကြပြီး သင်တန်းသို့ သင်တန်းသား ၂၅ ဦး တက်ရောက်ကြောင်း သိရသည်။ **(သတင်းစဉ်)**



မြားမှန် နေ့စဉ်သတင်းစာ

စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ဒင်
စာတည်းများ - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်၊ ဦးစန်းအောင်
သတင်းထောက်မှူး - ဦးငွေအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ အောဝမ်းစိုး၊ အောင်ကျော်ကျော်
အနုပညာစာတည်း - ခင်ခင်သက်
အားကစားစာတည်း - မေလွှဲသင်း
ဆောင်းပါးစာတည်း - စန္ဒာဝင်း
အကြီးတန်းသတင်းထောက်များ - ဟိန်းထက်လင်း၊ နိုင်လင်းကြည်၊ ဖြိုးစန္ဒာမြင့်၊ သီသီမင်း
အငယ်တန်းသတင်းထောက်များ - အောင်ကျော်ဦး၊ ခင်ဇာလီ၊ ခင်စုစုလှိုင်၊ အေးအေးမြင့်
ဓာတ်ပုံသတင်းထောက် - ခင်မောင်ဝင်း
အထူးသတင်းထောက် - ဆုနှင်းလှဲ

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

မြားမှန် Mirror
၁၉၅၇ ခုနှစ် ဘွင် စတင်တည်ထောင်သည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး [illegible]
ရန်ကုန်ရုံးခွဲ - [illegible]
မန္တလေး [illegible]

## ပြည်တွင်းရေးရာ

# အောင်စိုးမိုးကျော်(၂)အမြန်ရေယာဉ် နစ်မြုပ်မှုဖြစ်စဉ်တွင် အသက်ရှင်ကျန်ရစ်သူများနှင့် သေဆုံးခဲ့သူများ၏ မိသားစုများထံသို့ ထောက်ပံ့ငွေများ ပေးအပ်လှူဒါန်း

**မုံရွာ အောက်တိုဘာ ၂၃**

ကမ္ဘောဇအနာဂတ်အလင်းတန်း မြန်မာဖောင်ဒေးရှင်း(BFM)သည် စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့တွင် ဖြစ်ပွားခဲ့သော ချင်းတွင်းမြစ်ကြောင်း အတွင်း ဟုမ္မလင်း-မုံရွာခရီးစဉ်ကို ပြေးဆွဲသည့် အောင်စိုးမိုးကျော်(၂) အမြန်ရေယာဉ် နစ်မြုပ်မှုဖြစ်စဉ်တွင် အသက်ရှင်ကျန်ရစ်သူများနှင့် သေဆုံးခဲ့သူများ၏ မိသားစုများထံသို့ ထောက်ပံ့ငွေများ ပေးအပ်လှူဒါန်းခဲ့သည်။

ကမ္ဘောဇအနာဂတ်အလင်းတန်း မြန်မာဖောင်ဒေးရှင်းမှ တာဝန်ရှိသူ ကမ္ဘောဇဘဏ်လီမိတက် အထက်မြန်မာပြည်တာဝန်ခံ ဦးတင်ထွန်းက ကာကွယ်ရေးဦးစီးချုပ်၏ ဂုဏ်ပြုခံရသူ ခြောက်ဦးဖြစ်သည့် တပ်မတော်သား နှစ်ဦး၊ မီးသတ်တပ်ဖွဲ့ဝင် လေးဦး အတွက် တစ်ဦးလျှင် ငွေကျပ် ၁၅ သိန်းစီကိုလည်းကောင်း၊ ပညာရေး ဝန်ကြီးဌာနမှ အသက်ရှင်ကျန်ရစ်သူ ၄၀ နှင့် သေဆုံးသူ ၃၅ ဦး စုစုပေါင်း ၇၅ ဦးအတွက် တစ်ဦးလျှင် ငွေကျပ် ငါးသိန်းစီကိုလည်းကောင်း၊ အဝေးသင်တက္ကသိုလ် ကျောင်းသားများမှ အသက်ရှင်ကျန်ရစ်သူ ၃၆ ဦးအတွက် တစ်ဦးလျှင် ငွေကျပ် ငါးသိန်းစီကို လည်းကောင်း၊ ရေယာဉ်နစ်မြုပ်ပြီး ငါးရက်ကြာမှ အသက်ရှင်လျက် ပြန်တွေ့သူ အဝေးသင်တက္ကသိုလ် ကျောင်းသား မောင်လွင်မိုးအတွက် ငွေကျပ် ၁၅ သိန်းကိုလည်းကောင်း၊ သေဆုံးသူ အဝေးသင်တက္ကသိုလ် ကျောင်းသားတစ်ဦးနှင့် မူလတန်း ကျောင်းသား ခြောက်ဦးအတွက် တစ်ဦးလျှင် ငွေကျပ် ငါးသိန်းစီကို လည်းကောင်း၊ ကျန်းမာရေးဝန်ထမ်းများမှ သေဆုံးသူဆရာဝန်တစ်ဦးကို ငွေကျပ် ငါးသိန်း၊ ပျောက်ဆုံးသွားသူ သားဖွားဆရာမတစ်ဦးအတွက် ငွေကျပ် ငါးသိန်း၊ အသက်ရှင်ကျန်ရစ်သူ သားဖွားဆရာမတစ်ဦးအတွက် ငွေကျပ် ငါးသိန်းကို လည်းကောင်း ထောက်ပံ့ငွေစုစုပေါင်း ငွေကျပ်သိန်း ၇၁၀ ကို စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်နှင့် သက်ဆိုင်ရာ တာဝန်ရှိသူအသီးသီး




ထံသို့ ပေးအပ်လှူဒါန်းခဲ့သည်။

ကမ္ဘောဇအနာဂတ်အလင်းတန်း မြန်မာဖောင်ဒေးရှင်းသည် ပြည်သူများ ဘေးဒုက္ခဖြစ်လျှင်ဖြစ်ချင်း အချိန်နှင့် တစ်ပြေးညီ အမြန်ဆုံးသွားရောက်ပြီး ထောက်ပံ့လှူဒါန်းခဲ့ရာတွင် အောက်တိုဘာ ၁၇ ရက်ကလည်း အဆိုပါ ရေယာဉ်နစ်မြုပ်မှုမှ ကယ်ဆယ်ထားသည့် ပြည်သူများအတွက် အလှူငွေကျပ်သိန်း ၃၀၀ နှင့် ခေါင်းစွပ်ပါ အနွေးထည် ၃၀၀ ကို သွားရောက်လှူဒါန်းခဲ့ပြီးဖြစ်သည်။ **(ဝ၁၀)**

# ဆင်မ မိုမိုရဲ့ (၆၃)နှစ်ပြည့်မွေးနေ့ပွဲ ရန်ကုန်တိရစ္ဆာန်ဥယျာဉ်၌ ဆင်ကာနွှဲ





**ရန်ကုန် အောက်တိုဘာ ၂၃**

နှစ်ပေါင်းရာကျော်သက်တမ်းရှိ သမိုင်းဝင် ရန်ကုန်တိရစ္ဆာန်ဥယျာဉ်ကြီးထဲမှာ ဆင်မ မိုမိုရဲ့ မွေးနေ့ပွဲဆင်နွှဲရန် ရောက်ရှိနေသည့် ကလေး၊ လူကြီး အရွယ်စုံများပြားလှသည့် ပရိသတ်များနှင့် မြူးကြွစေသည့် တေးသံများက သက်ဝင်လှုပ်ရှားနေပါတယ်။

"မိုမိုက ပြည်သူ့အချစ်တော်လေ။ ဒီနေ့ သူ့မွေးနေ့ဆိုတော့ သူ့ကိုချစ်တဲ့ ပရိသတ်တွေက လာကြတာ ခါတိုင်းထက်ပိုစည်တယ်။ အားလုံးလာလို့ရအောင်လည်း အလုပ်ပိတ်ရက်လည်းဖြစ် တနင်္ဂနွေနေ့ဖြစ်တဲ့ အောက်တိုဘာ ၂၃ ရက်ကို ရွေးပြီးကျင်းပတာပါ"လို့ ရန်ကုန်တိရစ္ဆာန်ဥယျာဉ် အုပ်ချုပ်ရေးမှူး ဦးထွန်းဝင်းအောင်က ပြောပါတယ်။

မိုမိုနဲ့ ရန်ကုန်တိရစ္ဆာန်ဥယျာဉ်ဟာ ခွဲခြားလို့မရတဲ့အရာတစ်ခုပါ။ မိုမိုရေလို့ ကလေးငယ်လေးများ ခေါ်လေတိုင်း မဆိုင်းမတွ"ဝူး"လို့ ပြန်ထူးတတ်တဲ့၊ အမြဲတမ်းတက်ကြွနေတတ်တဲ့၊ ချစ်စဖွယ် ဟန်အမူအရာရှိတဲ့ မိုမိုဟာ ပြည်သူတွေရဲ့ အချစ်တော်လေးဖြစ်ခဲ့ပါတယ်။

ကယားပြည်နယ် လွိုင်ကော်မြို့ကနေ ၁၉၆၁ ခုနှစ်မှာ ရန်ကုန်တိရစ္ဆာန်ဥယျာဉ်ကို ရောက်ရှိလာတဲ့ အသက် (၇)နှစ်အရွယ် ဆင်မလေး မိုမိုဟာ အခုဆို အသက်အရွယ်ကြီးရင့်ပြီဖြစ်တဲ့ ဆင်မကြီးမိုမိုဖြစ်နေပါပြီ။

မိခင်နဲ့ကွဲပြီး တောထဲမှာ မျက်စိလည်လမ်းမှားခဲ့တဲ့ ဆင်မလေးကို ရန်ကုန်တိရစ္ဆာန်ဥယျာဉ်ကြီးထဲရောက်မှ နာမည်မရှိတဲ့ ဆင်မလေးအတွက် တောခေါင်းကြီးရဲ့ဇနီး ကရင်မလေး နော်မိုးမိုရဲ့ အမည်ကိုယူပြီး "မိုမို" လို့ သူမရဲ့ ပထမဆုံးသခင် ဦးခွန်စန္ဒက အမည်ပေးခဲ့တာပါ။

ဆင်မ မိုမိုဟာ ၁၉၉၂ ခုနှစ်မှာ ကျင်းပတဲ့ မြင်းခင်းသဘင်ပွဲတော်၊ လှေသဘင်ပွဲတော်၊ တရုတ်ပြည်မှ စွယ်တော်ပင့်ဆောင်ရာမှာလည်း နှစ်ကြိမ်တိုင်တိုင်ပါဝင်ခဲ့ပါတယ်။ ရွှေတိဂုံဘုရား မြောက်ဘက်စောင်းတန်းတော်ကြီးဖွင့်ပွဲ စတဲ့နိုင်ငံတော်နဲ့သက်ဆိုင်တဲ့ပွဲတွေမှာလည်း ဝန်ထမ်းများနဲ့အတူ တာဝန်ကို ကျေပွန်စွာထမ်းဆောင်ခဲ့တဲ့ ဆင်မလေးပါ။ မိုမိုနဲ့အတူ ဥယျာဉ်ကြီးထဲမှာ စားဖော်စားဖက်၊ လမ်းလျှောက်ဖက်၊ ကပြဖက်တွေဖြစ်တဲ့ ဆင်ထီးအောင်တိုး၊ ဆင်မ မရမ်းကော့၊ မိုးမိတ်နဲ့ မတိုး စတဲ့ အချစ်ဆုံးသူငယ်ချင်းဆင်များကတော့ မရှိကြတော့ပါဘူး။ သူမကိုထိန်းတဲ့ ဆင်ဦးစီးတွေလည်း တစ်ယောက်ပြီး တစ်ယောက်ပြောင်းသွားခဲ့ပေမယ့် သူမကတော့ မပြောင်းလဲဘဲ ရှိနေဆဲပါ။

"ကျွန်တော့်အဖေကလည်း သူ့ရဲ့ ဆင်ဦးစီးဖြစ်ခဲ့ပါတယ်။ အခုကျွန်တော်က လက်ရှိ သူ့ကိုထိန်းနေတာပါ "လို့ ဆင်ဦးစီး ဦးမောင်မောင်က ပြောပါတယ်။

"ဆင်မ မိုမိုဟာ လူသားကလေးငယ်တစ်ဦးကဲ့သို့ အသိဉာဏ်ရှိပြီး ဆူပူကြိမ်းမောင်းပါက ကြမ်းပြင်ကို နှာမောင်းနဲ့တဘုန်းဘုန်းရိုက်ပြီး မိုမိုရေလို့ ခေါ်သည့်အခါ ပြန်မထူးဘဲ စိတ်ကောက်တတ်တယ်"လို့ မိုမိုရဲ့ စိတ်နေစိတ်ထားကို ထိန်းကျောင်းနေဆဲဖြစ်တဲ့ ဆင်ဦးစီး ဦးမောင်မောင်က ဆက်ပြောပြပါတယ်။

"၁၉၉၆ ခုနှစ် အစာအိမ်ဝေဒနာခံစားပြီးချိန်မှစလို့ ရောဂါပြင်းပြင်းထန်ထန် ခံစားရခြင်းမရှိတော့ပေမယ့် အသက်အရွယ်ကြီးရင့်လာပြီဖြစ်တဲ့ မိုမိုဟာ တိရစ္ဆာန်ဥယျာဉ်ထဲမှာရှိတဲ့ ဆရာဝန်တွေရဲ့ ဆေးကုသမှုတွေကို စနစ်တကျခံယူနေပါတယ်"လို့ ရန်ကုန်တိရစ္ဆာန်ဥယျာဉ် တိရစ္ဆာန်ဆေးကုဌာန ဌာနမှူး ဒေါက်တာထွန်းမြင့်က ပြောပါတယ်။

ရန်ကုန်တိရစ္ဆာန်ဥယျာဉ်ကြီးထဲမှာ တာဝန်ကျေပွန်စွာ ထမ်းဆောင်ခဲ့တဲ့ ဆင်မကြီးမိုမိုရဲ့ (၆၃)နှစ်ပြည့် မွေးနေ့ကို လူသားတစ်ဦးအသွင် ရန်ကုန်တိရစ္ဆာန်ဥယျာဉ်တာဝန်ရှိသူများနှင့် ဝန်ထမ်းများက ကျင်းပပေးခဲ့တာ အခုဆိုရင် သုံးကြိမ်မြောက်ရှိပြီဖြစ်ပါတယ်။

ယခုနှစ်မှာလည်း မနက်ပိုင်းကစလို့ သံဃာတော်များကို ဆွမ်းကပ်အမျှဝေပြီး မနက် ၁၀ နာရီ ဝန်းကျင်မှာ လာရောက်ကြတဲ့ ဧည့်ပရိသတ်များနှင့်အတူ မွေးနေ့ကိတ်ခွဲခြင်း(ဆင်တို့အစာ အသီးအနှံများကို ကိတ်မုန့်သဏ္ဌာန်ပြုလုပ်ထားခြင်းသာဖြစ်ပါတယ်)နဲ့အတူ စာကလေး ၆၃ ကောင်ကို လွှတ်ပေးခဲ့ပြီး မိုမိုအသက်ရှည်ရှည်နေရဖို့ မိုမိုကိုချစ်သော ပရိသတ်များက ဆုတောင်းပေးခဲ့ကြပါတယ်။ ဒ့ါအပြင် ဆန်းပြားသော မျက်လှည့်ပြကွက်များ၊ ချစ်စရာကလေးငယ်များ၏ သီဆိုဖျော်ဖြေမှု၊ တိရစ္ဆာန်လေးများ၏ ဖျော်ဖြေမှုများနဲ့ အလှမွေးငါး လုပ်ငန်းရှင်အသင်းမှ ပြသထားတဲ့ ငါးပြခန်းများကလည်း ဆင်မ မိုမိုရဲ့ မွေးနေ့ကို အားဖြည့်ထားပြန်ပါတယ်။

ရန်ကုန်တိရစ္ဆာန်ဥယျာဉ်ကြီးထဲမှာ သက်တမ်းရှည်ကြာစွာ တာဝန်ကျေပွန်စွာထမ်းဆောင်ခဲ့တဲ့ မိုမို၊ သွက်လက်တဲ့ ဟန်ပန်အမူအရာတွေကို ဇရာရဲ့အနိုင်ယူမှုက လွှမ်းမိုးမှုကြောင့် အနည်းငယ်လှုပ်ရှားမှု နှေးကွေးနေပေမယ့် သူမရဲ့ (၆၃)နှစ်ပြည့်မွေးနေ့မှာ မိုမိုကို ချစ်သော၊ မိုမိုက ချစ်သော ပရိသတ်များကို သူမရဲ့ ကြီးမားလှတဲ့ ကိုယ်ခန္ဓာကြီးကို လှုပ်နိုင်သမျှ အားယူလှုပ်ခါရင်း မိုမိုကတော့ ယခုတိုင်အောင် ဖျော်ဖြေချင်နေဆဲပါ။

"မိုမိုက အသက်ကကြီးလာပြီဆိုတော့ သူ့ကို အနားပေးချင်တယ်လေ။ ဒါကြောင့် မွေးနေ့မှာ ပင်ပန်းစေမယ့်အလုပ်မျိုးတွေ မခိုင်းတော့တာပါ။ မွေးနေ့ သီချင်းလောက်နဲ့ပဲ ကစေခဲ့တာပါ"လို့ အုပ်ချုပ်ရေးမှူး ဦးထွန်းဝင်းအောင်က ပြောပါတယ်။

"ဆင်တွေရဲ့ သက်တမ်းက ၇၀/၈၀ တမ်းဆိုတော့ (၆၃)နှစ်ဆိုတာ အသက်ကြီးပြီလို့ ဆိုနိုင်ပါတယ်။ ကျွန်တော်ကတော့ မိုမိုကို သက်တမ်းစေ့ ကျန်းမာစွာနေရပါစေလို့ မွေးနေ့မှာ ဆုတောင်းပေးလိုက်ပါတယ်" လို့ ရန်ကုန်တိရစ္ဆာန်ဥယျာဉ် ထိန်းသိမ်းရေးမန်နေဂျာ ဦးအေးလှိုင်က ပြောပါတယ်။

တစ်ခါက မြန်မာ့အသံရေဒီယိုကနေ တနင်္ဂနွေနေ့များမှာ ထုတ်လွှင့်နေကျ "မိသားစုတနင်္ဂနွေ" သီချင်းစာသားကနေ လူသိပိုများလာခဲ့တဲ့အပြင် အတတ်ပညာမျိုးစုံနဲ့ သရုပ်ပြ ကပြနိုင်စွမ်းရှိတဲ့ ဆင်မလေးမိုမို၊ အခု အသက်(၆၃)နှစ်အရွယ် ဆင်မကြီးမိုမိုကို နောက်လာမယ့် မွေးနေ့တွေကိုလည်း ပျော်ပျော်ပါးပါး ဆင်နွှဲနိုင်ပါစေလို့ အမြဲဆုတောင်းပေးနေရင်းဖြင့် မိုမိုရေ----ဟတ်ပီး ဘတ်ဒေးပါ။

**သီသီမင်း၊ ဓာတ်ပုံ-ခင်မောင်ဝင်း(ကြေးမုံ)**

## သတင်းအချက်အလက်များ သိရှိလိုပါက မေးမြန်းနိုင်ပါသည်

**နေပြည်တော် အောက်တိုဘာ ၂၃**

ပြန်ကြားရေးဝန်ကြီးဌာနက အများပြည်သူသို့ မှန်ကန်သော သတင်းအချက်အလက်များ ရရှိနိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိရာ လတ်တလောဖြစ်စဉ်များ၊ သတင်းများနှင့်စပ်လျဉ်း၍ မေးမြန်းအတည်ပြုလိုပါက အောက်ပါတယ်လီဖုန်းနံပါတ်များနှင့် e.mail လိပ်စာတို့သို့ ဆက်သွယ်နိုင်ကြောင်း အသိပေးအပ်ပါသည်-

တယ်လီဖုန်း- ၀၆၇-၄၁၂၀၀၂၊ ၀၆၇-၄၁၂၁၁၉
၀၉၅၀၃၄၅၀၈၊ ၀၉၈၃၀၆၃၅၈

Email- myintkyaw103@gmail.com

**ပြန်ကြားရေးဝန်ကြီးဌာန**

# ဟေတီ၌ အကျဉ်းထောင်ဖောက်ထွက်ပြေးမှုဖြစ်ပွား၊ လွတ်မြောက်သွားသော အကျဉ်းသားများကို ရှာဖွေ



**ပေါ့တူပရင့်စ် အောက်တိုဘာ ၂၃**

ဟေတီနိုင်ငံ၌ အောက်တိုဘာ ၂၂ ရက်က အကျဉ်းထောင်တစ်ခုမှ အကျဉ်းသားအများအပြားသည် ထောင်ဖောက်ကာ ထွက်ပြေးလွတ်မြောက်သွားခဲ့ကြကြောင်း ဒေသဆိုင်ရာသတင်းဌာနများက အောက်တိုဘာ ၂၃ ရက်တွင် သတင်းထုတ်ပြန်သည်။

ဟေတီနိုင်ငံ မြောက်ပိုင်းရှိ အာကိုင်ဟီ အမည်ရှိ အကျဉ်းထောင်၌ ထောင်ဖောက်မှုဖြစ်ပွားခဲ့ကြောင်း၊ အကျဉ်းသားများသည် အစောင့်တစ်ဦးကို သေနတ်ဖြင့်ပစ်သတ်ခဲ့ပြီး ရိုင်ဖယ်သေနတ်ငါးလက်ထက်မနည်း ခိုးယူသွားခဲ့ကြကြောင်း အာဏာပိုင်များက ပြောကြားသည်။

အခင်းဖြစ်ပွားပြီးနောက် ထွက်ပြေးလွတ်မြောက်သွားသော အကျဉ်းသားများကို ကုလသမဂ္ဂငြိမ်းချမ်းရေးထိန်းသိမ်းမှုတပ်ဖွဲ့ဝင်များအကူအညီဖြင့် လိုက်လံရှာဖွေလျက်ရှိကြောင်း၊ အကျဉ်းထောင်သို့ဦးတည်သော လမ်းများတွင် ရဲတပ်ဖွဲ့၏ စစ်ဆေးရေးဂိတ်များဖွင့်လှစ်၍ အသိအမှတ်ပြုကတ်ပြား မပါသူများကိုထိန်းသိမ်းကာ စစ်ဆေးလျက်ရှိကြောင်း တာဝန်ရှိသူများက ပြောကြားကြသည်။

စုစုပေါင်း ၁၇၄ ဦး ထွက်ပြေးလွတ်မြောက်သွားပြီး ထောင်ဖောက်ကာ ထွက်ပြေးသွားကြသော အကျဉ်းသားများမှာ ထောင်ဝတ်စုံဝတ်ဆင်ထားခြင်း မရှိသဖြင့် အရပ်သူ၊ အရပ်သားများနှင့် ရောနှောကာ ပုန်းလျှိုးနေနိုင်ကြောင်း၊ အကျဉ်းထောင်အတွင်း ရေချိုးချိန်တွင် ထောင်ဖောက်မှုဖြစ်ပွားခဲ့ပြီး အခင်းဖြစ်ပွားချိန်တွင် အကျဉ်းသား ၁၁ ဦးကို ဖမ်းဆီးရမိခဲ့ကြောင်း၊ လွတ်မြောက်သွားသော အကျဉ်းသားများသည် ရိုင်ဖယ်သေနတ်ငါးလက်ထက်မနည်း ယူဆောင်သွားခဲ့ကြပြီး အစောင့်တစ်ဦးကို ပစ်သတ်ခဲ့ကြကြောင်း ဟေတီ တရားရေးဝန်ကြီး ကာမီးအီဒူရတ်က ပြောကြားသည်။

**ရိုက်တာ။**

# ဆီးရီးယားမြောက်ပိုင်းဒေသတွင်းသို့ တူရကီသံချပ်ကာယာဉ်များဝင်ရောက်

**ဒမတ်စကတ် အောက်တိုဘာ ၂၃**

တူရကီတပ်မတော်မှ သံချပ်ကာယာဉ် အစီး ၂၀ သည် ဆီးရီးယားနိုင်ငံ မြောက်ပိုင်းဒေသတွင်းသို့ အောက်တိုဘာ ၂၂ ရက်တွင် ဝင်ရောက်ခဲ့ကြောင်း၊ တူရကီတပ်ဖွဲ့သည် ကာ့ဒ်တိုက်ခိုက်ရေးသမားများထံမှ မြို့ငယ်တစ်မြို့ကို ပြန်လည်သိမ်းယူနိုင်ရေး အတွက် ကြိုးပမ်းနေကြသော သူပုန်အဖွဲ့ကို အထောက်အကူပေးမည်ဖြစ်ကြောင်း ဒေသဆိုင်ရာသတင်းဌာနများက အောက်တိုဘာ ၂၃ ရက်တွင် သတင်းထုတ်ပြန်သည်။

တူရကီတပ်ဖွဲ့ နယ်စပ်ဖြတ်ကျော်ဝင်ရောက်မှုကို ဆီးရီးယားအစိုးရအဖွဲ့က ပြစ်တင်ရှုတ်ချခဲ့ပြီး ခြိမ်းခြောက်မှုများ ပြုလုပ်ခဲ့သည်။

တူရကီ သံချပ်ကာယာဉ်များသည် ဆီးရီးယားနိုင်ငံမြောက်ပိုင်း အလက်ပိုမြို့၏ ဆင်ခြေဖုံးအရပ်သို့ဦးတည်ကာ ဝင်ရောက်ခဲ့ကြသည်။ တူရကီနိုင်ငံက ထောက်ခံအားပေးသည့် လွတ်လပ်သော ဆီးရီးယားတပ်ဖွဲ့ အမည်ရှိ သူပုန်အဖွဲ့က တယ်လ်ရီဖတ်မြို့ကို ပြန်လည်သိမ်းယူရန် ကြိုးပမ်းရေးတွင် အကူအညီပေးမည်ဖြစ်သည်။ အဆိုပါမြို့သည် တူရကီနယ်စပ်မှ မဝေးသောအရပ်တွင် တည်ရှိသည်။



ကာ့ဒ်ဦးဆောင်သော ဆီးရီးယားဒီမိုကရက်တစ်တပ်ဖွဲ့သည် အစ္စလာမ့်စ်နိုင်ငံတော်(အိုင်အက်စ်)အုပ်စု သိမ်းပိုက်ထားသော ယင်းမြို့ကို ပြန်လည်သိမ်းယူခဲ့ခြင်းဖြစ်ကြောင်း အယ်လ်မာယာဒင် ရုပ်မြင်သံကြားဌာနက သတင်းထုတ်ပြန်သည်။

တူရကီထောက်ခံသော သူပုန်များနှင့် ကာ့ဒ်ဦးဆောင်သော သူပုန်များအကြား တိုက်ခိုက်လျက်ရှိကြပြီး တူရကီသံချပ်ကာကားများ စိမ့်ဝင်ထိုးဖောက်လာမှုကို ဆီးရီးယားစစ်ဌာနချုပ်က ပြစ်တင်ရှုတ်ချကြောင်း ကြေညာချက်တစ်ရပ် ထုတ်ပြန်ခဲ့သည်။ **ဆင်ဟွာ။**

# အိန္ဒိယကလေးငယ် ကျွမ်းဘားမယ်တစ်ဦး ဂင်းနစ်စံချိန်တင်

**နယူးဒေလီ အောက်တိုဘာ ၂၃**

အသက်ရှစ်နှစ်အရွယ် အိန္ဒိယကလေးငယ်တစ်ဦးသည် တစ်နာရီအတွင်း မရပ်မနားဘဲ အကြိမ်ပေါင်းထောင်ကျော် ရှေ့ကျွမ်းထိုးပြနိုင်သည့်အတွက် ကမ္ဘာ့ဂင်းနစ်မှတ်တမ်း စံချိန်သစ်ချိုးနိုင်ခဲ့ကြောင်း သတင်းများအရသိရသည်။

အောက်တိုဘာ ၂၂ ရက်က ဒီခ်ရှာ ဂီရစ်ချ်အမည်ရှိ အဆိုပါကလေးသည် ဘန်ဂါလုရုမြို့ရှိ အားကစားရုံတစ်ခုတွင် ကျွမ်းဘားလေ့ကျင့်ခဲ့သည်။ ဂီရစ်ချ်က မရပ်မနားဘဲ ၄ ဒသမ ၅ ကီလိုမီတာ အကွာအဝေးသို့ ကျွမ်းထိုးပြနိုင်ခဲ့သည်။ ကျွမ်းထိုးဘားစင်ပေါ်တွင် ကျွမ်းအပတ်ပေါင်း ၂၇၈၇ ကြိမ်ရေ ထိုးပြနိုင်ခဲ့သည်။ ယင်းအကြိမ်အရေအတွက်သည် ၂၀၀၇ ခုနှစ်က အသက်၅၀ အရွယ် အမေရိကန် အမျိုးသားတစ်ဦး ဂင်းနစ်စံချိန်ချိုးခဲ့သည့် ၁၃၃၀ အကြိမ်အရေအတွက်၏ နှစ်ဆကျော်ဖြစ်သည်။

ဂီရစ်ချ်သည် ၁၈ လတိုင်တိုင် ကျွမ်းဘားနည်းပြတစ်ဦးထံ ပညာဆည်းပူးခဲ့ကြောင်း ၎င်းကဆိုသည်။ ယခုကဲ့သို့ ဂင်းနစ်စံချိန် တင်သွားခဲ့သည့်အတွက် အလွန်ပင် ဝမ်းသာပီတိဖြစ်ရကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

**အင်န်အိတ်ချ်ကေ။**



# ဆိုမာလီ၌ ငါးနှစ်နီးပါးဓားစာခံဖြစ်ခဲ့ရသော အာရှသင်္ဘောသား ၂၆ ဦး ပြန်လည်လွတ်မြောက်



**မိုဂါဒစ်ရှူး အောက်တိုဘာ ၂၃**

ဆိုမာလီနိုင်ငံရှိ တံငါရွာလေးတစ်ရွာ၌ ငါးနှစ်နီးပါးမျှ ဓားစာခံအဖြစ် အဖမ်းခံခဲ့ကြရသော အာရှတိုက်သား သင်္ဘောသား ၂၆ ဦးကို ပင်လယ်ဓားပြများက ပြန်လည်လွှတ်ပေးလိုက်ပြီဖြစ်ကြောင်း နိုင်ငံတကာစေ့စပ်ညှိနှိုင်းရေးမှူးများက အောက်တိုဘာ ၂၃ ရက်တွင် ပြောကြားကြသည်။

ပြန်လည်လွတ်မြောက်လာသူများမှာ အက်ဖ်ဗွီနာဟမ်-၃ အမည်ရှိ သင်္ဘောမှဖြစ်ကြပြီး ယင်းသင်္ဘောကို ပင်လယ်ဓားပြများက ၂၀၁၂ ခုနှစ် မတ်လတွင် ဆေးရှဲလ်နိုင်ငံတောင်ပိုင်း ကမ်းလွန်၌ ပြန်ပေးဆွဲခဲ့ခြင်းဖြစ်သည်။

ဓားစာခံအဖမ်းခံရသူများမှာ အရှေ့အာရှဒေသရှိ နိုင်ငံအများအပြားမှ ဖြစ်ကြသည်။

ပြန်လည်လွတ်မြောက်လာသူများမှာ ဆိုမာလီ ပင်လယ်ဓားပြများက ၂၀၀၀ ပြည့်လွန် ဆယ်စုနှစ်နှစ်လယ်ပိုင်းက ပြန်ပေးဆွဲခဲ့သော ဓားစာခံများအနက် နောက်ဆုံးလက်ကျန်ဓားစာခံများဟု ယူဆရသည်။ ပြန်ပေးရွေးငွေပေးခဲ့ရခြင်း ရှိ/မရှိ မသိရပေ။

ဆိုမာလီနိုင်ငံ ကမ်းလွန်ပင်လယ်တွင် ပင်လယ်ဓားပြတိုက်မှုဖြစ်စဉ်များ မကြာသေးမီနှစ်များမှစ၍ သိသိသာသာ လျော့ကျသွားခဲ့သည်။ ပြန်လည်လွတ်မြောက်လာသူ သင်္ဘောသားများမှာ ကမ္ဘောဒီးယား၊ တရုတ်၊ တရုတ်တိုင်ပေ၊ အင်ဒိုနီးရှား၊ ဖိလစ်ပိုင်နှင့် ဗီယက်နမ်နိုင်ငံတို့မှ ဖြစ်ကြကြောင်း ဓားစာခံများ အကူအညီပေးရေး မိတ်ဖက်အဖွဲ့မှ ဂျွန်စတီးက ပြောကြားသည်။


**ဗီတီအိုင်။**

# နိုင်ငံတကာမြင်ကွင်း

အမေရိကန်သမ္မတရွေးကောက်ပွဲကို နိုဝင်ဘာ ၈ ရက်မှာ ကျင်းပမှာဖြစ်လို့ ရက်ပိုင်းလောက်ပဲလိုတော့တာပါ။ အမေရိကန်နိုင်ငံရဲ့ မူဝါဒအပြောင်းအလဲဟာ ကမ္ဘာကြီးတစ်ခုလုံးကို ရိုက်ခတ်နိုင်တာမို့လို့ အမေရိကန်သမ္မတရွေးကောက်ပွဲကို တစ်ကမ္ဘာလုံးက စိတ်ဝင်တစားစောင့်ကြည့်ကြပါတယ်။ ဒီနှစ် အမေရိကန်သမ္မတရွေးကောက်ပွဲမှာ ရီပတ်ဘလီကန်ပါတီရဲ့ သမ္မတလောင်း ဒေါ်နယ်ထရန့်ဟာ သကြံ်န်အမြောက်ဖောက်ပြီး တယူသန်ဆန်ဆန်ပြောချင်ရာပြောနေတော့ ကမ္ဘာ့ပြည်သူအများစုက ဒေါ်နယ်ထရန့်သာ အနိုင်ရခဲ့ရင် ခက်ရချည်ရဲ့ဆိုပြီး ရင်တထိတ်ထိတ်စောင့်ကြည့်နေကြတာပါ။ ဒါပေမယ့်လည်း အခုနောက်ဆုံးကောက်ခံထားတဲ့ လူထုစစ်တမ်းတွေအရ ဟီလာရီကလင်တန်က လူထုထောက်ခံမှု ၄၇ ရာခိုင်နှုန်းရထားပြီး ဒေါ်နယ်ထရန့်က လူထုထောက်ခံမှု ၄၃ ရာခိုင်နှုန်းပဲရှိပါတယ်။

သန်း ၃၀၀ ကျော်ရှိတဲ့ အမေရိကန်ပြည်သူတွေရဲ့ စိတ်ဆန္ဒသဘောထားကို တိုင်းတာဖို့ဆိုတာ လွယ်တဲ့ကိစ္စတော့ မဟုတ်ပါဘူး။ စနစ်တကျတွက်ချက်လေ့လာထားတဲ့ နည်းတွေကို အခြေခံပြီး အမေရိကန်ပြည်သူတွေကို ကိုယ်စားပြုနိုင်တဲ့ လူ ၁၀၀၀ ဝန်းကျင်ကို သဘောထားကောက်ခံပြီး ဒီလူထုစစ်တမ်းတွေကို ကောက်ယူကြတာပါ။ ဘာပဲပြောပြော ဒီလူထုစစ်တမ်းတွေက ပကတိအခြေအနေကို ထင်ဟပ်လေ့ရှိပါတယ်။ လူထုကောက်ခံမှုရာခိုင်နှုန်းကို ကြည့်လိုက်ရင် ဟီလာရီကလင်တန်နဲ့ ဒေါ်နယ်ထရန့်က သိပ်မကွာလှပေမယ့် သမ္မတဖြစ်နိုင်တဲ့ ရာခိုင်နှုန်းကို ကြည့်လိုက်ရင်တော့ ဟီလာရီကလင်တန်နဲ့ ဒေါ်နယ်ထရန့်ကြား မိုးနဲ့မြေလိုကွာခြားနေတာကို တွေ့ရမှာပါ။ လူထုစစ်တမ်းရလဒ်အမျိုးမျိုးကို အခြေခံပြီး The New York Times သတင်းစာရဲ့ တွက်ချက်မှုအရ အောက်တိုဘာ ၂၀ ရက်မှာ ဟီလာရီကလင်တန်က သမ္မတဖြစ်နိုင်ခြေ ၉၂ ရာခိုင်နှုန်းရှိပြီး ဒေါ်နယ်ထရန့်က သမ္မတဖြစ်နိုင်ခြေ ရှစ်ရာခိုင်နှုန်းပဲရှိပါတယ်။

လူထုထောက်ခံမှုနှုန်းက ဟီလာရီကလင်တန်နဲ့ ဒေါ်နယ်ထရန့်ကြား ဒီလောက်မကွာဘဲ သမ္မတဖြစ်နိုင်ခြေကျတော့ မိုးနဲ့မြေလို ဘာလို့ကွာဟသွားရသလဲလို့ မေးစရာရှိပါတယ်။ ဒီအချက်က အမေရိကန်သမ္မတရွေးကောက်ပွဲစနစ်နဲ့ သက်ဆိုင်နေပါတယ်။ အမေရိကန်သမ္မတကို အမေရိကန်ပြည်သူတွေက တိုက်ရိုက်ဆန္ဒမဲပေးရွေးချယ်တာဖြစ်ပေမယ့် လုပ်ထုံးလုပ်နည်းအရ အမေရိကန်သမ္မတကို သမ္မတရွေးချယ်ရေးအဖွဲ့ (Electoral College) က ရွေးချယ်တာပါ။ အခုသမ္မတရွေးချယ်ရေးအဖွဲ့ ဘယ်လိုအလုပ်လုပ်တယ်ဆိုတာကို ကြည့်ရအောင်ပါ။ အမေရိကန်နိုင်ငံမှာ ပြည်နယ် ၅၀ ရှိပြီး ပြည်နယ်တွေရဲ့ လူဦးရေဟာ တစ်ပြည်နယ်နဲ့ တစ်ပြည်နယ်ကွာဟမှုကြီးမားပါတယ်။ ပြည်နယ်တစ်ခုချင်းစီရဲ့ကိုယ်စားပြု အောက်လွှတ်တော်အမတ်ဦးရေဟာ လူဦးရေအပေါ်အခြေခံတွက်တာမို့လို့ လူဦးရေများတဲ့ပြည်နယ်ဟာ လူဦးရေနည်းတဲ့ ပြည်နယ်ထက် ကိုယ်စားပြု အောက်လွှတ်တော်အမတ်ဦးရေပိုများပါတယ်။ ပြည်နယ်ကိုယ်စားပြုအထက်လွှတ်တော်အမတ်ဦးရေကတော့ ပြည်နယ်လူဦးရေများများနည်းနည်း ပြည်နယ်တစ်ပြည်နယ်ကို ကိုယ်စားပြုအထက်လွှတ်တော်အမတ်နှစ်ဦးစီပဲ သတ်မှတ်ထားတော့ ပြည်နယ်တိုင်းမှာ အထက်လွှတ်တော်အမတ် တန်းတူနှစ်ဦးစီပဲရှိတာပါ။ ပြည်နယ် တစ်ပြည်နယ်ချင်းစီရဲ့ သမ္မတရွေးချယ်ရေးအဖွဲ့ ဆန္ဒမဲအရေအတွက်ဟာ ဒီပြည်နယ်ရဲ့အောက်လွှတ်တော်အမတ်ဦးရေနဲ့ အထက်လွှတ်တော် အမတ်ဦးရေ နှစ်ခုပေါင်းရဲ့ ရလဒ်နဲ့အတူတူပါပဲ။ ဒါကြောင့် လူဦးရေများတဲ့ ပြည်နယ်တွေဟာ သမ္မတရွေးချယ်ရေးအဖွဲ့ ဆန္ဒမဲအရေအတွက် ပိုများပြီး လူဦးရေနည်းတဲ့ပြည်နယ်တွေကတော့ သမ္မတရွေးချယ်ရေးအဖွဲ့ ဆန္ဒမဲအရေအတွက်ပိုနည်းပါတယ်။ အမေရိကန်နိုင်ငံရဲ့ လူဦးရေအများဆုံး ပြည်နယ်ဖြစ်တဲ့ကယ်လီဖိုးနီးယားပြည်နယ်ရဲ့ သမ္မတရွေးချယ်ရေးအဖွဲ့ ဆန္ဒမဲအရေအတွက်ဟာ ၅၅ မဲရှိပြီး သမ္မတရွေးချယ်ရေးအဖွဲ့ဆန္ဒမဲ သုံးမဲပဲရှိတဲ့ ပြည်နယ်ငယ်မျိုးလည်းရှိပါတယ်။





အရေးကြီးတဲ့အချက်က လူထုရဲ့တိုက်ရိုက်ဆန္ဒမဲနဲ့ သမ္မတရွေးချယ်ရေးအဖွဲ့ရဲ့ဆန္ဒမဲကို ဘယ်လိုချိတ်ဆက်ထားသလဲဆိုတဲ့အချက်ပါ။ မိန်း (Maine)နဲ့ နီဘရာစကား (Nabraska)ပြည်နယ်နှစ်ခုကလွဲရင် ကျန်ပြည်နယ်အားလုံးမှာ ပြည်နယ်ရဲ့ လူထုတိုက်ရိုက်ဆန္ဒမဲအရေအတွက်မှာ အသာရတဲ့ သမ္မတလောင်းဟာ အဲဒီပြည်နယ်ရဲ့ သမ္မတရွေးချယ်ရေးအဖွဲ့ ဆန္ဒမဲအားလုံးကိုရပါတယ်။ ဥပမာပြောရရင် ကယ်လီဖိုးနီးယားပြည်နယ်ရဲ့ လူထုတိုက်ရိုက်ဆန္ဒမဲအရေအတွက်မှာ အသာရတဲ့သမ္မတလောင်းဟာ ကယ်လီဖိုးနီးယားပြည်နယ်ရဲ့ သမ္မတရွေးချယ်ရေးအဖွဲ့ဆန္ဒမဲ ၅၃၈ မဲစလုံးကို ရပါတယ်။ အမေရိကန်တစ်နိုင်ငံလုံးအတွက် သမ္မတရွေးချယ်ရေးအဖွဲ့ ဆန္ဒမဲက ၅၃၈ မဲရှိတဲ့အတွက် သမ္မတရွေးချယ်ရေးအဖွဲ့ဆန္ဒမဲ ၂၇၀ မဲရတဲ့သမ္မတလောင်းက သမ္မတအဖြစ်အရွေးခံရမှာပါ။ ဒါကြောင့် ယေဘုယျသဘောပြောရရင် လူဦးရေအရေအတွက်များတဲ့ ပြည်နယ်တွေမှာ အနိုင်ရတဲ့ သမ္မတလောင်းဟာ သမ္မတဖြစ်နိုင်ခြေပိုများပါတယ်။ ဒါပေမယ့် အမေရိကန်နိုင်ငံမှာ ရွေးကောက်ပွဲအစဉ်အဆက် ဒီပြည်နယ်ကတော့ ဒီမိုကရက်တစ်ပါတီကိုယ်စားပြု သမ္မတလောင်းတို့ပဲ ဆန္ဒမဲပေးတယ်။ ဒီပြည်နယ်ကတော့ ရီပတ်ဘလီကန်ပါတီကိုယ်စားပြု သမ္မတလောင်းကိုပဲ ဆန္ဒမဲပေးတယ်ဆိုတာမျိုးရှိပါတယ်။ ဒီနေရာမှာ အရေးကြီးတာက တချို့ပြည်နယ်တွေကို အရင့်အရင် ရွေးကောက်ပွဲအစဉ်အဆက်ကို ကြည့်ပြီး ဒီမိုကရက်တစ်ပါတီကိုယ်စားပြု သမ္မတလောင်းကိုပဲ ပေးမလား။ ရီပတ်ဘလီကန်ပါတီကိုယ်စားပြုသမ္မတလောင်းကိုပဲ ပေးမလားဆိုတာကို ကြိုတင်ခန့်မှန်းလို့ မရပါဘူး။ ဒီလိုကြိုတင်ခန့်မှန်းလို့ မရနိုင်တဲ့ ပြည်နယ်တွေရဲ့ ရွေးကောက်ပွဲရလဒ်ဟာ ဘယ်ပါတီကိုယ်စားပြုသမ္မတလောင်းက သမ္မတအဖြစ် အရွေးချယ်ခံရမလဲဆိုတာကို အဆုံးအဖြတ်ပေးနိုင်ပါတယ်။ ဒီနှစ်သမ္မတရွေးကောက်ပွဲမှာ အဆုံးအဖြတ်ပေးနိုင်တဲ့ ပြည်နယ်က ၁၃ ပြည်နယ်ရှိပါတယ်။

ဒီပြည်နယ်တွေကတော့ အရီဇိုးနား (Arizona-AZ)၊ ကိုလိုရာဒို (Colorado-CO)၊ ဖလော်ရီဒါ(Florida-FL)၊ ဂျော်ဂျီယာ(Georgia-GA)၊ အိုင်အိုဝါ(Iowa-IA)၊ မစ်ချီဂန်(Michigan-MI)၊ နီဗားဒါး(Nevada-NV)၊ နယူးဟမ့်ရှိုင်းယား (New Hampshine-NH)၊ မြောက်ကယ်ရိုလိုင်းနား (North Carolina-NC)၊ အိုဟိုင်းအိုး(Ohio-OH)၊ ပင်ဆယ်လ်ဗေးနီးယား (Pennsylvania-PA)၊ ဗာဂျီးနီးယား (Virginia-VA)နဲ့ ဝစ်ကွန်ဆင် (Wisconsin-WI) တို့ပါ။ ပူးတွဲပါ ပုံကိုကြည့်လိုက်ရင် အပြာရောင်က ဒီမိုကရက်တစ်ပါတီကိုယ်စားပြု သမ္မတလောင်း ဟီလာရီကို ကိုယ်စားပြုပြီး အနီရောင်က ရီပတ်ဘလီကန်ပါတီကိုယ်စားပြုသမ္မတလောင်း ဒေါ်နယ်ထရန့်ကို ကိုယ်စားပြုပါတယ်။ ဒါကြောင့် လက်ရှိ လူထုစစ်တမ်းရလဒ်တွေအရ အဆုံးအဖြတ်ပေးနိုင်တဲ့ ပြည်နယ် ၁၃ ပြည်နယ်မှာ ဟီလာရီက ၁၀ ပြည်နယ်မှာ အနိုင်ရပြီး ဒေါ်နယ်ထရန့်က သုံးပြည်နယ်မှာပဲ အနိုင်ရနိုင်ခြေရှိပါတယ်။ သင်္ကေတဖြစ်တဲ့ ဆဋ္ဌဂံပိုကြီးရင် သမ္မတရွေးချယ်ရေးအဖွဲ့ဆန္ဒမဲ ပိုများတယ်ဆိုတဲ့သဘောပါ။ အဆုံးအဖြတ်ပေးမယ့် ပြည်နယ်တွေရဲ့ အနိုင်အရှုံးကွာဟချက်ကို ကြည့်လိုက်ရင် အရီဇိုးနားပြည်နယ်မှာ ဟီလာရီက နှာတစ်ဖျားနဲ့ အနိုင်ရနိုင်တာဖြစ်ပြီး ကွာဟချက်အများဆုံးဖြစ်တဲ့ မစ်ချီဂန်မှာ ဟီလာရီက ၁၁ ရာခိုင်နှုန်းအသာရနေပါတယ်။

ဒေါ်နယ်ထရန့်နဲ့ ဟီလာရီကလင်တန် ဘယ်သူက သမ္မတဖြစ်သင့်သလဲဆိုတာ ဝေခွဲမရဖြစ်နေသေးတယ်ဆိုရင် နောက်ဆုံးစကားစစ်ထိုးပွဲမှာ ဟီလာရီကလင်တန်ပြောတဲ့ စကားတွေထဲက အခုစကားတွေကို ဖတ်ကြည့်ပါ။ ဟီလာရီ

&0Jif v i;fvuf

က “ဒေါ်နယ်ထရန့်က နှစ် ၃၀ အတွေ့အကြုံဆိုတဲ့ကိစ္စကို ပြောပြောနေတယ်။ ဒီတော့ ကျွန်မဒီနှစ် ၃၀ အတွေ့အကြုံဆိုတာကို အကျဉ်းချုပ်ပြီး ပြောချင်ပါတယ်။ ရှင်တို့သိတဲ့အတိုင်း ၁၉၇၀ ကျော်ကာလတွေမှာ ကျွန်မက ကလေးသူငယ် ကာကွယ်ရေးရန်ပုံငွေအတွက် အလုပ်လုပ်နေပါတယ်။ ကျောင်းတွေမှာ အာဖရိကန်နွယ်ဖွား အမေရိကန်ကလေးတွေ ခွဲခြားဆက်ဆံခံရတာပပျောက်ဖို့ ဆောင်ရွက်နေပါတယ်။ အဲဒီအချိန်မှာ ဒေါ်နယ်ထရန့်ကတော့ သူနေတဲ့အဆောက်အအုံမှာ လူမျိုးခွဲခြား ဖိနှိပ်ဆက်ဆံတယ်ဆိုပြီး တရားရေးဌာနမှာ တရားစွဲဆိုခံနေရပါတယ်။ ၁၉၈၀ ကျော်ကာလတွေမှာ ကျွန်မဟာ အာကန်ဆော(Arkansas) ပြည်နယ်ရဲ့ ပညာရေးစနစ် ပြုပြင်ပြောင်းလဲဖို့ ကြိုးပမ်းဆောင်ရွက်နေပါတယ်။ အဲဒီအချိန်မှာ ဒေါ်နယ်ထရန့်က သူ့အဖေဆီက ဒေါ်လာ ၁၄ သန်းချေးပြီး ကိုယ်ပိုင်စီးပွားရေးလုပ်ငန်းလုပ်ဖို့ လုပ်နေပါတယ်။ ၁၉၉၀ ကျော်ကာလမှာ ကျွန်မဟာ ဘေဂျင်းကိုသွားပြီး အမျိုးသမီးအခွင့်အရေးဆိုတာ လူ့အခွင့်အရေးပဲဆိုတာ သွားပြောခဲ့ပါတယ်။ ဒေါ်နယ်ထရန့်ကတော့ မယ်စကြဝဠာဖြစ်ခဲ့တဲ့ အလီဆီယာမက်ချဲဒိုး (Alicia Machado)ကို အစားပုပ်မလို့ပြောတယ်။ မယ်ဝက်(Miss Piggy) ဆိုပြီး စော်ကားတယ်။ ကျွန်မက အိုစမာဘင်လာဒင်ကို ဥပဒေနဲ့အညီ ထိုက်တန်တဲ့ အပြစ်ပေးမယ့် စစ်ဆင်ရေးကို စောင့်ကြည့်နေချိန်မှာ ဒေါ်နယ်ထရန့်က ရုပ်သံတင်ဆက်သူလုပ်နေတယ်။ ဒါကြောင့် တိုင်းပြည်အတွက် ကျွန်မဆောင်ရွက်ခဲ့တဲ့ နှစ်ပေါင်း ၃၀ အတွေ့အကြုံကို ယှဉ်ချင်တယ်ဆိုရင် ဝမ်းမြောက်ဝမ်းသာယှဉ်မှာပါ။ ပြည်သူတွေကို ကူညီဖို့ ကျွန်မတတ်နိုင်တဲ့ နည်းလမ်းအားလုံးနဲ့ ကျွန်မဆောင်ရွက်ခဲ့တာပါ။ အထူးသဖြင့် ကလေးသူငယ်တွေနဲ့ မိသားစုတွေအတွက် ကျွန်မကြိုးပမ်းဆောင်ရွက်ခဲ့တာပါ။ ရှင့် (ဒေါ်နယ်ထရန့်)ရဲ့ နှစ်ပေါင်း ၃၀ အတွေ့အကြုံထက် အများကြီးသာပါတယ်။ ကျွန်မ အမေရိကန်ပြည်သူတွေရဲ့ ဆုံးဖြတ်ချက်ကို လိုလိုလားလားကြိုဆိုမှာပါ”လို့ ပြောခဲ့တာကို ကြည့်လိုက်ရင်ကိုပဲ ဟီလာရီကလင်တန်နဲ့ ဒေါ်နယ်ထရန့်တို့ရဲ့ ကွာခြားချက်ကို သိလောက်ပါပြီ။ ။




## ရန်ကုန်တက္ကသိုလ် မြန်မာစာဌာန စိန်ရတုအထိမ်းအမှတ် စာတမ်းဖတ်ပွဲအတွက် စာတမ်းများပေးပို့နိုင်

**ရန်ကုန် အောက်တိုဘာ ၂၃**

ရန်ကုန်တက္ကသိုလ် မြန်မာစာဌာန တည်ဆောက်သည့် (၇၅)နှစ်ပြည့်စိန်ရတုအထိမ်းအမှတ် စာတမ်းဖတ်ပွဲကို ဒီဇင်ဘာ ၂၂ ရက်မှ ၂၃ ရက်အထိ ရန်ကုန်တက္ကသိုလ် ဝိဇ္ဇာခန်းမ၌ ကျင်းပမည်ဖြစ်ရာ စာတမ်းဖတ်ပွဲအတွက် စာတမ်းများရေးသားပေးပို့နိုင်ကြောင်း အဆိုပါဌာနမှသိရသည်။

စာတမ်းဖတ်ပွဲတွင် ရန်ကုန်တက္ကသိုလ် မြန်မာစာဌာန သမိုင်းကြောင်း၊ မြန်မာစာဌာန၏ ဦးစီးပဲ့ကိုင် ဆရာကြီး ဆရာမကြီးများ၏ ထူးခြားသည့် စွမ်းဆောင်ချက်များ၊ ထူးချွန်ထင်ရှားကျော်ကြားသော မြန်မာစာကျောင်းသားဟောင်းများ၏ အတုယူဖွယ် ကြိုးပမ်းချက်များနှင့် မြန်မာစာသုတေသန စာတမ်းများကို ရေးသားပေးပို့နိုင်ကြောင်း သိရသည်။

အဆိုပါစာတမ်းများကို မြန်မာစာကျောင်းသားဟောင်းများ၊ အငြိမ်းစားနှင့် တာဝန်ထမ်းဆောင်ဆဲ မြန်မာစာ ဆရာ ဆရာမများ၊ မျိုးဆက်သစ်ကျောင်းသားများနှင့် ပြင်ပစာပေပညာရှင်များ ပါဝင်ရေးသားနိုင်သည်။

စာတမ်းခေါင်းစဉ်နှင့် စာတမ်းအကျဉ်းကို အောက်တိုဘာ ၃၁ ရက်နောက်ဆုံးထား၍ လည်းကောင်း၊ စာတမ်းအပြည့်အစုံကို နိုဝင်ဘာ ၃၀ ရက်နောက်ဆုံးထား၍လည်းကောင်း ရန်ကုန်တက္ကသိုလ် တောင်ငူဆောင် မြန်မာစာဌာန ရုံးခန်းသို့ပေးပို့နိုင်ပြီး စာတမ်းဖတ်ကြားချိန် မိနစ် ၂၀ နှင့် အမေး၊ အဖြေ ၁၀ မိနစ်ဖြစ်ကြောင်း သိရသည်။

ပေးပို့သောစာတမ်းများကို မြန်မာစာဌာန စိန်ရတုစာတမ်း စိစစ်ရွေးချယ်ရေးအဖွဲ့ဥက္ကဋ္ဌ ဆရာကြီး ဒေါက်တာခင်အေး (မောင်ခင်မင်-ဓနုဖြူ) ခေါင်းဆောင်သောအဖွဲ့က ရွေးချယ်မည်ဖြစ်ပြီး ရွေးချယ်ရေးအဖွဲ့၏ အဆုံးအဖြတ်သည် အတည်ဖြစ်ကြောင်း၊ ဖတ်ကြားခွင့်ရရှိသည့် စာတမ်းများကို ဂုဏ်ပြုမှတ်တမ်းလွှာချီးမြှင့်မည်ဖြစ်ပြီး စာအုပ်အဖြစ် ပုံနှိပ်ထုတ်ဝေမည်ဖြစ်ကြောင်း သိရသည်။

**(ဇာနည်မောင်)**

# ကလေးလူငယ် ဖွံ့ဖြိုးရေးနှင့် ကလေးစာပေပွဲတော်




**အေးကြွယ်**

ခေတ်တစ်ခေတ်၏ လားရာကို မှန်းဆကြည့်လိုလျှင် ထိုခေတ်ကို ဖြတ်သန်းနေကြသည့် လူငယ်များ၏ တိမ်းညွှတ်မှုကို ကြည့်ပါဟု ဆိုကြသည်။ ယနေ့ခေတ် လူငယ်များ၏ တိမ်းညွှတ်မှုကို တိတိကျကျ ညွှန်းဆိုရန် ခက်ခဲသော်လည်း အများစု၏တူညီရာဆုံပွိုင့်မှာ "အသိပညာ" ဘက်သို့ တိမ်းညွှတ်နေကြသည်ဟု ဆိုရမည်။ မည်သည့်ခေတ်၊ မည်သည့်ကာလနှင့်မျှ မတူအောင် ပညာရေးကို တိမ်းညွှတ်လာကြသည်။ ပညာကိုအရင်းပြု၍ အနာဂတ်ကို ဖန်တီးကြရမည်ဆိုသည့် အသိတရားကို ယတိပြတ်ဆုပ်ကိုင်လာကြသကဲ့သို့ ပညာလူ့အဖွဲ့အစည်း (Knowledge Society)အဖြစ် အပြိုင်အဆိုင် ကြိုးပမ်းတည်ဆောက်နေကြသည်ကိုလည်း အားရဖွယ် တွေ့မြင်နေရသည်။

**ရေရှည်ဖွံ့ဖြိုးတိုးတက်မှုဆိုသည်မှာ**

နိုင်ငံတစ်နိုင်ငံ၊ လူ့အဖွဲ့အစည်းတစ်ရပ် ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်တော့မည်ဆိုလျှင် တစ်ခဏဖွံ့ဖြိုးတိုးတက်ရေးထက် ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးကို ဦးတည်စဉ်းစားရစမြဲဖြစ်သည်။ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေး (Sustainable Development)ဟု ဆိုလိုက်သည်နှင့် ကမ္ဘာ့ဖွံ့ဖြိုးမှုနှင့် ပတ်ဝန်းကျင်ရေးရာကော်မရှင်၏ အဓိပ္ပာယ်ဖွင့်ဆိုချက်တစ်ခုကို အမှတ်ရမိ၏။ အမှန်အတိုင်းပြောရလျှင် ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးဆိုသည့် စကားလုံးကို နယ်ပယ်တိုင်းလိုလိုတွင် ဖောဖောသီသီ သုံးစွဲနေကြသော်လည်း အချို့က အနှစ်သာရရှိရှိ သုံးစွဲခဲ့ကြသည်။ အချို့ကမူ အပေါ်ယံသဘောလောက်သာ ကိုးကားသုံးစွဲနေကြသည်ကို တွေ့နေရသည်။

ကမ္ဘာ့ဖွံ့ဖြိုးမှုနှင့် ပတ်ဝန်းကျင်ရေးရာ ကော်မရှင်က ရေရှည်ဖွံ့ဖြိုးတိုးတက်မှုဆိုသည်မှာ အနာဂတ်မျိုးဆက်သစ်များ၏ လိုအပ်ချက်များကို ဖြည့်ဆည်း ဆောင်ရွက်ပေးရန်နှင့် ၎င်းတို့၏ လုပ်ကိုင်နိုင်စွမ်းများကို မထိခိုက်စေဘဲ လက်ရှိမျိုးဆက်များ၏ လိုအပ်ချက်များကို ဆောင်ရွက်ပေးနိုင်သည့် ဖွံ့ဖြိုးမှုမျိုးပင်ဖြစ်သည်ဟု အဓိပ္ပာယ်ဖွင့်ဆိုပေးခဲ့သည်။ ယင်းအဓိပ္ပာယ်ဖွင့်ဆိုချက်အရဆိုလျှင် ကျွန်တော်တို့ အနာဂတ်မျိုးဆက်သစ်များ၏ လိုအပ်ချက်များကို မဖြစ်မနေ ဖြည့်တင်းဆောင်ရွက်ပေးရမည်။ တစ်နည်းအားဖြင့် ကျွန်တော်တို့ လူ့အဖွဲ့အစည်းကို အနာဂတ်လူ့ဘောင်လောက၏ စိန်ခေါ်မှုများ အမှန်တကယ်ရင်ဆိုင်နိုင်စေမည့် ဉာဏအခြေခံသော လူ့အဖွဲ့အစည်း (Brain Based Society)တစ်ရပ် ပုံဖော်ဖန်တီးပေးခဲ့ရမည်သာ ဖြစ်သည်။

အနာဂတ်မျိုးဆက်များအတွက် ပညာသင်ကြားနိုင်သည့် အခွင့်အလမ်းများကို ပိုမိုချဲ့ထွင်ပေးရမည်။ ကျောင်းများတွင် ပညာသင်ကြားရုံသာမက ကျောင်းပြင်ပပညာရေးအဖြစ် လေ့လာဆည်းပူးနိုင်သည့် စာကြည့်တိုက်များ၊ စာဖတ်ခန်းများ၊ စာဖတ်သည့် အလေ့အထများကို စနစ်တကျ ဖန်တီးခဲ့ဖို့သာဖြစ်သည်။ သို့မှသာ ဉာဏ်ရည်ဉာဏ်သွေးပြည့်ဝပြီး အရည်အသွေးပြည့်ဝသော လူ့စွမ်းအား အရင်းအမြစ်များ ဖြစ်ပေါ်လာကာ ရေရှည်ဖွံ့ဖြိုးတိုးတက်သည့် လူ့အဖွဲ့အစည်းတစ်ရပ်သို့ ဦးတည်နိုင်ပေလိမ့်မည်။

**ပညာတတ်အသိုင်းအဝိုင်းများ**

လွန်ခဲ့သော ၁၀ နှစ်ခန့်က ဂျာမနီနိုင်ငံမှ သုတေသနပညာရှင် Lisa Krolak က ပညာတတ် အသိုင်းအဝိုင်းဖန်တီးရာတွင် စာကြည့်တိုက်များ၏ အခန်းကဏ္ဍ (The Role of Libraries in the Creation of Literate Environments)ဆိုသည့် စာတမ်းတစ်စောင်ကို ယူနက်စကိုအဖွဲ့ကြီးထံ ရေးသားတင်သွင်းခဲ့သည်။ အထူးသဖြင့် အိမ်ပတ်ဝန်းကျင်နှင့် ကျောင်းပတ်ဝန်းကျင်များတွင် စာအုပ်စာစောင်များ အလွယ်တကူ လေ့လာနိုင်သော ကျောင်းသား ကျောင်းသူများ၏ ဉာဏ်ရည်ဉာဏ်သွေးနှင့် စာအုပ်စာစောင်များ အလွယ်တကူ မဖတ်ရှု မလေ့လာနိုင်သည့် ကျောင်းသား ကျောင်းသူများ၏ ဉာဏ်ရည်ဉာဏ်သွေးကို လေ့လာနှိုင်းယှဉ်တင်ပြထားသည်။

ယင်းစာတမ်းပါဖော်ပြချက်အရ ကလေးများစာတတ်မြောက်ရန်အတွက် နေအိမ်ပတ်ဝန်းကျင်သည် အရေးအကြီးဆုံးအချက်ဖြစ်ပြီး မိဘများကိုယ်တိုင်ကပင် စာဖတ်သည့် အလေ့အကျင့်ရှိရန်လိုကြောင်း ဖော်ပြထားသည်။ တစ်နည်းအားဖြင့် အိမ်ပတ်ဝန်းကျင်တွင် ကလေးများ ပညာသင်ကြားနိုင်သည့် အခွင့်အလမ်းကောင်းများ ရှိရန်လိုအပ်သည်။ Progress in International Reading Literacy Study (PIRLS) လေ့လာမှုအရ ဆွီဒင်နိုင်ငံ၌ မိသားစုတစ်စုတွင် ရှိသည့် စာအုပ်စာစောင်များနှင့် စာဖတ်နိုင်ရန် ပံ့ပိုးပေးသည့် အရာဝတ္ထုများ၏ အရေအတွက်သည် ကျောင်းသားကျောင်းသူများ၏ စာဖတ်နိုင်မှုစွမ်းရည် ရမှတ်များအပေါ် လွှမ်းမိုးဆုံးဖြတ်ပေးလျက်ရှိကြောင်း ဖော်ပြထားသည်။

အလားတူ German Foundation Stiftuny Lesen က ပြုလုပ်ခဲ့သည့် "ရာစုသစ် ဂျာမနီနိုင်ငံရှိ စာဖတ်သည့် အလေ့အထ" လေ့လာချက်တွင် မိဘများ၏ အကောင်းမြင်သဘောထားနှင့် စာဖတ်နိုင်ရန် ပံ့ပိုးပေးသည့် အရာဝတ္ထုများက ကလေးများအား ဘဝတစ်လျှောက်လုံး စာပေဖတ်ရှုလေ့လာရန်အတွက် အကောင်းဆုံး လှုံ့ဆော်ပေးသည့် အချက်များဖြစ်ကြောင်းကိုလည်း ဖော်ပြထားသည်။

ကလေးငယ်များတွင် အသက်အပိုင်းအခြားအလိုက် ကွဲပြားသည့်လိုအပ်ချက်များ ရှိသော်လည်း အစကနဦးတွင် ပျော်ရွှင်ဖွယ်စာအုပ်များ ဖတ်ရှုပေးရန် လိုအပ်သည်။ ကလေးများ ငယ်ရွယ်ချိန်တွင် မိဘများက စာဖတ်ပြခြင်း၊ ကလေးငယ်များနှင့်အတူ သီချင်းဆိုခြင်းနှင့် ကလေးများ၏



နေ့စဉ်ဘဝ တစ်စိတ်တစ်ပိုင်းတွင် ၎င်းတို့နှင့်အတူတကွ ကစားပေးခြင်းတို့ကို ဆောင်ရွက်ပေးရမည်။ စာဖတ်သည့် အိမ်တွင် ကြီးပြင်းလာသည့် ကလေးများသည် စာမဖတ်သည့် အိမ်တွင်ကြီးလာသည့် ကလေးများထက် သက်တူရွယ်တူဖြစ်ကြသော်လည်း ဉာဏ်ရည်ဉာဏ်သွေး အလွန်ကွာခြားမှုရှိသည်။ ထို့ကြောင့် မိသားစုစာတတ်မြောက်ရေး အစီအစဉ်များကို ချမှတ်၍ ကလေးများ ဉာဏ်ရည်ဉာဏ်သွေးကောင်းမွန်အောင် ဆောင်ရွက်ရန်လိုအပ်ကြောင်း ဖော်ပြထားသည်။

နောက်ထပ် အတုယူသင့်သည့် ဆောင်ရွက်မှု တစ်ခုမှာ ဗြိတိန်အစိုးရ၏ ဆောင်ရွက်မှု တစ်ခုပင်ဖြစ်သည်။ ဗြိတိန်နိုင်ငံ၌ ကလေးငယ်များအား စာအုပ်စာစောင်များ ဝေငှပေးခြင်းကို အရေးကြီးသည့် အခန်းကဏ္ဍအဖြစ် သိရှိထားသည်။ ယင်းလုပ်ဆောင်မှုကို "Bookstart" စီမံကိန်းဟုခေါ်ကာ အသက်(၉)လအရွယ် ကလေးများ ကျန်းမာရေးဌာနများသို့ လာရောက်သည့်အချိန်မှစတင်ကာ စာအုပ်စာစောင်များကို စတင်ပေးဝေခဲ့ပြီး အသက်(၃)နှစ်အရွယ် ကလေးများအထိ စာအုပ်များ အခမဲ့ပေးဝေစေခဲ့သည်။ ယင်းအရွယ်သည် စာအုပ်စာစောင်များကို ကိုယ်တိုင်မဖတ်ရှုနိုင်သေးသော်လည်း မိဘများက ဖတ်ပြနိုင်ရန် Bookstart စီမံကိန်းအဖြစ် စတင်ဆောင်ရွက်ကြသည်ဟု ဖော်ပြထားသည်။

အခြားမှတ်သားစရာတစ်ခုမှာ ကျောင်းသား ကျောင်းသူများ ဉာဏ်ရည်ဉာဏ်သွေး ပြည့်ဝစေမည့် အကောင်းဆုံး ဆောင်ရွက်ပေးရမည့်နေရာသည် ကျောင်းပတ်ဝန်းကျင်ပင် ဖြစ်သည်ဟု ဖော်ပြထားသည်။ ကျောင်းများ၌ ကျောင်းသား ကျောင်းသူများကို အပျော်တမ်းစာပေ ဖတ်ရှုရန်မှ စတင်ကာ အားပေးလှုံ့ဆော်သင့်သည်။ သို့ရာတွင် ယနေ့ဖွံ့ဖြိုးဆဲနိုင်ငံအများစုရှိ ကျောင်းများ၌ ပြဋ္ဌာန်းစာအုပ်ကို အခြေခံသောသင်ယူခြင်း (Textbook-based Learning) နှင့် ပြဋ္ဌာန်းစာအုပ်ကိုသာ အခြေခံသောသင်ကြားခြင်း (Textbook-based Teaching)များကို ရင်ဆိုင်ကြုံတွေ့နေပေရာ စာပေဖတ်ရှုလေ့လာရေးအတွက် ကြီးမားသော စိန်ခေါ်မှုပင်ဖြစ်သည်။

တစ်နည်းအားဖြင့်ဆိုရလျှင် ကျောင်းစာကြည့်တိုက်များ၏ အခန်းကဏ္ဍ ပျောက်ဆုံးနေပြီး ကျောင်းသား ကျောင်းသူများအတွက် ပြဋ္ဌာန်းစာအုပ်များမှအပ အခြားလေ့လာဆည်းပူးနိုင်သည့် အခွင့်အလမ်း နည်းပါးလျက်ရှိသည်။ လေ့လာချက်များအရ စာသင်ခန်းအတွင်း စာကြည့်တိုက်များထားရှိ၍ ပညာသင်ယူခွင့်ရသည့် ကျောင်းသား ကျောင်းသူများသည် စာသင်ခန်းအတွင်း စာကြည့်တိုက်မရှိသော ကျောင်းသား ကျောင်းသူများထက် တတ်မြောက်မှု ၁၈၉ ရာခိုင်နှုန်းခန့် သာလွန်ခဲ့ပြီး စာဖတ်သည့် အမှတ်များတွင် ၁၈ လခန့် ရှေ့သို့ရောက်ရှိကာ စာရေးသည့် အမှတ်များမှာ နှစ်နှစ်ခန့် ရှေ့ကြိုရောက်နေသည်ဟု ဖော်ပြထားသည်။

ထို့ပြင် "Book floods" စီမံကိန်းကို စတင်စမ်းသပ်ဆောင်ရွက်ခဲ့သည့် ဖီဂျီနိုင်ငံ၊ စင်ကာပူနိုင်ငံနှင့် သီရိလင်္ကာနိုင်ငံများရှိ ကျောင်းသား ကျောင်းသူများ၏ ဉာဏ်ရည်ဉာဏ်သွေးကိုလည်း ဖော်ပြထားသည်။ ယင်းနိုင်ငံများအတွက် ကျောင်းသား ကျောင်းသူများအား စာဖတ်ရန်၊ ဆွေးနွေးရန်၊ မျှဝေရန်အတွက် အလွယ်တကူ စိတ်ဝင်စားဖွယ် စာအုပ်စာစောင်များဖြင့် နစ်မြုပ်နေအောင် စီမံကိန်းတစ်ခု ဖန်တီးခဲ့သည်။ သီရိလင်္ကာနိုင်ငံတွင် စမ်းသပ်ခဲ့သည့် ရွေ့ပြေးစီမံကိန်းအရ (၄) နှစ်နှင့် (၅) နှစ်အရွယ် ကလေးများအတွက် ကျောင်းတစ်ကျောင်းလျှင် စာအုပ် ၁၀၀ နှင့် ၂၀၀ ကြား ထားရှိပေး၍ စမ်းသပ်ခဲ့သည်။

ယင်းစီမံကိန်းပါကျောင်းများရှိ ကလေးများစာဖတ်ခြင်း၊ စာရေးခြင်းနှင့်နားထောင်နိုင်ခြင်း စွမ်းရည်များသည် အခြားကျောင်းများရှိ ကလေးများထက် သုံးဆ သာလွန်ကောင်းမွန်ခဲ့ကြောင်း တွေ့ရသည်။ ထို့ကြောင့် ကလေးများ၏ ဉာဏ်ရည်ဉာဏ်သွေးနှင့် စာပေတတ်မြောက်မှု လုပ်ငန်းများကိုဆောင်ရွက်ရန် ကျောင်းပတ်ဝန်းကျင်နေရာများသည် အလွန်အရေးပါသည်ဟု လေ့လာသိရှိရသည်။

**ယနေ့ကလေးစာကြည့်တိုက်များ အခြေအနေ**

မြန်မာနိုင်ငံရှိ ကျောင်းသား ကျောင်းသူအများစုသည် အခြားဖွံ့ဖြိုးဆဲနိုင်ငံများကဲ့သို့ ပြဋ္ဌာန်းစာအုပ်ကိုသာ အခြေခံသော သင်ယူမှုပုံစံများဖြင့် ပညာသင်ယူနေကြရသည်။ ကျောင်းစာကြည့်တိုက်များ ထင်သလောက် မဖွံ့ဖြိုး၊ မတိုးတက်သေးဘဲ အခက်အခဲတချို့ ရင်ဆိုင်နေရဆဲဖြစ်သည်။ အမှန်အတိုင်းပြောရလျှင် ကျောင်းစာကြည့်တိုက်များကို လွန်ခဲ့သည့် ၁၀ နှစ်ခန့်မှစ၍ ကိုယ်တိုင်လေ့လာခဲ့ဖူးသကဲ့သို့ လိုအပ်သည့် စာအုပ်စာစောင်များကိုလည်း ကိုယ်တိုင်ပေးလှူ ဆောင်ရွက်ခဲ့ဖူးသည်။ လေ့လာချက်များအရ ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးရေးအတွက် အဓိကတာဝန်ရှိသူများမှာ ကျောင်းရှိ ဆရာ ဆရာမများ၏ စိတ်အားထက်သန်မှုပင်ဖြစ်သည်။ ဆရာ ဆရာမများ၏ စိတ်အားထက်သန်မှုများကြောင့် ဖွံ့ဖြိုးတိုးတက်နေသည့် ကျောင်းစာကြည့်တိုက်များကိုလည်း တွေ့ဖူးသည်။ ကျောင်းသားမိဘများကို စည်းရုံးဆွဲဆောင်ကာ အောင်မြင်စွာ ပူးပေါင်းဆောင်ရွက်ကြခြင်းဖြစ်သည်။

ယင်းကိစ္စနှင့်ပတ်သက်၍ စိတ်မကောင်းစရာ ကိစ္စတစ်ခုမှာ အချို့ကျောင်းသားမိဘများက ကျောင်းစာအပြင် အခြားစာအုပ်၊ စာစောင်များ ဖတ်ရှုမှုကို အားမပေးခြင်းပင် ဖြစ်သည်။ ဤအတွေးအခေါ် ဤအပြုအမူများသည် အနာဂတ် ကျွန်တော်တို့မျိုးဆက်များအတွက် အနုတ်လက္ခဏာဆောင်သော အပြုအမူ၊ အတွေးအခေါ်များဖြစ်၍ ယင်းအပြုအမူ၊ ယင်းအတွေးအခေါ်များကို ပြောင်းလဲ ဆောင်ရွက်နိုင်ရန် ဝိုင်းဝန်းကြိုးပမ်းရမည်။

**ကလေးစာပေပွဲတော်**

ကျွန်တော်တို့နိုင်ငံရှိ ကလေးလူငယ်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မဖြစ်မနေ ဆောင်ရွက်ရမည့်လုပ်ငန်းများမှာ ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးရေးနှင့် ကလေးစာကြည့်တိုက်များ၊ ကလေးစာဖတ်ခန်းများ ဖွံ့ဖြိုးရေးပင်ဖြစ်သည်။ မြန်မာနိုင်ငံတွင် ယနေ့အချိန်၌ ကလေးစာပေဖွံ့ဖြိုးရေး၊ ကလေးစာကြည့်တိုက်နှင့် စာဖတ်ခန်းများဖွံ့ဖြိုးရေးအတွက် ပြန်ကြားရေးဝန်ကြီးဌာနအပါအဝင် အခြား NGOs များ၊ အဖွဲ့အစည်းများက ပူးပေါင်းပါဝင်ဆောင်ရွက်နေကြသည်ကို တွေ့မြင်နေရသည်။

၂၀၁၆ ခုနှစ် နိုဝင်ဘာ ၅ ရက်တွင် ကလေးများဖွံ့ဖြိုးတိုးတက်စေရေးအတွက် ကလေးစာပေပွဲတော်ကို MICC-2 တွင် ပြုလုပ်ကြမည်ဟု သိရသည်။ ယင်းပွဲတော်တွင် ကလေးစာပေပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲကိုပါ ထည့်သွင်းကျင်းပမည်ဟု သိရသည်။ ထို့ပြင် ကလေးစာပေပွဲတော်တွင် ပုံပြင်ပြောပြိုင်ပွဲ၊ ဆေးရောင်ခြယ်ပြိုင်ပွဲ၊ စက္ကူခေါက် ပြိုင်ပွဲစသည့် ပြိုင်ပွဲများ၊ ကလေးကာတွန်းပြပွဲ၊ အမှတ်တရ ပုံတူရေးဆွဲခြင်း၊ မျက်လှည့်ပြပွဲ၊ ရော်ဘာရုပ်ပြုလုပ်ခြင်း၊ မျက်နှာဆေးခြယ်ခြင်းစသည့် ဖျော်ဖြေရေး အစီအစဉ်များ၊ အရုပ်ဆက်ကစားခြင်း၊ စကားပုံဆက်ကစားခြင်းစသည့် ဂိမ်းကစားပွဲများ၊ ဆွေးနွေးပွဲများပါဝင်မည်ဟု သိရသည်။ ဤပွဲတော်ကြီးသည် ကလေးများ ဘက်စုံဖွံ့ဖြိုးတိုးတက်ရန် အစပြုသည့် ပွဲတော်တစ်ခုဟု ဆိုရမည်။

မည်သို့ပင်ဖြစ်စေ နေပြည်တော်တွင် ပြုလုပ်မည့် ကလေးစာပေပွဲတော်သည် အနာဂတ်နိုင်ငံတော်၏ ရင်နှစ်သည်းချာ သားသမီးရတနာများကို အရည်အသွေးပြည့်ဝစေရန်၊ ဉာဏ်ရည်ဉာဏ်သွေးပြည့်ဝစေရန်နှင့် စာအုပ်စာပေနှင့် ရင်းနှီးကျွမ်းဝင်ပြီး စာဖတ်သည့် အလေ့အထ ရှင်သန်ပေါက်ဖွားလာစေရန် ရည်ရွယ်ဆောင်ရွက်သည့် ခြေလှမ်းတစ်လှမ်းပင်ဖြစ်သည်။ ယင်းခြေလှမ်းမျိုး နောက်ထပ် ဆက်ကာဆက်ကာ လှမ်းနိုင်အောင် အားပေးဆောင်ရွက်ဖို့လိုသည်။ ဤခြေလှမ်းများ လှမ်း၍ ချီတက်နေခြင်းသည်ကပင် နိုင်ငံ၏အနာဂတ်ကို ပိုမိုလှပပြည့်စုံအောင် တစ်ဖက်တစ်လမ်းမှ ထုဆစ်ပုံဖော်နေခြင်းဖြစ်သည် ဟု နားလည်လက်ခံထားမိပါသည်။ ။

**စာညွှန်း**

**"The Role of Libraries in Creation of Literate Environments (2005)"**

# ၂၀၃၀ ပြည့်နှစ် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုများကို တစ်ကမ္ဘာလုံးက တာဝန်ယူဆောင်ရွက်ရမည့်အချိန်ဖြစ်

**ကုလသမဂ္ဂအတွင်းရေးမှူးချုပ် မစ္စတာ ဘန်ကီမွန်း၏**
**ကုလသမဂ္ဂနေ့သဝဏ်လွှာ**
**(၂၀၁၆ ခုနှစ် အောက်တိုဘာလ ၂၄ ရက်)**

ယခုနှစ် ကုလသမဂ္ဂနေ့အခါသမယသည် ကမ္ဘာကြီးနှင့် ကုလသမဂ္ဂတို့တွင် အပြောင်းအလဲများ ဖြစ်ပေါ်နေချိန်နှင့် တိုက်ဆိုင်လျက်ရှိပါသည်။

လူသားတစ်ရပ်လုံးအနေဖြင့် ရေရှည်တည်တံ့ခိုင်မြဲရေး ခေတ်ကာလသို့ ရောက်ရှိနေပြီဖြစ်သည်နှင့်အညီ ၂၀၃၀ ပြည့်နှစ် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုအစီအစဉ်ပါ ကတိကဝတ်များကို တစ်ကမ္ဘာလုံးက တာဝန်ယူဆောင်ရွက်ရမည့်အချိန် ဖြစ်ပါသည်။ ထို့ကြောင့် ကုလသမဂ္ဂအဖွဲ့ကြီး တည်ထောင်သည့် (၇၁)နှစ်မြောက်အချိန်ကာလတွင် ဖွံ့ဖြိုးစည်ပင်သော ကမ္ဘာမြေကြီးပေါ်တွင် ကျွန်ုပ်တို့အားလုံးအတွက် ပိုမိုကောင်းမွန်သော အနာဂတ်ဖော်ဆောင်ပေးမည့် ရည်မှန်းချက် ၁၇ ချက် ရရှိပြီးဖြစ်ပါသည်။

ကမ္ဘာကြီးသည် တွင်းထွက်လောင်စာများကို သမားရိုးကျအသုံးပြု၍ သာယာဝပြောမှုရှာဖွေသော ပုံသေတွေးခေါ်မှုမှ ကျော်လွှန်ခဲ့သည်မှာ ကြာမြင့်ခဲ့ပြီဖြစ်ပါသည်။ ကမ္ဘာမြေကြီး၏ အပူချိန်မှာ စံချိန်တင်မြင့်တက်လာသည့်အချိန်တွင် ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများသည် ရာသီဥတုပြောင်းလဲခြင်းဆိုင်ရာ သဘောတူစာချုပ်ကို စံချိန်မီအချိန်အတွင်း ရယူချုပ်ဆိုနိုင်ခဲ့ကြပါသည်။ အဆိုပါ သမိုင်းဝင်ဆောင်ရွက်ခဲ့သည့် သဘောတူညီချက်သည် ယခုနှစ် နိုဝင်ဘာလ ၄ ရက်နေ့၌ အာဏာသက်ဝင်တော့မည်ဖြစ်ပါသည်။ ၎င်းဆောင်ရွက်မှုသည် ကျွန်ုပ်တို့အတွက် ပိုမိုစိမ်းလန်းပြီး မိုပိုသန့်ရှင်းကာ ကမ္ဘာ့ပတ်ဝန်းကျင်အား ညစ်ညမ်းစေသော ကာဗွန်မီးခိုးလွှင့်ထုတ်မှုနည်းပါးသည့် အခွင့်အလမ်းကောင်းကို ရရှိစေမည်ဖြစ်ပါသည်။

ကုလသမဂ္ဂအဖွဲ့အစည်းတွင်လည်း အဋ္ဌမမြောက်အတွင်းရေးမှူးချုပ်မှ နဝမမြောက်အတွင်းရေးမှူးချုပ်သို့ ပြောင်းလဲတာဝန်ထမ်းဆောင်မည့် အချိန်ကာလလည်းဖြစ်ပါသည်။ ကျွန်တော့်အနေဖြင့် လွန်ခဲ့သည့်ဆယ်နှစ်အတွင်း ကမ္ဘာ့ပြည်သူများအတွက် တာဝန်ထမ်းဆောင်ခွင့်ရရှိခဲ့ခြင်းအပေါ် ဂုဏ်ယူမိပါသည်။ အမျိုးသမီးများဘဝမြှင့်တင်ပေးရေး၊ လူငယ်များနှင့်ထိတွေ့မှုရှိရေး ကိစ္စရပ်များဆောင်ရွက်ရေး၊ အားလုံးအတွက် လူ့အခွင့်အရေးများ မြှင့်တင်ပေးနိုင်ရေးတို့အတွက် ပိုမိုခိုင်မာရေးတို့ကို အခြေခံလျက် ညီတူညီမျှ ဖွံ့ဖြိုးတိုးတက်မှုရရှိစေမည့် ခိုင်မာသော အခြေခံအုတ်မြစ်များကို မိမိတို့အတူတကွ ချမှတ်နိုင်ခဲ့ပြီဖြစ်ပါသည်။ သို့ရာတွင် မငြိမ်သက်သော အရှေ့အလယ်ပိုင်းဒေသ၊ အာဖရိကတိုက်ရှိ တောင်ဆူဒန်နိုင်ငံနှင့် ဆာဟဲဒေသအပါအဝင် နေရာအများအပြားတို့တွင် ကြီးမားသော အတိဒုက္ခရောက်မှုများကို ဖြေရှင်းနိုင်ခြင်း မရှိသေးသောကြောင့် များစွာဝမ်းနည်းကြေကွဲဖွယ်ရာများ ခံစားခဲ့ကြရပါသည်။ အဆိုပါ ဖြစ်ရပ်များအပြင် အကြမ်းဖက်မှုများနှင့် သဘာဝဘေးအန္တရာယ်များကို ခံစားနေရသည့် အတိဒုက္ခရောက်သူများကို ရဲရင့်သတ္တိရှိသည့် ကုလသမဂ္ဂဝန်ထမ်းများမှ ဆက်လက်ပြီး မားမားမတ်မတ် အကူအညီပေးလျက်ရှိပါသည်။

မိမိအားထောက်ခံကူညီခဲ့သည့် ကမ္ဘာတစ်ဝန်းမှ ပြည်သူများကို ကျေးဇူးတင်ရှိပါကြောင်း၊ မိမိတို့နိုင်ငံအားလုံး၏ တာဝန်ဖြစ်သော ငြိမ်းချမ်းရေး စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် လူ့အခွင့်အရေးတို့ကို ဖော်ဆောင်နိုင်ရန်အတွက် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်အသစ်အဖြစ် ထမ်းဆောင်ရန် ရွေးချယ်ခံထားရသည့် မစ္စတာ အန်တိုနီယို ဂူတာရက်စ်အား အပြည့်အဝ ထောက်ခံကူညီပေးပါရန် တိုက်တွန်းအပ်ပါသည်။

# နယ်မြေအေးချမ်းတည်ငြိမ်သွားရင်တော့ နေရပ်ပြန်တော့မယ်

ရွက်ဖျင်တဲခေါင်မိုးပေါ်က ထိုးဖောက်ကျလာသည့် နေရောင်ခြည်၏ အပူဒဏ်ကိုအံတုရင်း၊ အရိပ်ကျသည့် ထောင့်တစ်နေရာလေးတွင် ခပ်ကွေးကွေးလေးထိုင်ရင်း အဝေးတစ်နေရာကို ငေးကြည့်နေသည့် အသက်(၉၅)နှစ်အရွယ် အဘိုးအိုတစ်ဦး။

သူရောက်ရှိနေသည့်နေရာကား ကြောက်ရွံ့ထိတ်လန့်မှုကြောင့် နေရပ်ခေတ္တစွန့်ခွာလာသူများ ယာယီထားရှိရာ စစ်တွေမြို့ ဓညဝတီအားကစားကွင်းအတွင်း ဒုက္ခသည်စခန်း၏ တဲအတွင်းတစ်နေရာ။

“နေပူကြီးထဲမှာဘယ်သူကနေချင်မှာလဲ။ မသက်သာလို့နေရတာ။ နေ့ခင်းဘက်ဆိုအပူဒဏ်မခံနိုင်ဘူး၊ မခံနိုင်လည်း နေရတာပဲ။ ကိုယ့်အိမ်ကိုယ့်နေရာလောက် ဘယ်နေရာမှ မကောင်းဘူး”လို့ ရခိုင်သံခပ်ဝဲဝဲနဲ့ ကြောက်ရွံ့ထိတ်လန့်မှုကြောင့် ထွက်ပြေးတိမ်းရှောင်လာသည့် အဘိုးအို ဦးမောင်ဖြူသီးက ပြောပါတယ်။

ဒုက္ခသည်စခန်းမှာ သူလိုဘဝတူ အသက်အရွယ် မတိမ်းမယိမ်းတွေအပြင် သားသည်မိခင်တွေ၊ ကလေးငယ်တွေ၊ နာမကျန်းဖြစ်နေတဲ့သူတွေလည်း ကြောက်ရွံ့မှုကြောင့် ထွက်ပြေးတိမ်းရှောင်လာတယ်လို့ ၎င်းက ဆိုပါတယ်။

မောင်တောမြို့နှင့် လေးမိုင်ခန့်ကွာဝေးသည့် ရွာသာယာကျေးရွာဟာ သူ့ရဲ့မွေးရပ်ဇာတိမြေဖြစ်ပြီး ယခုထက်တိုင် သား၊သမီး၊မြေး၊မြစ်များနဲ့ နေထိုင်ကာ တောင်ယာလုပ်ငန်းကို လုပ်ကိုင်နေတယ်လို့ အဘိုးအိုဦးမောင်ဖြူသီးက ပြောပါတယ်။

အောက်တိုဘာ ၉ ရက် မောင်တောခရိုင်အတွင်းရှိ ကျီးကန်းပြင် ရဲဌာနချုပ်နဲ့ တခြားလုံခြုံရေးစခန်းတွေကို ဘာသာရေး၊ လူမျိုးရေး အစွန်းရောက်အကြမ်းဖက်သမားတွေ ဝင်ရောက်တိုက်ခိုက်ခဲ့လို့ နယ်ခြားစောင့်ရဲတပ်ဖွဲ့ဝင်တချို့ သေဆုံးဒဏ်ရာရခဲ့ပြီး လက်နက်တွေပါသွားတဲ့ ဖြစ်စဉ်အပေါ်မှာ တိုင်းရင်းသားဒေသခံတွေဟာ စိုးရိမ်ထိတ်လန့်ကြောက်ရွံ့ပြီး နေရပ်စွန့်ခွာ ထွက်ပြေးတိမ်းရှောင်လာကြတယ်လို့ ၎င်းကဆိုပါတယ်။

ရွာကနေထွက်ပြေးတိမ်းရှောင်လာရခြင်းကို အဘိုးအို ဦးမောင်ဖြူသီးက “ရွာကနေကားနဲ့ ဘူးသီးတောင်ကိုလာတယ်။ ဘူးသီးတောင်မှာတစ်ညအိပ်ပြီး သင်္ဘောနဲ့ စစ်တွေကိုရောက်လာတယ်။ စစ်တွေမြို့ပေါ်မှာရှိတဲ့ ဘုန်းကြီးကျောင်းမှာ ခေတ္တနေပြီး အခုဘောလုံးကွင်းထဲကို ပြောင်းလာတာပါ”လို့ ပြောပါတယ်။

အိမ်ကနေထွက်ပြေးတိမ်းရှောင်လာတဲ့အထဲမှာ သူနဲ့အတူ အသက်(၈၀)အရွယ်ဇနီးသည်၊ ချွေးမ၊ မြေး၊ မြစ်တွေပါလာပြီး သားနဲ့အရွယ်ရောက်နေပြီဖြစ်တဲ့ မြေးယောကျ်ားလေးတွေကတော့ ရွာမှာကျန်ခဲ့တယ်လို့ အဘိုးအို ဦးမောင်ဖြူသီးက ဆိုပါတယ်။

“အကုန်လုံး ထွက်ပြေးလာလို့မရဘူးလေ။ စိုက်ပျိုးတဲ့ စပါးခင်းတွေကလည်းရှိသေးတယ်။ အိမ်မှာမွေးထားတဲ့ နွားတွေ၊ ဝက်တွေလည်း ရှိသေးတယ်။ လူမရှိရင် သူများဝင်ယူသွားမှာပေါ့။ ရွာမှာရှိတဲ့ အိမ်တိုင်းမှာတော့ ယောကျ်ားတွေ အစောင့်အဖြစ်ကျန်နေသေးတယ်” လို့ ၎င်းက ပြောပါတယ်။

သူနေတဲ့ ရွာသာယာကျေးရွာမှာ တိုင်းရင်းသားအိမ်ထောင်စု (၇၀) ခန့်မှာ လူဦးရေအနည်းငယ်သာရှိနေပြီး ရွာအနီးမှာဘာသာခြားရွာတွေ အများအပြားရှိနေတဲ့အတွက် ယခုဖြစ်စဉ်နဲ့အတူ စိုးရိမ်ထိတ်လန့်မှုကို မြင့်တက်စေတာက ရှောင်တိမ်းထွက်ပြေးရတဲ့ အကြောင်းတရားတစ်ခုလည်းဖြစ်တယ်လို့ အဘိုးအို ဦးမောင်ဖြူသီးက ဆိုပါတယ်။



“လွန်ခဲ့တဲ့နှစ် ၄၀ လောက်က ဒီနေရာတွေက တိုင်းရင်းသားကျေးရွာတွေချည်းပဲ။ ဒီကြားထဲမှာ လူမျိုးရေး၊ ဘာသာရေးပြဿနာတွေဖြစ်ပြီး တိုင်းရင်းသားတွေက နေရပ်စွန့်ခွာထွက်ပြေးကြတော့ တခြားဘာသာခြားတွေဝင်လာတယ်။ အခုဆို တိုင်းရင်းသားကျေးရွာတွေ မရှိသလောက်နည်းသွားပြီ”လို့ သူနေတဲ့ ကျေးရွာပတ်ဝန်းကျင်အခြေအနေကို ၎င်းကပြောပါတယ်။

အကြမ်းဖက်မှုဖြစ်စဉ်ကြောင့် မောင်တောခရိုင်အတွင်းရှိ တိုင်းရင်းသားကျေးရွာများမှာ နေထိုင်ကြတဲ့ ဒေသခံများသည် မောင်တောမြို့၊ ဘူးသီးတောင်မြို့နှင့် စစ်တွေမြို့များသို့ ထွက်ပြေးတိမ်းရှောင်လာပြီး ဘုန်းတော်ကြီးကျောင်းများတွင် ခေတ္တတည်းခိုနေထိုင်လျက်ရှိကာ စားရေးသောက်ရေးကို အလှူရှင်များ၏ လှူဒါန်းမှုဖြင့် ဆောင်ရွက်ပေးနေပါတယ်လို့ အရပ်ဘက်လူမှုအဖွဲ့အစည်းတွေက ပြောပါတယ်။

ကြောက်ရွံ့ထိတ်လန့်မှုကြောင့် နေရပ်ခေတ္တစွန့်ခွာလာပြီး မောင်တော၊ ဘူးသီးတောင်၊ စစ်တွေမြို့များရှိ ယာယီဒုက္ခသည်စခန်းတွင် လူဦးရေ ၃၀၀၀ ခန့်ရှိနေပြီး ကြောက်ရွံ့ထိတ်လန့်မှုကြောင့် နေရပ်ခေတ္တစွန့်ခွာလာသူတချို့ဟာ နယ်မြေတည်ငြိမ်အေးချမ်းလာပြီဖြစ်သည့်အတွက် နေရပ်အသီးသီးကို ပြန်လည်သွားနေကြပြီ ဖြစ်တယ်လို့ ပြည်နယ်အစိုးရအဖွဲ့ တာဝန်ရှိသူတွေက ပြောပါတယ်။

မောင်တောမြို့အဝင် အလိုတော်ပြည့်ကျောင်းမှာ ကြောက်ရွံ့ထိတ်လန့်မှုကြောင့် နေရပ်ခေတ္တစွန့်ခွာလာသူတွေကို အပြီးတိုင်နေရပ်မစွန့်ခွာဖို့ လောကဓံကို သတ္တိရှိရှိ ရင်ဆိုင်ဖို့ အရင်ကလည်း ပြဿနာတွေဖြစ်လို့ နေရပ်စွန့်ခွာခဲ့လို့ မောင်တောခရိုင်မှာ တိုင်းရင်းသားကျေးရွာ ၄၀၀ ကျော်ရှိခဲ့ပေမယ့် ယခုအခါမှာတိုင်းရင်းသားကျေးရွာ ၉၂ ရွာပဲ ကျန်တော့တယ်လို့ ဆရာတော်ဘဒ္ဒန္တ မဏိသာရက တိမ်းရှောင်ထွက်ပြေးလာသူတွေကို မိန့်ကြားခဲ့ပါတယ်။

အလိုတော်ပြည့်ကျောင်းတိုက် ဆရာတော်ဘဒ္ဒန္တ မဏိသာရရဲ့ စိတ်ဓာတ်ခွန်အားတိုးပွားစေမယ့် မိန့်မှာမှုတွေနဲ့ မြန်မာနိုင်ငံရဲတပ်ဖွဲ့နဲ့ တပ်မတော်ကအကြမ်းဖက်မှုတွေကို ထိထိရောက်ရောက်နှိမ်နင်းမှုကြောင့် နယ်မြေတည်ငြိမ်အေးချမ်းလာပြီဖြစ်တဲ့အတွက် နေရပ်ကိုပြန်တော့မယ်လို့ မောင်တောမြို့နယ် ကိုင်းကြီးကျေးရွာမှ ဒေါ်ခင်သန်းဝေက ပြောပါတယ်။

နယ်မြေတည်ငြိမ်အေးချမ်းရေးအတွက် မြန်မာနိုင်ငံရဲတပ်ဖွဲ့က တိုင်းရင်းသားတွေနေတဲ့ ကျေးရွာတိုင်းမှာ ရဲတပ်ဖွဲ့ဝင်အင်အားကို တိုးမြှင့်ချထားပေးပြီး တပ်မတော်မှလည်း နယ်မြေလုံခြုံရေးအတွက် ဆောင်ရွက်ပေးနေတဲ့အပြင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနကလည်း နေရပ်ပြန်သူတွေအပြင် မြို့ပေါ်မှာရှိတဲ့ ကယ်ဆယ်ရေးစခန်းတွေမှာနေတဲ့သူတွေအတွက်လည်း စားနပ်ရိက္ခာတွေ ထောက်ပံ့နေတယ်လို့ ပြည်နယ်အစိုးရတာဝန်ရှိသူတွေက ပြောပါတယ်။

“နေရပ်ခေတ္တစွန့်ခွာလာသူတွေထဲမှာ အသက် (၈၀) နဲ့ အသက် (၉၀)ကြား သက်ကြီးရွယ်အိုတွေ ပါလာတယ်။ သက်ကြီးရွယ်အိုတွေအတွက် လူမှုစောင့်ရှောက်ရေးတွေ လုပ်ပေးသွားမယ်။ အားလုံးက ကြောက်ရွံ့ထိတ်လန့်နေတယ်။ ကလေးသူငယ်တွေနဲ့ အမျိုးသမီးတွေကိုလည်း ကြောက်ရွံ့မှုတွေ လျော့ပါးသွားအောင် ဆောင်ရွက်ပေးသွားမယ်”လို့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးစိုးအောင်က ပြောပါတယ်။

စစ်တွေမြို့ ဓညဝတီအားကစားကွင်း ကယ်ဆယ်ရေးစခန်းတွင် ကူညီဆောင်ရွက်ပေးနေသည့် လူမှုအဖွဲ့အစည်းများကိုယ်စားပြုကော်မတီ(စစ်တွေ)မှ ကိုစိုးနိုင်က “ပြန်ဖို့မပြန်ဖို့က ထွက်ပြေးတိမ်းရှောင်လာသူတွေနဲ့ ဆိုင်တယ်။ သူတို့ကို ပြန်ဖို့ဖိအားပေးလို့လည်း မရဘူး။ ဆွဲဆောင်ထားလို့လည်း မရဘူး။ သူတို့ရဲ့ ကြောက်လန့်နေတဲ့စိတ်ကို ဖြေဖျောက်ပေးဖို့လိုတယ်။ လုံခြုံရေးစိတ်ချရပါပြီ။ သွားလို့ရပါပြီဆိုတာနဲ့ မဖြစ်ဘူး။ သိအောင်လုပ်ပြဖို့လိုတယ်”လို့ ပြောပါတယ်။

မောင်တောမြို့အဝင် အလိုတော်ပြည့်ကျောင်းမှာ နေရပ်ခေတ္တစွန့်ခွာလာသူတွေထဲက မောရဝတီကျေးရွာမှာ နေတဲ့ မသိန်းရီက “၂၀၁၂ ခုနှစ်မှာဖြစ်ခဲ့တဲ့ ဘာသာရေး၊ လူမျိုးရေးပဋိပက္ခတွေမှာ ယောက္ခမဖြစ်သူနဲ့ ဝမ်းကွဲအစ်ကိုတွေ သေဆုံးခဲ့ရလို့ ယခုဖြစ်စဉ်မှာလည်း ကြောက်လန့်ပြီး ထွက်ပြေးလာရတယ်”လို့ ပြောပါတယ်။

ယခုဖြစ်စဉ်ကြောင့် ထွက်ပြေးတိမ်းရှောင်လာသူတွေနဲ့ တွေ့ဆုံမေးမြန်းရာမှာအစိုးရအနေနဲ့ လုံခြုံရေးကိုအပြည့်အဝ ဆောင်ရွက်ပေးစေချင်ကြပါတယ်။ လုံခြုံရေးသာ အဓိကထားဆောင်ရွက်ပေးမယ်ဆိုရင် နေရပ်ကို ပြန်ကြမယ်လို့ ထွက်ပြေးတိမ်းရှောင်လာသူတွေက ဆိုပါတယ်။

စစ်တွေမြို့ ဓညဝတီအားကစားကွင်းထဲမှာရှိနေတဲ့ ဒုက္ခသည်စခန်းတွေနဲ့ တခြားစခန်းတွေမှာရှိကြတဲ့ ထွက်ပြေးတိမ်းရှောင်လာသူတွေဟာ အစိုးရကနယ်မြေလုံခြုံရေးအပြည့်အဝဆောင်ရွက်ပေးထားတဲ့အပေါ် မသိရှိကြသေးဘူးလို့ ထွက်ပြေးတိမ်းရှောင်လာသူတွေကပြောပါတယ်။

ပြည်ထောင်စုဝန်ကြီးများနဲ့ ပြည်နယ်ဝန်ကြီးချုပ်တို့ကလည်းအစိုးရအနေနဲ့ ရခိုင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးနဲ့ တည်ငြိမ်အေးချမ်းရေးအတွက် တစိုက်မတ်မတ်ဆောင်ရွက်နေကြောင်း၊ ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးကို မလိုလားသူများက အဖျက်အမှောင့်များ လုပ်ဆောင်နေကြောင်း၊ အကြမ်းဖက်မှုဖြစ်စဉ်မှာ ကျူးလွန်သူများကိုဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမယ်လို့ ပြောပါတယ်။

မောင်တော၊ ဘူးသီးတောင်၊ ရသေ့တောင်မြို့နယ်တွေကိုလည်း နယ်မြေတည်ငြိမ်အေးချမ်းရေးနဲ့ တရားဥပဒေစိုးမိုးရေးအတွက် အစိုးရ၊ တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့ပူးပေါင်းဆောင်ရွက်နေပြီး ယခုအခါမှာလည်း နယ်မြေတည်ငြိမ်အေးချမ်းနေပြီလို့ ပြည်နယ်အစိုးရတာဝန်ရှိသူတွေက ပြောပါတယ်။

တဖြည်းဖြည်းမှောင်ရိပ်သန်းလာသည်နှင့် စစ်တွေမြို့ ဓညဝတီအားကစားကွင်း ဒုက္ခသည်ကယ်ဆယ်ရေးစခန်း ဝန်းကျင်နှင့် ယာယီတဲများတွင် တပ်ဆင်ထားသည့် လျှပ်စစ်မီးများလင်းလာသည့်အချိန်တွင် ဇနီး၊ ချွေးမ၊ မြေး၊ မြစ်များနဲ့ ထွက်ပြေးတိမ်းရှောင်လာသည့် အဘိုးအို ဦးမောင်ဖြူသီးက ရွက်ဖျင်တဲအတွင်းမှ အပြင်ဘက်ကို ငေးကြည့်ရင်း “ဘဝနေဝင်ချိန်လည်း ရောက်နေပါပြီ။ အသက်ကြီးမှ အသက်ရန်ရှာမှာကြောက်လို့ ထွက်ပြေးနေရတယ်။ အခုတောင် ကားတစ်တန်၊ သင်္ဘောတစ်တန်နဲ့ ထွက်ပြေးလာရတာ။ ပင်ပန်းလှပါပြီ။ နယ်မြေအေးချမ်းတည်ငြိမ်သွားရင်တော့ နေရပ်ပြန်တော့မယ်”လို့ ဆိုပါတယ်။

**သတင်းဆောင်းပါး - မင်းသစ်**
**ဓာတ်ပုံ - နေလင်း(သတင်းစဉ်)**

■

# စစ်ကိုင်းတိုင်းဒေသကြီးရှိ ရေဘေးသင့်ပြည်သူများသို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး သွားရောက်ကြည့်ရှုအားပေး



**နေပြည်တော် အောက်တိုဘာ ၂၃**
စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့ ထုံးဘိုရပ်ကွက်ရှိ ရွှေတုံးချောင်း ရေတိုက်စားမှုကြောင့် နေအိမ်မျောပါပျက်စီးခဲ့ရသည့် မိသားစု လေးစုကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးသည် အောက်တိုဘာ ၂၂ ရက် နံနက်ပိုင်းတွင် ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးသို့ ကိုယ်တိုင်သွားရောက်ကြည့်ရှုအားပေးစကားပြောကြားပြီး လတ်တလော အသုံးပြုရန်အတွက် ကယ်ဆယ်ရေးပစ္စည်းများနှင့် ထောက်ပံ့ငွေတို့ကို ပေးအပ်သည်။

ဆက်လက်၍ မုံရွာမြို့ တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးသို့ ရောက်ရှိကြရာ အစည်းအဝေးခန်းမတွင် အောက်တိုဘာ ၁၅ ရက် ချင်းတွင်းမြစ်ကြောင်းအတွင်း ဟုမ္မလင်း-မုံရွာ ခရီးသည်တင်အမြန်ရေယာဉ် နစ်မြုပ်ဖြစ်စဉ်နှင့်ပတ်သက်၍ ဌာနဆိုင်ရာများနှင့် ညှိနှိုင်းဆွေးနွေးခဲ့ကြသည်။

ထို့နောက် သေဆုံးသူများ၏ မိသားစုဝင်များထံသို့ ထောက်ပံ့ငွေပေးအပ်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ ပြည်ထောင်စုဝန်ကြီးက ယခုဖြစ်စဉ်နှင့်ပတ်သက်၍ နိုင်ငံတော်အကြီးအကဲများနှင့်အတူ မိမိတို့အနေဖြင့် မိသားစုဝင်များနည်းတူ ထပ်တူထပ်မျှ ဝမ်းနည်းပူဆွေးဖြစ်ရပါကြောင်း၊ နောင်တွင် အလားတူဖြစ်စဉ်များ မဖြစ်ပွားနိုင်စေရေးအတွက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြမည်ဖြစ်ပါကြောင်း၊ ယခုလိုဖြစ်စဉ်မျိုး လျော့နည်းရေးအတွက် တရားဥပဒေလိုက်နာလေးစားမှုနှင့်အတူ ခေတ်ကာလနှင့်လျော်ညီသော ဥပဒေ၊ နည်းဥပဒေများ ပြင်ဆင်ပြဋ္ဌာန်း၍ အများပြည်သူသိရှိလိုက်နာနိုင်စေရေးအတွက် ပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်းနှင့် ပြည်သူ့ဘဝလုံခြုံအေးချမ်းရေးအတွက် ပိုမိုကောင်းမွန်သောအစီအစဉ်များကို ချမှတ်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း ပြောကြားကာ သေဆုံးသူများ၏ မိသားစုဝင်များထံသို့ ထောက်ပံ့ငွေများကို ပေးအပ်ရာ တာဝန်ရှိသူများက လက်ခံရယူကြသည်။

ထိုသို့ ထောက်ပံ့အလှူငွေပေးအပ်ရာတွင် သေဆုံးသူတစ်ဦးလျှင် အမျိုးသား သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနက ငွေကျပ် ငါးသိန်း၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနက ငွေကျပ်သုံးသိန်း၊ စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့မှ ငွေကျပ် သုံးသိန်း၊ အေးငြိမ်းချမ်းသာရေယာဉ်အသင်းမှ ငွေကျပ် လေးသိန်း၊ ဦးအောင်မြတ် (Mother Trading & Construction Co.,Ltd) က ငွေကျပ် နှစ်သိန်း ထောက်ပံ့ခဲ့ရာ တစ်ဦးလျှင် ငွေကျပ် ၁၇ သိန်းဖြစ်၍ ယနေ့အထိ အလှူငွေလက်ခံရရှိမှုအနေဖြင့် ကမ္ဘောဇ အနာဂတ်အလင်းတန်းမြန်မာဖောင်ဒေးရှင်းက ငွေကျပ်သိန်း ၁၀၁၀၊ ဦးတင်ထွန်းအောင် (ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်)နှင့်အဖွဲ့က ငွေကျပ်သိန်း ၁၄၀၊ ဦးဖိုးချစ်က ငွေကျပ်သိန်း ၅၀၊ ပုဂ္ဂလိကမော်တော်ယာဉ်များ စနစ်တကျပြေးဆွဲရေးနှင့် စည်းကမ်းထိန်းသိမ်းရေးကော်မတီ(မုံရွာ)က ငွေကျပ်သိန်း ၅၀၊ တင်ဝင်းထွန်းကုမ္ပဏီက ငွေကျပ် ၁၅ သိန်း၊ ဟုမ္မလင်း ရွှေလုပ်ငန်းရှင်များအသင်းက ငွေကျပ် ၁၇ သိန်း သုံးသောင်း၊ အိုင်ဂျီတီကုမ္ပဏီက ငွေကျပ် ၁၀ သိန်း၊ ကိုလင်းလင်း-မချစ်သုဝေနှင့်အဖွဲ့က ငွေကျပ်သိန်း ၃၀၊ ဝင်းပပထွန်း ရွှေပန်းထိမ်လုပ်ငန်းက ငွေကျပ် ၁၀ သိန်းဖြစ်ပြီး စုစုပေါင်းငွေကျပ် ၂၁၈၂ သိန်း သုံးသောင်းဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

# အမျိုးသားသွေးဗဟိုဌာန၌ စေတနာရှင် ၁၀၀ စုပေါင်းသွေးလှူဒါန်း



**ရန်ကုန် အောက်တိုဘာ ၂၃**
သံတွဲခရိုင်အသင်း(ရန်ကုန်)ဖွဲ့စည်းတည်ထောင်ခြင်း (၇၁)နှစ်မြောက် အထိမ်းအမှတ်အဖြစ် စေတနာရှင်၊ သွေးလှူရှင် ၁၀၀ တို့က ယနေ့တွင် ရန်ကုန်မြို့ အမျိုးသားသွေးဗဟိုဌာန၌ စုပေါင်း၍ သွေးလှူဒါန်းခဲ့ကြသည်။

"ရန်ကုန်ရောက် သံတွဲသူ၊ သံတွဲသားတွေက ဘာသာ၊ သာသနာ၊ လူမှုရေးကိစ္စတွေကို ဆောင်ရွက်နေတဲ့ သံတွဲခရိုင်အသင်း ဖြစ်ပါတယ်။ ကုသိုလ်ဒါနပြုရာမှာလည်း ငွေကြေးတတ်နိုင်သူတွေက ငွေကြေးလှူဒါန်းတယ်ဆိုပေမယ့် ခန္ဓာကိုယ်မှာရှိတဲ့ သွေးကိုလှူတာ ပိုပြီးမွန်မြတ်တယ်လို့ ယူဆတာကြောင့် ပထမအကြိမ် သွေးလှူဖို့ဆုံးဖြတ်လိုက်တာ ဖြစ်ပါတယ်"ဟု သံတွဲခရိုင်အသင်းဥက္ကဋ္ဌ ဦးမြမောင်က ပြောသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသီတာအောင်က "သွေးဟာ လိုအပ်လို့မပေးနိုင်ရင် အသက်အန္တရာယ်ရှိပါတယ်။ ခန္ဓာကိုယ်မှာ သွေးကထောက်ပံ့ပေးမယ့် လုပ်ငန်းရပ်တွေ ပျက်စီးသွားပြီဆိုရင် ဘယ်သိပ္ပံနည်းနဲ့မှ အစားထိုးလို့မရတဲ့အတွက် ခန္ဓာကိုယ်ရှင်သန်ဖို့ သွေးလိုအပ်ပြီဆိုရင် သွေးပဲပေးရမယ်။ ဘယ်သူပဲလှူလှူ လှူသမျှ စေတနာရှင်တွေရဲ့သွေးက လူနာတွေ လိုအပ်တဲ့ အချိန်မဟုတ်ဘဲ သက်သောင့်သက်သာဖြစ်တဲ့အချိန်မှာ လှူဒါန်းခြင်းက လုံလောက်မှု၊ အန္တရာယ်ကင်းမှုအပြင် ကုသရေးအပိုင်းမှာလည်း အရည်အသွေးကို တက်စေတဲ့အတွက် ကိုယ်အားတဲ့အချိန်လေးမှာ ကျန်းမာတဲ့သူတွေက စေတနာသွေးလှူရှင်တွေအဖြစ်နဲ့ သွေးလှူဘဏ်ကို ဝိုင်းပြီး ထောက်ပံ့ပေးကြပါ"ဟု ပြောသည်။

သွေးလှူဒါန်းခြင်းသည် လူ့အသက်ကို ကယ်တင်သည့် လှူဒါန်းမှုမျိုးဖြစ်သောကြောင့် နောင်နှစ်များတွင်လည်း ဆက်လက်လှူဒါန်းသွားမည်ဖြစ်ကြောင်းနှင့် အသင်းသူ အသင်းသားများသာမက မည်သူမဆို ပူးပေါင်းပါဝင်ကြရန်ကိုလည်း တွဲဖက်အတွင်းရေးမှူး ဦးခင်မောင်လွင်က ပြောသည်။

သွေးလှူဒါန်းသူတစ်ဦးဖြစ်သည့် ပဲခူးတိုင်းဒေသကြီး မင်းလှမြို့နယ်မှ ကိုမြင့်ဇော်စိုးက "ပထမဆုံးအကြိမ်လှူဒါန်းမှုဖြစ်တဲ့အတွက် အတွေ့အကြုံသစ်တွေလည်း ရပါတယ်။ သွေးလှူတာ မွန်မြတ်တဲ့ကုသိုလ်ဖြစ်လို့ အခုလို လှူခွင့်ရတာကိုလည်း ဝမ်းသာပီတိဖြစ်ရပါတယ်"ဟု ဆိုသည်။

သံတွဲခရိုင်အသင်းကို ၁၉၄၅ ခုနှစ်တွင် ရန်ကုန်ရောက် သံတွဲ၊ တောင်ကုတ်၊ ဂွမြို့နယ်သူ မြို့နယ်သားများ၏ သာရေး၊ နာရေး၊ လူမှုရေးကိစ္စရပ်များ ပံ့ပိုးကူညီရန်ရည်ရွယ်လျက် ဖွဲ့စည်းတည်ထောင်ခဲ့သည်။ ယနေ့တွင် သွေးလှူဒါန်းပွဲနှင့်အတူ (၇၁)နှစ်တိုင်အောင် အသင်းကြီးအောင်အောင်မြင်မြင် ရပ်တည်နိုင်ခဲ့သည့်အထိမ်းအမှတ်အဖြစ် အသင်းသူ အသင်းသားများက ငွေကျပ် ဆယ်သိန်း ငါးသောင်းကိုလည်း စုပေါင်း၍ လှူဒါန်းခဲ့ကြသည်။ **သတင်း-ဝင်းဝင်း**
**ဓာတ်ပုံ-ရဲထွဋ်**

**✱ မုန်တိုင်းမှ**

"ကျွန်တော်တို့ ဒီမုန်တိုင်းသတင်းစတင်ရရှိကတည်းက ဖျာပုံ၊ ကျိုက်လတ်၊ ဘိုကလေး၊ ဒေးဒရဲ ခရိုင်အတွင်းမှာရှိတဲ့ မြို့နယ်နဲ့ ရပ်/ကျေးအဆင့်အထိ သဘာဝဘေး ကြိုတင်ကာကွယ်ရေးနဲ့ ကယ်ဆယ်ရေးအဖွဲ့တွေ ဖွဲ့စည်းဖို့ ညွှန်ကြားထားပြီးဖြစ်ပါတယ်။ ဒါ့အပြင် မြို့နယ်နဲ့ ရပ်/ကျေးတွေမှာရှိတဲ့ အုပ်ချုပ်ရေးမှူးတွေနဲ့ တာဝန်ရှိသူအဆင့်ဆင့်ကိုလည်း မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၊ ရေဒီယိုကထုတ်လွှင့်တဲ့ မုန်တိုင်းသတင်းတွေကို စဉ်ဆက်မပြတ်လေ့လာစောင့်ကြည့်ပြီး အသံချဲ့စက်နဲ့ လှည့်လည်အသိပေးမှုတွေ ဆောင်ရွက်လျက်ရှိပါတယ်။ အကယ်၍ မုန်တိုင်းကျရောက်လာပါက ကယ်ဆယ်ရေးလုပ်ငန်းများ အချိန်နဲ့တစ်ပြေးညီ ဆောင်ရွက်နိုင်ဖို့လည်း ရပ်/ကျေးတစ်ခုချင်းအလိုက် လူငယ်/လူရွယ် ၃၀ ခန့်ကိုလည်း ကြိုတင်စုဆောင်းထားပြီးဖြစ်ပါတယ်။ သစ်ပင်၊ နေအိမ်၊ ဓာတ်တိုင်၊ အဆောက်အအုံများ ပြိုလဲပျက်စီးပါက လိုသလိုရှင်းလင်းနိုင်ဖို့ လက်ကိုင်လွှစက်များနဲ့ အသုံးပြုပစ္စည်းတွေကိုလည်း စုဆောင်းထားပါတယ်။ အစားအသောက်၊ ရေသန့် ကြိုတင်စုဆောင်းထားရှိမှု၊ အရေးပေါ်ဆေးရုံ/ဆေးခန်းပြုလုပ်ရန်နေရာ သတ်မှတ်ထားရှိမှု၊ ဆေးဝါးပစ္စည်းများ အသင့်သိုလှောင်ထားရှိမှု၊ ခရိုင်နှင့်မြို့နယ် သတင်းပြန်ကြားရေးအဖွဲ့များ ဖွဲ့စည်းထားရှိမှု၊ ကွပ်ကဲရေးရုံးခန်း ဖွင့်လှစ်ထားရှိမှု၊ သွားလာဆက်သွယ်ရေးလွယ်ကူစေရန် ရေလမ်း၊ ကုန်းလမ်းသုံးယာဉ်များ စုဆောင်းထားရှိမှု၊ ဖုန်း၊ အင်တာနက်ဆက်သွယ်မှုအဆင်ပြေစေရန် ဖုန်းနံပါတ်များ စုဆောင်းထားရှိမှု၊ ကျွန်းပတ်တာများ၊ ရေကာတာများ၊ ရေငန်တားတာများ ကျိုးပေါက်မှုမရှိစေရေး အစရှိတဲ့ အဓိကကျတဲ့အပိုင်းတွေကို အချိန်နဲ့တစ်ပြေးညီ ဆောင်ရွက်ပေးနိုင်ဖို့ မြို့မိ မြို့ဖများ၊ ဌာနဆိုင်ရာများ၊ အသင်းအဖွဲ့များ၊ တာဝန်ရှိသူများနဲ့ အခုလိုပေါင်းစပ်ညှိနှိုင်း လမ်းညွှန်ဆွေးနွေးမှုတွေ ပြုလုပ်တာဖြစ်ပါတယ်"ဟု ဖျာပုံခရိုင်အုပ်ချုပ်ရေးမှူး ဦးအေးလွင်က ပြောသည်။

ဆက်လက်၍ ဖျာပုံခရိုင် ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးစိုးလှိုင်ကလည်း "ကျွန်တော်တို့ဌာနအနေနဲ့ မုန်တိုင်းအန္တရာယ်ကျရောက်လာရင် အရေးပေါ်အသုံးပြုနိုင်ဖို့ ကယ်ဆယ်ရေးပစ္စည်းကိုးမျိုး စုဆောင်းထားရှိပါတယ်။ ရွက်ဖျင်တဲ၊ ဓာတ်မီး၊ အသက်ကယ်အင်္ကျီတွေကိုလည်း ရနိုင်သလောက်စုဆောင်းထားပါတယ်။ ရပ်/ကျေးတွေမှာနေတဲ့ ပြည်သူတွေအနေနဲ့လည်း တာယာ၊ ဗောကွင်း၊ ဂါလန်ပုံးခွံနဲ့ ကြိုးစတာတွေကို အရေးပေါ်အသုံးပြုနိုင်ဖို့ ကြိုတင်ရှာဖွေထားမယ်ဆိုရင် အတိုင်းအတာတစ်ခုအထိ အထောက်အကူပြုမှာဖြစ်ပါတယ်။ အခြားဆောင်ရွက်စရာရှိတာတွေကိုလည်း အချိန်နဲ့တစ်ပြေးညီ ဆောင်ရွက်နေပါတယ်။ ကယ်ဆယ်ရေးနေရာချထားမှုဖြစ်တဲ့ (ဆိုင်ကလုန်းရှယ်တာ၊ စာသင်ကျောင်းရှယ်တာ၊ ဘုန်းကြီးကျောင်းရှယ်တာ)များအနေနဲ့ ဖျာပုံမြို့နယ်မှာ ၁၅၉ လုံး၊ ဘိုကလေးမြို့နယ်မှာ ၁၇၇ လုံး၊ ကျိုက်လတ်မြို့နယ်မှာ ၁၇၄ လုံးနဲ့ ဒေးဒရဲမြို့နယ်မှာ ၁၈၅ လုံး တည်ဆောက်ထားရှိပြီးဖြစ်ပါတယ်"ဟု ပြောသည်။ **(သပြေထွန်း)**



**■ ချင်းတွင်းမြစ်မှ**

သက်ကယ်အင်္ကျီ၊ သက်ကယ်ဗောကွင်း စီမံထားရှိမှု ရှိ/မရှိ၊ မီးသတ်ဆေးဘူးနှင့် မီးသတ်ကိရိယာများနှင့် ရေယာဉ်အတွင်း အကြောင်းအမျိုးမျိုးကြောင့် ရေများ ဝင်ရောက်လာပါက စုပ်ထုတ်နိုင်ရန်အတွက် အပို ရေစုပ်စက်ငယ်ပါရှိမှု ရှိ/မရှိ၊ ဒါ့အပြင် ရေယာဉ်အန္တရာယ် ဖြစ်ပေါ်နိုင်တဲ့ အခြေအနေမျိုးကို ရောက်ရှိနိုင်တဲ့အချက်များ (ဥပမာ လူလျှောက်လမ်းနှင့် ရေယာဉ်ဦးပိုင်း၊ ပဲ့ပိုင်း၊ ရေယာဉ်အမိုးပေါ်တို့တွင် ကုန်ပစ္စည်းများ တင်ဆောင်ထားခြင်း ရှိ/မရှိ)၊ ရေယာဉ်ပေါ်တွင် သတ်မှတ်ထားသည့် ရေယာဉ်လုပ်သား လုံလောက်စွာပါရှိမှု ရှိ/မရှိ စစ်ဆေးပါတယ်။

အဓိကကတော့ ခရီးသည်တင်ရေယာဉ်တွေမှာ ကုန်စည်တင်ဆောင်ခွင့်မရှိတဲ့အတွက် ခရီးသည် တစ်ပါတည်းပါရှိတဲ့ ပစ္စည်းများမှအပ အခြားကုန်စည်များ တင်ဆောင်ထားခြင်း ရှိ/မရှိ စစ်ဆေးပါတယ်။ တကယ်လို့ ဝန်တင်မျဉ်းထက်ကျော်လွန်ပြီး ခရီးသည်နှင့် ကုန်စည်တင်ဆောင်ထားတာ တွေ့ရှိပါက အဆိုပါခရီးသည်နဲ့ ကုန်ပစ္စည်းတွေကို အခြားရေယာဉ်တစ်စီးဖြင့် လွှဲပြောင်းနိုင်ရေး ညွှန်ကြားခဲ့ပါတယ်။ အရေးကြီးဆုံးအနေနဲ့ ရေယာဉ်မှူးနှင့် လုပ်သားတွေကို လမ်းခရီးတစ်လျှောက်မှာ ထပ်တိုးမတင်ဘဲ သတ်မှတ်ခရီးသည်၊ ကုန်စည်အတိုင်း တင်ဆောင်ပြေးဆွဲရန်နဲ့ ရေယာဉ်အရေးပေါ်အခြေအနေ ရုတ်တရက်ကြုံတွေ့လာပါက အချိန်နှင့်တစ်ပြေးညီ လိုက်နာဆောင်ရွက်ရမယ့် အချက်တွေကိုလည်း ပညာပေးဟောပြောပွဲတွေ ပြုလုပ်ပြီး အသိပညာပေးလျက်ရှိပါတယ်။ ရေယာဉ်တွေအနေနဲ့ သတ်မှတ်ညွှန်ကြားချက်တွေကို မလိုက်နာလျှင် ရေကြောင်းဥပဒေများအရ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမယ်။ လတ်တလောအနေနဲ့ လူမှုကွန်ရက်စာမျက်နှာတွေမှာ ရေယာဉ်တွေနဲ့ပတ်သက်ပြီး အရင်က ပုံအဟောင်းတွေနဲ့ အများပြည်သူ ထင်ယောင်ထင်မှားဖြစ်အောင် သတင်းအမှားတွေ ဖြန့်ဝေနေတာကို တွေ့နေရပါတယ်။ လက်ရှိအချိန်မှာ ခရီးသွားပြည်သူတွေ မလိုလားအပ်တဲ့ ဘေးအန္တရာယ်တွေ မဖြစ်ပေါ်စေရေးအတွက် ရေယာဉ်တွေကို မုံရွာဆိပ်ကမ်းမှ သတ်မှတ်ညွှန်ကြားချက်များနဲ့အညီ စနစ်တကျစစ်ဆေးပြီး စေလွှတ်ပေးလျက်ရှိပါတယ်"ဟု ပြောကြားခဲ့သည်။

သို့ဖြစ်ရာ မုံရွာဆိပ်ကမ်းကို အခြေပြုပြီး အထက်ချင်းတွင်းဒေသသို့ အစုန်/အဆန် ပြေးဆွဲလျက်ရှိသည့် ခရီးသည်တင်အမြန်ရေယာဉ်အသင်း ၁၀ သင်းမှ အမြန်ရေယာဉ် ၁၃၄ စင်း ပုံမှန်ပြေးဆွဲပေးလျက်ရှိကြောင်း သိရသည်။

**ဖိုးချမ်း(မုံရွာ)**

# မြန်မာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ ဆက်လက်ကျင်းပ

နေပြည်တော် အောက်တိုဘာ ၂၃

**(၂၂) ကြိမ်မြောက် မြန်မာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ ဆဋ္ဌမနေ့ကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ရေဆင်းတက္ကသိုလ်များနယ်မြေရှိ သတ်မှတ်နေရာအသီးသီး၌ ဆက်လက်ကျင်းပရာ အနုပညာရှင်များ၏ လက်စွမ်းပြဖျော်ဖြေတင်ဆက်မှုများနှင့် အနုပညာကို ချစ်မြတ်နိုးကြသူများ၏ အားပေးသံများဖြင့် စည်ကားလျက်ရှိသည်။**



ဝါသနာရှင်အဆင့် ကွက်စိပ်ပြိုင်ပွဲတွင် မကွေးတိုင်းဒေသကြီးမှ ဦးခေတ်သစ်ကြည် ယှဉ်ပြိုင်စဉ်။

## အဆိုပြိုင်ပွဲ

အဆိုပြိုင်ပွဲ၏ အမျိုးဂုဏ်ဇာတိဂုဏ်ပြိုင်ပွဲကို စိုက်ပျိုးရေးတက္ကသိုလ် စာသင်ခန်းမဆောင်အမှတ်(၅)၌ ကျင်းပရာ **ဝါသနာရှင်အဆင့်(ဒုတိယတန်း)** အမျိုးသား ပြိုင်ပွဲတွင် ကချင်ပြည်နယ်မှ မောင်သန့်ဇင်ဦး၊ မွန်ပြည်နယ်မှ ဦးဇင်မျိုးပိုင်၊ ရခိုင်ပြည်နယ်မှ ဦးခင်မောင်ရီ၊ ရှမ်းပြည်နယ်မှ ဦးစိုးမြင့်ဦး၊ ရန်ကုန်တိုင်းဒေသကြီးမှ ဦးချမ်းမြေ့၊ မန္တလေးတိုင်းဒေသကြီးမှ ဦးသန့်ဇင်အောင်၊ စစ်ကိုင်းတိုင်းဒေသကြီးမှ ဦးဇော်မင်းအောင်၊ မကွေးတိုင်းဒေသကြီးမှ ဦးထွန်းထွန်းနိုင်နှင့် ပဲခူးတိုင်းဒေသကြီးမှ ဦးဘိုဘိုမင်းတို့က **ဒေါ်ကြည်အောင်၏ ဗမာ့သွေး**သီချင်းဖြင့်လည်းကောင်း၊ **အဆင့်မြင့်ပညာအဆင့်** အမျိုးသမီးပြိုင်ပွဲတွင် ကချင်ပြည်နယ်မှ မမေသူဇာစိုး၊ ကရင်ပြည်နယ်မှ မသဲနုအေး၊ ချင်းပြည်နယ်မှ မနန်းမို့မို့အေး၊ မွန်ပြည်နယ်မှ မပိုးမီမီဟန်၊ ရခိုင်ပြည်နယ်မှ မလဲ့ရည်ကို၊ ရှမ်းပြည်နယ်မှ မယွန်းဇာနည်ဖူး၊ ရန်ကုန်တိုင်းဒေသကြီးမှ မခင်မြတ်မွန်၊ မန္တလေးတိုင်းဒေသကြီးမှ မအေးအေးဖြိုး၊ စစ်ကိုင်းတိုင်းဒေသကြီးမှ မအိနန္ဒာမောင်နှင့် ပဲခူးတိုင်းဒေသကြီးမှ မအိဟေမာန် တို့က **ပြည်လှဖေ၏ ဖွဲ့သီချင်း**ဖြင့်လည်းကောင်း စိတ်အားတက်ကြွဖွယ် သီဆိုယှဉ်ပြိုင်ကြသည်။

## အကပြိုင်ပွဲ

အကပြိုင်ပွဲ၏ ကရင်ဒုံးယိမ်းအကပြိုင်ပွဲကို မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ် ရွှေရတုခန်းမ၌ကျင်းပရာ ရိုးရာယဉ်ကျေးမှုများ မပျောက်ပျက်အောင် လက်တွဲမဖြုတ်စတမ်း ထိန်းသိမ်းရန် ရည်ညွှန်းသည့် **လက်တွဲညီညီရှေ့သို့ချီ** သီချင်းဖြင့် ကရင်ရိုးရာ ဒုံးယိမ်းအက ပြိုင်ပွဲကို ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီးတို့မှ ယိမ်းအဖွဲ့ဝင်များက တက်ကြွပျော်ရွှင်စွာ ပါဝင်ဆင်နွှဲယှဉ်ပြိုင်ကြသည်။



အမျိုးဂုဏ် ဇာတိဂုဏ် အဆင့်မြင့်ပညာအဆင့် (အမျိုးသမီး)အဆိုပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီးမှ မအေးအေးဖြိုး ယှဉ်ပြိုင်စဉ်။

ဆက်လက်၍ ရုပ်သေးပြိုင်ပွဲကို ကျင်းပရာ **ဝါသနာရှင်အဆင့် (ဒုတိယတန်း)** အမျိုးသားပြိုင်ပွဲတွင် ကရင်ပြည်နယ်မှ ဦးသက်နိုင်ဝင်း၊ ရှမ်းပြည်နယ်မှ မောင်ထွဋ်မြတ်ဦး၊ ရန်ကုန်တိုင်းဒေသကြီးမှ မောင်စောဟေမာန်ဦး၊ မန္တလေးတိုင်းဒေသကြီးမှ မောင်ဝေလင်းဦး၊ စစ်ကိုင်းတိုင်းဒေသကြီးမှ မောင်အောင်ကျော်ကျော်နှင့် ပဲခူးတိုင်းဒေသကြီးမှ မောင်နိုင်လင်းဦးတို့က လည်းကောင်း၊ **ဝါသနာရှင်အဆင့်(ဒုတိယတန်း)**အမျိုးသမီး ပြိုင်ပွဲတွင် ကချင်ပြည်နယ်မှ ဒေါ်သက်ထားစံ၊ ရှမ်းပြည်နယ်မှ မသဲအေးအေးနွယ်၊ ရန်ကုန်တိုင်းဒေသကြီးမှ မထက်ထက်ဝတ်ရည်ဝင်း၊ မန္တလေးတိုင်းဒေသကြီးမှ မသဲဆုဝေ၊ စစ်ကိုင်းတိုင်းဒေသကြီးမှ ဒေါ်ပြုံးတင်နှင့် ဧရာဝတီတိုင်းဒေသကြီးမှ ဒေါ်ဝင်းဝင်းမြင့်တို့ကလည်းကောင်း ယှဉ်ပြိုင်ကြသည်။

## အရေးပြိုင်ပွဲ

အရေးပြိုင်ပွဲ၏ အရေးတေးသီချင်းပြိုင်ပွဲကို စိုက်ပျိုးရေးသုတေသနဦးစီးဌာန သင်တန်းခန်းမ(၁)၌ကျင်းပရာ **ဝါသနာရှင်အဆင့်(ဒုတိယတန်း)**ပြိုင်ပွဲတွင် ကယားပြည်နယ်မှ ဦးသိန်းအောင်၊ ချင်းပြည်နယ်မှ ဦးတင်ဝင်းစိုး၊ မွန်ပြည်နယ်မှ ဦးစိုးသက်၊ ရခိုင်ပြည်နယ်မှ ဒေါ်စန်းစန်းမြင့်၊ ရှမ်းပြည်နယ်မှ ဦးဟန်မျိုးအောင်၊ ရန်ကုန်တိုင်းဒေသကြီးမှ ဒေါ်သန်းသန်းနိုင်၊ မန္တလေးတိုင်းဒေသကြီးမှ ဦးစိုးသူရ၊ စစ်ကိုင်းတိုင်းဒေသကြီးမှ ဒေါ်ခင်ချစ်စုမာ၊ မကွေးတိုင်းဒေသကြီးမှ ဦးခင်ညွန့်၊ ပဲခူးတိုင်းဒေသကြီးမှ ဦးကျော်ခင်၊ ဧရာဝတီတိုင်းဒေသကြီးမှ ဦးကျော်ကျော်နှင့် တနင်္သာရီတိုင်းဒေသကြီးမှ ဦးမင်းသူတို့က ယှဉ်ပြိုင်ကြသည်။

## အတီးပြိုင်ပွဲ

အတီးပြိုင်ပွဲ၏ ဆိုင်းတစ်ဦးချင်းပြိုင်ပွဲကို သစ်တောသုတေသနဌာန စုဝေးခန်းမ၌ ကျင်းပရာ **ဝါသနာရှင်အဆင့် (ဒုတိယတန်း)** အမျိုးသမီးပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးမှ မဝင်းလဲ့လဲ့ထွန်း၊ မန္တလေးတိုင်းဒေသကြီးမှ ဒေါ်ငွေးငွေးအေးနှင့် ပဲခူးတိုင်းဒေသကြီးမှ မစန္ဒာလင်းတို့က **နှင်းယွန်းခါဟေမာန် (ယိုးဒယား)** ဖြင့်လည်းကောင်း၊ **အခြေခံပညာအဆင့်**(အသက် ၁၀ နှစ်မှ ၁၅နှစ်)အမျိုးသမီးပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးမှ မဝင့်ရွှေရည်မိုး(ခ) စတားရွှေရည်ဖိုးဇော်၊ စစ်ကိုင်းတိုင်းဒေသကြီးမှ မသီရိနိုင်၊ ပဲခူးတိုင်းဒေသကြီးမှ မမိုးပြည့်ပြည့်နိုင်နှင့် ဧရာဝတီတိုင်းဒေသကြီးမှ မအေးဆုသန့်ဇင်တို့က **စိမ်းလဲ့လဲ့(ကြိုး)**ဖြင့်လည်းကောင်း၊ **အဆင့်မြင့်ပညာအဆင့်** အမျိုးသားပြိုင်ပွဲတွင် ကယားပြည်နယ်မှ မောင်ဝင်းကိုကိုဦး၊ ရန်ကုန်တိုင်းဒေသကြီးမှ မောင်အောင်မျိုးထွန်း၊ မကွေးတိုင်းဒေသကြီးမှ မောင်ဝေယံမိုးနှင့် ပဲခူးတိုင်းဒေသကြီးမှ မောင်ကျော်ထက်ဝင်းတို့က **မှန်ညောင်သဥ္ဇာ(ဝတ်တော်ရုံဘွဲ့)**ဖြင့် လည်းကောင်း၊ **အဆင့်မြင့်ပညာအဆင့်** အမျိုးသမီးပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးမှ မသဇင်ထွေးက **ထွေထွေဆန်းဆန်း(ယိုးဒယား)**ဖြင့် လည်းကောင်း မြူးကြွသည့် ဆိုင်းလက်သံဖြင့် ယှဉ်ပြိုင်ကြသည်။

## ပလွေပြိုင်ပွဲ

ပလွေပြိုင်ပွဲကို စိုက်ပျိုးရေးသုတေသနဦးစီးဌာန စုဝေးခန်းမ၌ကျင်းပရာ **ဝါသနာရှင်အဆင့်(ပထမတန်း)** ပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးမှ ဦးစိန်မောင်အိက **ဇမ္ဗူကျွန်းလုံး(သီချင်းခံ)** ဖြင့် လည်းကောင်း၊ **အဆင့်မြင့်ပညာအဆင့်**ပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးမှ မောင်ဝေယံထက်မြတ်ဇော်နှင့် မန္တလေးတိုင်းဒေသကြီးမှ မောင်ဖြိုးကိုကိုတို့က **နှစ်ကိုယ်သစ္စာ(ပတ်ပျိုး)**ဖြင့် လည်းကောင်း၊ **ဝါသနာရှင်အဆင့်(ဒုတိယတန်း)**ပြိုင်ပွဲတွင် ရခိုင်ပြည်နယ်မှ ဦးသန်းရွှေ၊ ရန်ကုန်တိုင်းဒေသကြီးမှ ဦးကျော်ရွှေ၊ မန္တလေးတိုင်းဒေသကြီးမှ ဦးဇင်ဝိုင်း၊ စစ်ကိုင်းတိုင်းဒေသကြီးမှ ဦးသာအေးနှင့် ပဲခူးတိုင်းဒေသကြီးမှ ဦးခင်ညွန့်တို့က **ယမုန်နာ(ပတ်ပျိုး)**ဖြင့်လည်းကောင်း၊ **အခြေခံပညာအဆင့်**(အသက် ၁၀ နှစ်မှ ၁၅ နှစ်)ပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးမှ မောင်အောင်ပြည့်စုံ၊ မန္တလေးတိုင်းဒေသကြီးမှ မောင်ထက်ဝေယံနှင့် စစ်ကိုင်းတိုင်းဒေသကြီးမှ မောင်ငယ်သွေးတို့က **ဘုံဆောင်မြင့်(ကြိုး)**ဖြင့်လည်းကောင်း၊ **အခြေခံပညာအဆင့်**(အသက် ၁၅ နှစ်မှ ၂၀ နှစ်)ပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးမှ မောင်တိမ်မင်းခန့်က **ဘုံဆောင်မြင့်(ကြိုး)**ဖြင့် လည်းကောင်း ယှဉ်ပြိုင်ကြသည်။



အခြေခံပညာအဆင့် အသက်(၁၀-၁၅)နှစ် ပလွေပြိုင်ပွဲတွင် စစ်ကိုင်းတိုင်းဒေသကြီးမှ မောင်ငယ်သွေး ယှဉ်ပြိုင်စဉ်။

## ဒုံမင်းပြိုင်ပွဲ

ဒုံမင်းပြိုင်ပွဲကို သစ်တောတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပရာ **ဝါသနာရှင်အဆင့်(ပထမတန်း)** အမျိုးသားပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးမှ ဦးလှိုင်တင့်ဆွေ၊ မန္တလေးတိုင်းဒေသကြီးမှ ဦးကြည်ဝင်းနှင့် ပဲခူးတိုင်းဒေသကြီးမှ ဦးစိန်ဝင်းတို့က **ချစ်သမျှကို(ပတ်ပျိုး)**ဖြင့် လည်းကောင်း၊ **အဆင့်မြင့်ပညာအဆင့်** အမျိုးသားပြိုင်ပွဲတွင် ရှမ်းပြည်နယ်မှ မောင်ခိုင်ဇော်လတ်၊ ရန်ကုန်တိုင်းဒေသကြီးမှ မောင်ထက်ကိုကိုလင်းနှင့် ပဲခူးတိုင်းဒေသကြီးမှ မောင်ဝေလျှံဖြိုးတို့က **ရှင်သီဝလိ(ကာလပေါ်)**ဖြင့် လည်းကောင်း၊ **အဆင့်မြင့်ပညာအဆင့်** အမျိုးသမီးပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးမှ မဆုမြတ်နိုးနှင့် ဧရာဝတီတိုင်းဒေသကြီးမှ မရွှေဝင့်ထည်ကို တို့က **သောင်းရွှေလယ် (ယိုးဒယား)**ဖြင့်လည်းကောင်း၊ **အခြေခံပညာအဆင့်**



ဝါသနာရှင်အဆင့် ဒုတိယတန်း(အမျိုးသား)ရုပ်သေးပြိုင်ပွဲတွင် ရှမ်းပြည်နယ်မှ မောင်ထွဋ်မြတ်ဦး ယှဉ်ပြိုင်စဉ်။

(အသက် ၁၅ နှစ်မှ ၂၀ နှစ်) အမျိုးသားပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးမှ မောင်ဝေယံဖြိုးက **ဓမ္မစကြာ(ကာလပေါ်)** ဖြင့်လည်းကောင်း၊ **အခြေခံပညာအဆင့်**(အသက် ၁၅ နှစ်မှ ၂၀ နှစ်) အမျိုးသမီးပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးမှ မအိဖြိုးသက်နိုင်ဦးက **ဓမ္မစကြာ(ကာလပေါ်)**ဖြင့် လည်းကောင်း ဒုံမင်းသံသာဖြင့် ယှဉ်ပြိုင်ကြသည်။

## ကွက်စိပ်ပြိုင်ပွဲ

ကွက်စိပ်ပြိုင်ပွဲကို စိုက်ပျိုးရေးတက္ကသိုလ် ပတ္တမြားခန်းမ၌ကျင်းပရာ **ဝါသနာရှင်အဆင့်** ပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးမှ ဦးလှမျိုးထက်၊ မန္တလေးတိုင်းဒေသကြီးမှ ဦးသက်ဇော်၊ စစ်ကိုင်းတိုင်းဒေသကြီးမှ ဦးခေတ်သစ်မော်၊ မကွေးတိုင်းဒေသကြီးမှ ဦးခေတ်သစ်ကြည်၊ ပဲခူးတိုင်းဒေသကြီးမှ ဦးရန်းကျော်နှင့် ဧရာဝတီတိုင်းဒေသကြီးမှ မင်းသန်းဝင်း(ဟင်္သာတ)တို့က ယှဉ်ပြိုင်ကြသည်။

ယနေ့ကျင်းပသည့် ပြိုင်ပွဲများသို့ (၂၂)ကြိမ်မြောက် မြန်မာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို၊ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်၊ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်း၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အနုသုခုမပညာရပ်ကို စိတ်ဝင်စားကြသည့် ပြည်သူများက လာရောက်ကြည့်ရှုအားပေးကြသည်။

**(သတင်းစဉ်)**



အဆင့်မြင့်ပညာအဆင့်(အမျိုးသား) ဆိုင်းတစ်ဦးချင်းပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးမှ မောင်အောင်မျိုးထွန်း ယှဉ်ပြိုင်စဉ်။



အဆင့်မြင့်ပညာအဆင့်(အမျိုးသား) ဒုံမင်းပြိုင်ပွဲတွင် ပဲခူးတိုင်းဒေသကြီးမှ မောင်ဝေလျှံဖြိုး ယှဉ်ပြိုင်စဉ်။

# ကြေးမုံ ဖတ်ကြည့်

**မြန်မာစာပေပြန့်ပွားရေး၊ တိုးတက်ထွန်းကားရေးနှင့် စာဖတ်ပရိသတ်များ စာအုပ်စာပေအပေါ်တွင် ပိုမိုစိတ်ဝင်စားမှု ရှိစေရေးအတွက် "ကြေးမုံဖတ်ကြည့်"ကဏ္ဍသစ်ကို ဖွင့်လှစ်လိုက်ပါသည်။ ကြေးမုံဖတ်ကြည့်ကဏ္ဍသည် စာအုပ်ထုတ်ဝေမှုသတင်းများကိုလည်း ပုံမှန်ဖော်ပြပေးခြင်းဖြင့် စာသမားများ၏ချင်ခြင်းကို တစ်ဖက်တစ်လမ်းမှ ကူညီပေးလိုပါသည်။ ပုံနှိပ်ထုတ်ဝေမှုသတင်း၊ ကြေးမုံဖတ်ကြည့်ကဏ္ဍဟု ထင်ရှားစွာလိပ်မူ၍ အမှတ်(၇၇)၊ (၅၂)လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့် ပုဇွန်တောင်မြို့နယ် ရန်ကုန်မြို့ ကြေးမုံသတင်းစာတိုက်သို့ ပေးပို့နိုင်ကြပါသည်။**

## ကျော်စောမင်း

### ၁။ နိုဘယ်ဆုရတို့၏ ဝတ္ထုတိုများ

ဒိုင်းနမိုက်ကို တီထွင်ပြီး အလွန်တရာကြွယ်ဝသွားသော သိပ္ပံပညာရှင် အယ်လ်ဖရက်နိုဘယ်(Nobel)သည် တစ်နေ့ မနက်စောစော သတင်းစာလှန်လိုက်သောအခါ သူ့နာရေးကြော်ငြာကို တွေ့လိုက်ရသည်ဟုဆိုပါသည်။ နာရေးသတင်းလည်းဖြစ်နိုင်သည်။ အမှန်က သူ့ဆွေမျိုး (ညီနောင်ဝမ်းကွဲ)တစ်ဦး ကွယ်လွန်ခြင်းဖြစ်သည်။ သတင်းစာက အယ်လ်ဖရက်နိုဘယ်ဟု မှားရေးလိုက်ခြင်းဖြစ်သည်။ ယမ်းဘီလူးကို တီထွင်ခြင်းဖြင့် စစ်ပွဲများ၏ ချိန်ခွင်လျှာကို အဆုံးအဖြတ်ပေးခဲ့သူဆိုတာမျိုး သတင်းရေးသည်ဟု ယူဆရပါသည်။ အမှန်တော့ ယမ်းဘီလူးသည် တောင်ဖြိုခြင်း၊ ဥမင်လိုဏ်ခေါင်းဖောက်ခြင်းတို့တွင် အလွန်အသုံးဝင်သဖြင့် လူသားတို့အတွက် အကျိုးပြုလုပ်ငန်းလည်း လုပ်နိုင်ခဲ့သည်သာဖြစ်၏။ သို့သော် ထိုအချိန်က နိုဘယ်ဆိုလျှင် လူသတ်ရာတွင် စွမ်းအားပြင်းလှ၊ ထိရောက်လှသော ဗုံးများအတွက် ယမ်းဘီလူး တီထွင်သူဟုသာ သိနေကြပါသည်။

ထိုနာရေးသတင်းကိုဖတ်ပြီး နိုဘယ်စဉ်းစားမိသည်။ အခုနေများ ငါတကယ်သေသွားရင် လူသတ်လက်နက်ဘုရင်ကြီးလို့ မော်ကွန်းထိုးကြတော့မှာပဲဟု ရင်ပူသွားသည်။ လူတိုင်းက နာမည်ကောင်းလေးနှင့် သေချင်သည်။ အလွန်ရက်စက်ယုတ်မာသူမျိုးပင် သူသာန်ဇရပ်အတွက် ပျဉ်ကလေးတစ်ချပ်လောက် တံ့တံ့ဆိုင်းဆိုင်းနှင့်လှူပြီး ဇရပ်ဒကာနာမည်ခံလိုသည်။ ကိုယ့်ကိုယ်ကိုယ် ပြန်စစ်ကြည့်တော့ နာမည်ကောင်းရမည့်အလုပ် တစ်ခုမျှမလုပ်ရသေးသည်ကို နိုဘယ်တွေ့သည်။ အသေလှဖို့(ဝါ) နာမည်ကောင်းမော်ကွန်းကျန်ခဲ့ဖို့ သူဆုံးဖြတ်ပြီး သူပိုင်ဥစ္စာနေနှင့် ခံစားခွင့်များမှအများစုကို ပေးလှူကာ နိုဘယ်ဖောင်ဒေးရှင်းကို ထူထောင်သည်။ ရူပဗေဒ၊ ဓာတုဗေဒ၊ ဆေးပညာ စသောနယ်ပယ်များမှ အထူးချွန်ဆုံးပညာရှင်များကို နိုဘယ်ဆုချီးမြှင့်သည်။ စာပေဆုနှင့် ငြိမ်းချမ်းရေးဆုပါ ထပ်ချဲ့ပြီးနောင်တော့ စီးပွားရေးပညာ ဘောဂဗေဒကိုပါ ထပ်ဖြည့်ပါသည်။

ဆုအလိုက်ရွေးချယ်မှုကော်မတီများ ဖွဲ့စည်းပြီး လုပ်ပိုင်ခွင့်များပေးထားသည်။ ထိုကော်မတီတို့က ရွေးချယ်ပေးသည်ကို မူလနိုဘယ်ကော်မတီကြီးက အတည်ပြုပေးရသည်။ ပညာရပ်ဆိုင်ရာများတွင် ပြဿနာလုံးဝမရှိခဲ့ဖူးသော်လည်း ငြိမ်းချမ်းရေးတို့၊ စာပေတို့မှာ တစ်ခါတစ်ရံ ပြဿနာပေါ်တတ်သည်။ ပင်ကိုအရည်အသွေးထက် နိုင်ငံရေးကို အလေးကဲခြင်း၊ သြဇာရှိကော်မတီဝင်တစ်ဦးတစ်ယောက်က လွှမ်းမိုးလွန်းခြင်းတို့ကြောင့် ဗုံမဟုတ်ပတ်မဟုတ်တွေက ဆုရကြခြင်းမှာ အဓိကဝေဖန်ထိုးနှက်ချက်ဖြစ်သည်။ ပြင်သစ်စာရေးဆရာ ယောန်းပေါလ်ဆတ် Jean-Paul Stare ဆိုလျှင် သူ့အားစာပေနိုဘယ်ဆုပေးသည်ကို ငြင်းပယ်ခဲ့ဖူးသည်။

ဤကား နိဒါန်းမျှသာဖြစ်ပါသည်။ ကမ္ဘာပေါ်တွင် အမြင့်ဆုံးစာပေဆုဟု ဆိုသော်လည်း ရွေးချယ်သည့်ကော်မတီဝင်တွေက အူကြောင်ကျား mediocre တွေဖြစ်နေလျှင် စာပေနိုဘယ်ဆုလည်း ဟာသပြက်လုံးဘဝရောက်တတ်သည်ဟု ဆိုလိုရင်းဖြစ်သည်။ ကိုယ့်လူကိုယ်ပေး၊ ကိုယ်ရွေးကိုယ်ယူ သူကောင်းသားများ သတိထားကြရန်ဖြစ်ပါ၏။

ကျွန်တော်ပြောချင်သည်က နိုဘယ်နှင့် ကျွန်တော်တို့၏ ဆက်ဆံရေးဖြစ်သည်။ ၂၀၁၄ ခုနှစ်တွင် နိုဘယ်ကော်မတီက ဆက်သွယ်လာသည်။ နိုဘယ်ကော်မတီဟု ဆိုရသော်လည်း နိုဘယ်ဖောင်ဒေးရှင်း၏ စာပေကော်မတီနှင့် ဆက်သွယ်ခြင်းဖြစ်သည်။ သူတို့၏ အစီအစဉ်ဖြင့် စာပေပွဲလုပ်ခဲ့သည်မှာ နှစ်ကြိမ်ရှိပါပြီ။ ပထမဆုံးအကြိမ်ကတော့ အထွေထွေမိတ်ဆက်သဘောမျိုးဖြစ်၍ ဝတ္ထုကိုခေါင်းစဉ်တပ်သော်လည်း မိတ်ဆက်ဟောပြောချက်များသာဖြစ်ပြီး ဝတ္ထုကိုတော့ ဦးစားပေးသည်။ နိုဘယ်ဆုရစာရေးဆရာများ၏ ဝတ္ထုရှည်၊ ဝတ္ထုတိုများကိုလည်း ပြန်ထုတ်စေသည်။ အချိန်နှစ်လမပြည့်တစ်ပြည့်အတွင်း စာအုပ် ၁၀၀ ခန့် ပုံနှိပ်ထုတ်ဝေပြနိုင်လိုက်၍ နိုဘယ်ကော်မတီမှ တာဝန်ရှိသူများ မျက်လုံးပြူးသွားကြသည်။ ဒုတိယပွဲကား ကလေးစာပေဖြစ်သည်။ ထိုပွဲတွင်လည်း အဟောင်းများအပြင် အသစ်များကိုပါ ရိုက်နှိပ်၍ ဝေငှရောင်းချပေးနိုင်ခဲ့ပါသည်။

လမ်းကြုံ၍ မေးခွန်းတစ်ခုအကြောင်း ပြောပါဦးမည်။ ပထမပွဲသို့တက်လာသော နိုဘယ်ကော်မတီဝင်တစ်ဦးက မြန်မာပြည်မှာကော နိုဘယ်ဆုရနိုင်လောက်တဲ့ စာရေးဆရာတွေမရှိဘူးလားဟု မေးပါသည်။ နိုင်ငံတော်အတွက် ဂုဏ်ယူနိုင်လောက်တဲ့ စာရေးဆရာတွေရှိပါတယ်။ ဒါပေမယ့် နိုဘယ်ဆုနဲ့တော့ ဝေးနေဦးမှာပဲဟု ကျွန်တော်ဖြေခဲ့ပါသည်။ ဘာကြောင့်လဲဟု သူကထပ်မေးသဖြင့် အင်္ဂလိပ်လိုဘာသာပြန်ဖို့ ခက်နေခြင်းကို ရှင်းပြရပါသည်။ သူတို့ဆီရောက်ဖို့အတွက် အင်္ဂလိပ်စာအပါအဝင် နိုင်ငံ




တကာသုံးဟု ဆိုရသော ဘာသာစကားကြီး ငါးမျိုးအနက် တစ်မျိုးမျိုးဖြင့် ဘာသာပြန်ထားရလိမ့်မည်။ အင်္ဂလိပ်လို ကိုယ်တိုင်ရေးသူတချို့တော့ရှိပါသည်။ သူတို့၏ ဖန်တီးမှုစွမ်းအားက ကမ္ဘာ့စာပေနယ်၏ ဂန္ထဝင်အဆင့်ကိုရောက်ကြပါစေဟုပဲ ဆုတောင်းရမလိုဖြစ်နေသည်။ မူရင်းမြန်မာကို မီအောင် ပြန်နိုင်ဖို့က လွယ်သည်မဟုတ်ပါ။ အဖြစ်ဘာသာပြန်တွေကျပြန်တော့လည်း တလွဲအဓိပ္ပာယ်တွေပေါက်ပြီး အထင်သေးစရာဖြစ်မည်။ မြကန်သာကို The Emerald Lake လုပ်ပစ်တာမျိုး၊ သော့တွဲနှင့် နတ်ရုပ်ကို A Bunch of Keys and Angel Figure လုပ်တာမျိုးက မြန်မာစာပေကို ဘယ်လိုမှ ဂုဏ်မြှင့်ပေးမည်မဟုတ်။

**နိုဘယ်ဆုရ စာရေးဆရာတို့၏ ဝတ္ထုတိုလက်ရာမွန်များ** (စိတ်ကူးချိုချို၊ ဇန်နဝါရီ ၂၀၁၅၊ လက်ရာစုပေါင်း)သည် ပထမအကြိမ် နိုဘယ်-မြန်မာစာပေပွဲတော်အမီ ထုတ်ဝေပေးသောစာအုပ်ဖြစ်သည်။ ဝတ္ထုတို ၂၉ ပုဒ်ပါဝင်သည်။ ဘာသာပြန်သူများ၏ ကျွမ်းကျင်မှုကို အကြောင်းပြု၍ စာပေနိုဘယ်ဆုရ ပုဂ္ဂိုလ်အချို့၏ တွေးပုံ၊ ယူပုံ၊ ပေးပုံတို့ကို မြင်နိုင်ပါလိမ့်မည်။ ဖြုတ်စဗျင်းတောင်း (Nadine Gordimer-တက်တိုး)၊ နံရံ (Albert Camus-ကျော်လှိုင်ဦး)၊ မွေးရပ်မြေ (Kawabate-ရဲဘုန်းခေါင်)၊ ဟန်ဆောင်နေရတဲ့ မိန်းမ(Camus-မြင့်သန်း) တို့ကို ဖတ်ကြည့်စေချင်ပါသည်။

### ၂။ ရင်တုန်စရာဆု

စာပေရာသီရောက်လာတော့ ဆုသတင်းတွေကြားရသည်။ တချို့က ရင်မခုန်စရာ၊ ရင်မခုန်ချင်စရာဆု။ တချို့က ရင်ခုန်စရာဆု။ တချို့ကတော့ ရင်တုန်စရာဆု။

တကယ်စဉ်းစားကြည့်လျှင်တော့ ဆုမှန်သမျှမှာ ရင်တုန်စရာဆုမျှသာဖြစ်သည်။ အဖွဲ့တစ်ဖွဲ့က ရွေးပေးခြင်းဖြစ်တတ်လေရာ ဆုရသည်ဆိုခြင်းမှာ အရွေးခံပစ္စည်း၏ ဂုဏ်သတ္တိအစစ်အမှန်ကို ကိုယ်စားပြုနိုင်ခြင်းထက် ရွေးချယ်ရေးအဖွဲ့၏ အရည်အသွေးနှင့်သိက္ခာကို ကိုယ်စားပြုနေတတ်ခြင်းက များလှသည်။ ရှားရှားပါးပါး တစ်ခါတစ်ရံ (အူကြောင်ကြောင်နိုင်ငံများတွင်တော့ အမြဲလိုလို) တွင် အရွေးချယ်ခံပစ္စည်းကို ဖန်တီးလိုက်သူ၏ ဂုဏ်သတ္တိထူးများအား ကိုယ်စားပြုနေတတ်သည်။ တဲ့တိုးပြောရလျှင် စာအုပ်ကိုလှန်၍မျှမကြည့်ဘဲ ရေးသူအမည်ကြည့်ပြီး ရွေးချယ်ခြင်းမျိုးဖြစ်သည်။ ရွေးသူလည်းသိက္ခာကျ၊ ပေးသူလည်း သိက္ခာကျ၊ ယူသူလည်း သိက္ခာကျရလေသည်။

တိုက်ရိုက်မသက်ဆိုင်လှသော ကိစ္စတစ်ခုနှစ်ခု ပြောပါဦးမည်။ အင်္ဂလိပ်ခေတ်မှာ အဂ္ဂမဟာပဏ္ဍိတဘွဲ့ကို စတင်ဆက်ကပ်သည်။ ပထမဆုံးအကပ်ခံရသူမှာ လယ်တီဆရာတော်ဖြစ်သည်။ အဂ္ဂမဟာပဏ္ဍိတဘွဲ့အတွက် သတ်မှတ်ချက်မှာ ပိဋကတ်သုံးပုံကို မွှေနှောက်ချောက်ချားနိုင်ပြီး ပရိယတ္တိအတွက်ကော ပဋိပတ္တိအတွက်ပါ ဋီကာများ၊ ဒီပနီများ၊ ပကာသနီများကို (ကိုယ်ပိုင်ဉာဏ်စွမ်းဖြင့်) အသစ်ဖော်ထုတ်ရေးသားပြုစုသူဖြစ်ရမည်ဟု သတ်မှတ်ခဲ့ဖူးသည်။ ဘုရားရှိခိုးနည်းတို့၊




မင်္ဂလသုတ်ဆောင်ပုဒ်တို့လောက်နှင့်မရ။ ဟိုတုန်းကသည်လိုရှိခဲ့ဖူးကြောင်း ပြောလိုရင်းဖြစ်ပါသည်။

နောက်တစ်ခုမှာ လူပုဂ္ဂိုလ်များကိုသာပေးသော အလင်္ကာကျော်စွာဘွဲ့ဖြစ်သည်။ အလင်္ကာကျော်စွာဘွဲ့ကို ပထမဆုံးရရှိသူမှာ ဆရာကြီးသခင်ကိုယ်တော်မှိုင်းဖြစ်သည်။ နယ်ချဲ့ဆန့်ကျင်ရေး၊ တိုင်းပြည်လွတ်လပ်ရေးနှင့် အမျိုးသားရေးတို့အတွက် ဆိုးညစ်သော အုပ်စိုးသူများကို ထိုးနှက်ဝေဖန်ခဲ့သော နိုင်ငံပြုစာဆိုကြီးဖြစ်၍ ဆရာကြီး အလင်္ကာကျော်စွာဘွဲ့ရခြင်းအတွက် အလွှာအားလုံးက ကျေနပ်ဝမ်းမြောက်ခဲ့ကြသည်။ ဦးနုအစိုးရ၏ ဆိုးကွက်ညံ့ကွက်များကို ဆက်လက်ဝေဖန်မြဲဝေဖန်နေသောအခါ ပေးသူက မကျေနပ်နိုင်တော့ပေ။ ပြန်သိမ်းလို့လည်းမရသဖြင့် ဆုကိုပေါ်အောင်လုပ်ပစ်လိုက်သည်။ အူကြောင်ကျား mediocre တွေ၊ ဦးနုအတွက် မဲဆွယ်သီချင်းရေးသူတွေကိုပါ ပေးပစ်သည်။

ဤမျှလောက်အရိပ်အမြွက်ပြောပြီး ဆုအကြောင်းဆက်ပါမည်။ စာပေနိုဘယ်ဆုဆိုသည်မှာ ကမ္ဘာပေါ်ရှိ စာချစ်သူတို့ နှစ်တိုင်းရင်ခုန်ရသောဆုဖြစ်သည်။ သမိုင်းမှတ်တမ်းရေးသူမျှသာဖြစ်ပြီး ရသစာပေအတွက် ပြစရာတစ်ကွက်မျှပင်မရှိခဲ့သော ဝင်စတန်ချာချီက စာပေနိုဘယ်ဆုရသွားသောအခါ စီခနဲညံ့သွားသည်။ နိုဘယ်ကော်မတီကိုလည်း ဝိုင်းဟားကြသည်။ ဤလိုကိစ္စမျိုးမှာ ယနေ့ခေတ်လို Investigative Reporting ခေါ်ရေဆုံးရေဖျားလိုက်လံထောက်လှမ်းတူးဖော်ဖွင့်ချသော သတင်းစာပညာခေတ်တွင် တကယ့်အထုပ်ဖြေပွဲကြီးဖြစ်သွားနိုင်သည်။ ဘယ်သူကဘယ်လို အကြံအဖန်တွေများပြီး ဆုညာယူသွားတာ၊ ဘယ်သူ့စာအုပ်တွေကဖြင့် ရှဲဒိုးတွေဆိုတာမျိုး ပေါလောပေါ်သွားနိုင်သည်။ ကိုယ်ပိုင်အရည်အချင်းဆိုလို့ ဆုရအောင်ကြံတတ်ဖန်တတ်တာလေး တစ်ခုပဲရှိသူများကို ဆရာဇေယျ၏ ကလောင်သွားနှင့်မုန့်ဟင်းခါးဆိုသည့်အက်ဆေးကလေးပြန်ဖတ်ကြပါဟု အကြံပေးချင်နေသူများ တစ်ပုံကြီးရှိပါသည်။

ယခုနှစ်နိုဘယ်စာပေဆုကတော့ စီခနဲညံ့ရုံမက ထီခနဲဂွမ်ခနဲပင်ညံ့ပါသည်။ Cretive Writer and Poets များနှင့်သာဆိုင်သောဆုကိုရသွားသူမှာ ဘော့ဘ်ဒီလန် Bob Dylan ဖြစ်နေ၍ ဖြစ်သည်။ သူဘယ်သူလဲ ဆိုတာမသိလျှင်တော့ကိစ္စရှိလာပါပြီ။ သီချင်းသည်ဂီတဖြစ်၏။ ဘာမှကိစ္စမရှိ။ သီချင်းရေးဆရာ အဆိုတော်ဟု သိလိုက်လျှင်တော့ကိစ္စရှိလာပါပြီ။ သီချင်းသည်ဂီတဖြစ်၏။ ကိုယ်တိုင်ကဗျာရေးပြီးမှ သီချင်းအဖြစ်သီဆိုသော ဂျုံးဘေးယက်ဇ်(Joan Baez)လိုပင် သူ့သီချင်းများကြိုက်သည့်တိုင် သူ့ကဗျာများက သိပ်စာပေအရာမမြောက်ဟုယူဆ၍ ကဗျာအဖြစ်မကြိုက်ပါ။ စုံနံ့သာမြိုင်ကို စာပေအဖြစ်ကြိုက်သော်လည်း အသံသွင်းသောအခါ သီချင်းအဖြစ်မကြိုက်။ ရပ်ကြီးသူကိုသီချင်းအဖြစ်ကြိုက်သော်လည်း စာပေအဖြစ်မကြိုက်။

စဉ်းစားမိတာ နှစ်ခုရှိသည်။ စာအုပ်ပေါင်းရာကျော်ရေးခဲ့သော်လည်း တစ်ဝက်လောက်ကသာ အဆင့်အတန်းရှိသောစာ Literature ဖြစ်ပြီး ကျန်တစ်ဝက်က အပျော်ဖတ်အဆင့် Pulp fiction ဟုအကဲဖြတ်ကာ နိုဘယ်စာပေဆုအတွက် နှစ်စဉ်ပုတ်ချခံနေရသော ဂရမ်ကရင်း Graham Greeme အကြောင်းကတစ်ခု။ နောက်တစ်ခုကတော့ စောစောက စာအုပ်ကို နိုဘယ်စာပေဆုရှင်တို့၏ ဝတ္ထုလက်ရာ၊ ကဗျာလက်ရာ စသဖြင့် စာအုပ်ထုတ်ကြသည့်အခါ ယခုနှစ် သီချင်းသည်ကြီး၏ ဘယ်ဝတ္ထု၊ ဘယ်ကဗျာ၊ ဘယ်အက်ဆေးကို ရွေးမှာလဲဆိုခြင်းက တစ်ခု။

ဆုရွေးချယ်ရေးပုဂ္ဂိုလ်များသို့ အကြံပြုလိုသောအချက်တစ်ချက်ရှိနေသည်။ သိပ်ပေးချင်လွန်းနေလျှင် ဆုသစ်တစ်ခု တီထွင်ပေးလိုက်ပါ။ စာပေဆုဆိုသည့် သိက္ခာကိုတော့ မကျဆင်းပါစေနှင့်ဟူ၍ဖြစ်ပါသည်။

### ၃။ သူရဲကောင်းဝါဒ

လူမျိုးတိုင်း၊ နိုင်ငံတိုင်း၏ စာပေတွင် သူရဲကောင်းဝါဒခေါ် heroism ကို ကိုယ်စားပြုသည့်စာပေရှိပါသည်။ အခက်အခဲများကို ကျော်ဖြတ်ရာတွင် ကျွမ်းကျင်ထက်မြက်သောကြောင့် ဘယ်တော့မဆို ဖြတ်ကျော် အောင်နိုင်သော လူသားမျိုးဖြစ်သည်။ စရိုက်သေ ခေါ် flat character များဖြစ်၍ ရဲရင့်မှု၊ ထက်မြက်မှု၊ မှန်ကန်မှုတို့တွင် အတိမ်းအစောင်းမရှိ တစ်ဖြောင့်တည်းသွားသည်။ အင်အားတို့၊ သဘာဝတရားတို့၊ လောကဓံတို့ကြောင့် ရှုံးနိမ့်ရခြင်းမျိုးရှိကောင်းရှိနိုင်သော်လည်း ထိုအဘိုးတို့က ယာယီမျှသာဖြစ်သည်။ အချိန်တန်လျှင် လူစွမ်းကောင်းကပဲ အောင်မြင်သည်။

ဤလိုဇာတ်လမ်းကျောရိုးကို ပုံပြင်များ၊ ရှေးဟောင်းဇာတ်လမ်းများတွင် တွေ့နိုင်သည်။ လူသားအနေဖြင့် အောင်နိုင်ရန် ခက်ခဲသောကိစ္စများကို ရှေးဆရာများက တန်ခိုးရှင်များ၊ နတ်သိကြားများက ပါဝင်ဖြေရှင်းပေးခန်းမျိုး ဇာတ်လမ်းဆင်တတ်သည်။ နောက်ဆရာများကတော့ မနားမနေထွက်ပေါက်ရှာခြင်း၊ ဇွဲလုံ့လကြီးခြင်း၊ ခေတ်ပေါ်ကိရိယာများကို ထိရောက်စွာသုံးစွဲခြင်းတို့ဖြင့် ဖြေရှင်းသည်။ ဤသို့ဖြင့် လူစွန့်စားဇာတ်လမ်းများ၊ စုံထောက်ဇာတ်လမ်းများ၊ စပိုင်ဇာတ်လမ်းများ၊ ရှေ့နေဇာတ်လမ်းများ ပေါ်လာခဲ့သည်။ ဂျမဒါကိုကိုကြီး(ရွှေဥဒေါင်း)ကဲ့သို့ ဝတ္ထုများမှာ ဤလိုသူရဲကောင်းဝတ္ထုများကို မြန်မာမှုပြုထားခြင်းဖြစ်သည်။ မင်းသိခ်၏ဇာတ်ကောင်အချို့နှင့် ရန်ကုန်ဘဆွေ၏ ဇာတ်ကောင်အချို့မှာ ဤလိုသူရဲကောင်းမျိုးဖြစ်သည်။

ပန်းဒေါင်းတွင် ပရဟိတသူရဲကောင်းအဖြစ် နာမည်ကြီးခဲ့သော ခင်နွယ်စိုးကို ပန်းမာန်တွင်ပို၍ကြီးမားလာသော သူရဲကောင်းအဖြစ် လင်္ကာရည်ကျော်က ဖွဲ့ဆိုသည်။ (ပန်းမာန်၊ လင်္ကာရည်ကျော်၊ နန်းဒေဝီ၊ ၂၀၁၆ အောက်တိုဘာ)။

လင်္ကာရည်ကျော်သည် စာရေးဆရာတစ်ဦးဖြစ်သည်။ ဝတ္ထုဖွဲ့ရာတွင် အတိုကိုလည်းဖတ်ပျော်အောင်ရေးနိုင်သလို အရှည်ကိုလည်း ထောင့်စေ့အောင်ဇာတ်ကွက်ဆင်နိုင်သည်။ အရေးအဖွဲ့တွင် အားနည်းသယောင်ရှိသည်ဟူသော ဝေဖန်မှုများကြောင့်လားမသိ ယခုပန်းမာန်တွင် ဝန်းကျင်အဖွဲ့အနွဲ့ကို နည်းနည်းပိုဂရုစိုက်လာသည်ဟု ထင်ပါသည်။ ကြိုးနဲ့ကူးတာလည်း ခက်သယောင်ရှိပေမယ့် (စာ-၁၃၃)နှင့် အလှိုင်အလော(စာ-၁၆၃)တို့ကို သတိထားမိသည်။ ဒီမှာက သံချောင်း၊ သံချောင်းအတိုင်းလိုက်ရင် မောင်ရွှာရောက်ပြီ(စာ-၄၂)တွင် သဲချောင်းဖြစ်မည်ဟုထင်ပါသည်။ စာရေးဆရာ၏ စိတ်ကူးကွန့်မြူးမှုကြောင့် သက်ရှိထင်ရှားပုဂ္ဂိုလ်တစ်ဦးက လူစွမ်းကောင်းဖြစ်သွားရသောအခါတွင် အကြောင်းအမျိုးမျိုးကို အရင်းခံပြီး တိုက်ခိုက်မှုများရှိလာနိုင်ပါသည်။ စာဖတ်သူများကိုယ်တိုင်လည်း စာအုပ်၏ရှေ့ပိုင်းတွင်ပါသော "ပန်းမာန်အတွက် ကနဦးစကား"ကို အသေအချာဖတ်ရန် လိုပါလိမ့်မည်။

## ပြည်တွင်းရေးရာ

**ကျောဖုံးမှ**

မုန်တိုင်း၏ ဗဟိုချက်အနီးတွင် အများဆုံးလေတိုက်နှုန်းမှာတစ်နာရီ မိုင် ၄၀ ခန့်သာ ရှိနိုင်ပြီး ကမ်းခြေတစ်လျှောက်အများဆုံးမုန်တိုင်းဒီရေ အမြင့်မှာ တစ်ပေခန့်သာရှိနိုင်သည်ဟု ဒေါက်တာထွန်းလွင်က ခန့်မှန်းထားသည်။ မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှု ဦးစီးဌာနမှလည်း မိုးလေဝသ သတင်းထုတ်ပြန်ချက်များကို အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်ပေးလျက်ရှိပြီး သတင်းမီဒီယာများကလည်း ဖော်ပြပေးလျက်ရှိသည်။ အောက်တိုဘာ ၂၃ ရက် ညနေ ၄ နာရီအချိန် ထုတ်ပြန်ချက်အရ ဘင်္ဂလားပင်လယ်အော်တွင် ဖြစ်ပေါ်နေသောမုန်တိုင်းငယ်သည် သိသိသာသာရွေ့လျားခြင်းမရှိဘဲ ပိုမိုအားကောင်းလာကာ အားကောင်းသောမုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိခဲ့ပြီး မြန်မာနိုင်ငံ ကိုကိုးကျွန်း၏မြောက်-အနောက်မြောက်ဘက် ၈၅ မိုင်ခန့်၊ ပုသိမ်မြို့၏ အနောက်တောင်ဘက် ၁၂၅ မိုင်ခန့် ဂွမြို့၏ တောင်-အနောက်တောင်ဘက် ၁၅၅ မိုင်ခန့်၊ ရန်ကုန်မြို့၏ အနောက်တောင်ဘက် ၂၀၅ မိုင်ခန့်အကွာ ပင်လယ်ပြင်တွင် ဗဟိုပြုနေသည်။ အားကောင်းသောမုန်တိုင်းငယ်သည် ၁၂ နာရီအတွင်း ဆိုင်ကလုန်းမုန်တိုင်းအဖြစ်သို့ ရောက်ရှိနိုင်ပြီး မြန်မာနိုင်ငံကမ်းရိုးတန်း(မြစ်ဝကျွန်းပေါ်ဒေသ)အနီးသို့ ဦးတည်ရွေ့လျားပြီးနောက် ပြန်ကွေ့ကာ မြောက်-အနောက်မြောက်ဘက်သို့ ဆက်လက်ရွေ့လျားမည်ဟု ခန့်မှန်းရကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။

မုန်တိုင်းသတိပေးချက်နှင့် ကြိုတင်ပြင်ဆင် ဆောင်ရွက်ရန်တို့ကို လိုက်လံကြေညာပေးခဲ့ပြီး လက်ကမ်းစာစောင်များ ဝေငှလျက်ရှိရာ ပင်လယ်ဝဒေသနှင့် ပင်လယ်နှင့်နီးစပ်သောဒေသများမှ ကျေးရွာများတွင် နေထိုင်ကြသူများက ယခင်က ဖြစ်ပေါ်ခဲ့သော နာဂစ်မုန်တိုင်းကြီးကဲ့သို့ ကြုံတွေ့မည်ကို စိုးရိမ်သောကြောင့် ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့ပေါ်သို့ မုန်တိုင်းရှောင်ကာပြောင်းရွှေ့ခိုလှုံလာမှုများရှိလာကြောင်း သိရသည်။ မုန်တိုင်းဗဟိုချက်သည် မြန်မာနိုင်ငံအတွင်း ဖြတ်သန်းဝင်ရောက်နိုင်ခြင်းမရှိသော်လည်း မုန်တိုင်းစက်ကွင်းအတွင်း သက်ရောက်နေသည့်အတွက် စိုးရိမ်မှုများရှိနေကာ ကြိုတင်ပြင်ဆင်မှုများကို ပြုလုပ်လျက်ရှိပြီး ဧရာဝတီဒေသခံများသာမက ရန်ကုန်မြို့ခံများကလည်း စိုးရိမ်ပူပန်မှုများရှိနေကြသည်။

အောက်တိုဘာ ၂၃ ရက် ညနေပိုင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက မုန်တိုင်းသတိပေးထုတ်ပြန်ချက်အရ အောက်တိုဘာ ၂၄ ရက် နံနက်အထိခန့်မှန်းချက်မှာ ကချင်ပြည်နယ်တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းကာ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်းတွင် နေရာကွက်ကျား၊ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်း၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် နေရာကျဲကျဲ၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ကရင်ပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် နေရာအနှံ့အပြားမိုးထစ်ချုန်းရွာပြီး ဧရာဝတီတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့တွင် ဒေသအလိုက်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်ကာ ရွာရန်ရာနှုန်းပြည့်ဖြစ်ကြောင်း သိရသည်။ မြန်မာ့ပင်လယ်ပြင် ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းကျရောက်နိုင်ပြီးလှိုင်းကြီးမည်။ မိုးသက်လေပြင်းကျရောက်စဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ မှ ၄၅ မိုင်အထိ တိုက်ခတ်နိုင်ကြောင်း၊ နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့တွင် မိုးပိုလာနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက ထုတ်ပြန်ထားသည်။

**(ဝဝ၁)**

## ဧရာဝတီတိုင်းဒေသကြီး ခရိုင်သုံးခုမှ အခြေခံပညာကျောင်းအားလုံး နှစ်ရက် ထပ်မံပိတ်ထားမည်ဟုသိရ

**ပုသိမ် အောက်တိုဘာ ၂၃**

ယခုရက်ပိုင်းအတွင်း ဖြစ်ပေါ်နေသော မုန်တိုင်းအခြေအနေကြောင့် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ခရိုင်သုံးခုမှ အခြေခံပညာကျောင်းအားလုံးကို ကျောင်းဖွင့်ရက်များဖြစ်သည့် အောက်တိုဘာ ၂၄ မှ ၂၅ ရက်အထိ နှစ်ရက်ထပ်မံ ပိတ်ထားမည်ဖြစ်ကြောင်း တိုင်းပညာရေးမှူးရုံးမှ သိရသည်။

အဆိုပါ ခရိုင်များထဲတွင် ပုသိမ်ခရိုင်၊ လပွတ္တာခရိုင်နှင့် ဖျာပုံခရိုင်တို့ပါဝင်ပြီး ယခုပိတ်လိုက်သည့် ကျောင်းပိတ်ရက်များအစား သင့်တော်သည့် ကျောင်းပိတ်ရက်များတွင် အစားထိုးပြန်တက်ပေးရမည်ဖြစ်ကြောင်း သိရသည်။

**သူဇာနွယ်(ဖျာပုံ)**



## မုန်းတိုင်သတိပေး လှည့်လည်ကြေညာခြင်း ဆောင်ရွက်



**ပုသိမ် အောက်တိုဘာ ၂၃**

မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ မုန်းတိုင်ငယ် သတိပေးချက် ထုတ်ပြန်ကြေညာခြင်းနှင့် ပတ်သက်၍ အောက်တိုဘာ၂၃ရက် နံနက် ၁၁ နာရီခွဲက ဧရာဝတီတိုင်းဒေသကြီး ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဦးစီးဌာန တိုင်းဦးစီးမှူးဦးသန်းစိုး၊ တိုင်းဒေသကြီးပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန တိုင်းဦးစီးမှူး ဦးငွေထွန်း၊ ခရိုင်ဦးစီးမှူး ဦးဝင်းရှိန်တို့က မုန်းတိုင်သတိပေးချက်ကို ခရီးသွားလုပ်သားပြည်သူများ သိရှိစေရန် မြို့တွင်းသို့ အသံချဲ့စက်ဖြင့် လှည့်လည်ကြေညာခြင်း၊ ပိုစတာများနှင့် လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းတို့ကို ဆောင်ရွက်လျက်ရှိသည်။

**မြင့်ဟန်(ပြန်/ဆက်)**

## အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီမှ လက်ရှိဖြစ်ပေါ်နေသော မုန်တိုင်းအန္တရာယ်နှင့်စပ်လျဉ်း၍ ပြည်သူလူထုသို့ အသိပေးနှိုးဆော်ချက်

၁။ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ ထုတ်ပြန်ချက်များအရ ဘင်္ဂလားပင်လယ်အော်အရှေ့အလယ်ပိုင်းတွင် ဖြစ်ပေါ်နေသော မုန်တိုင်းငယ်သည် မြန်မာ့ကမ်းရိုးတန်း(မြစ်ဝကျွန်းပေါ်ဒေသများ)သို့ နီးကပ်နေပါသဖြင့် အနီရောင်အဆင့်ဟု သတ်မှတ်ထားကြောင်း သိရှိရပါသည်။

၂။ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီအနေဖြင့် မုန်တိုင်းသတိပေးချက် သိရှိချိန်မှစ၍ မုန်တိုင်း၏အဆင့်ဆင့်ရွေ့လျားပြောင်းလဲမှုအား စဉ်ဆက်မပြတ်စောင့်ကြည့်လေ့လာလျက်ရှိပြီး လိုအပ်သည့် ကြိုတင်ပြင်ဆင်မှုများဆောင်ရွက်နိုင်ရန်အတွက် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုလုပ်ငန်းကော်မတီ (လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန)သို့ ညွှန်ကြားထားရှိပြီးဖြစ်ပါသည်။ အမျိုးသားကော်မတီ၏လမ်းညွှန်ချက်အရ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအနေဖြင့်လည်း အောက်ဖော်ပြပါလုပ်ငန်းများအား ဆောင်ရွက်လျက်ရှိပါသည်-

(က) ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဦးစီးဌာန၊ အရေးပေါ်အခြေအနေစီမံခန့်ခွဲမှုဌာနအနေဖြင့် နိုင်ငံတကာ မိုးလေဝသဆိုင်ရာ Website များမှ ရရှိသောအချက်အလက်များနှင့် မိုးလေဝသ၊ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ ထုတ်ပြန်ချက်များအား စိစစ်လေ့လာသုံးသပ်၍ ပြည်သူလူထုဆောင်ရွက်ရန်များကို ဦးစီးဌာန၏ Facebook Website ဖြစ်သော Relief and Resettlement Department Myanmar ၌အချိန်နှင့်တစ်ပြေးညီထုတ်ပြန်အသိပေးခြင်း၊

(ခ) Mobile Application ဖြစ်သော Disaster Alert Notifications (DAN) မှတစ်ဆင့် နောက်ဆုံးရရှိသည့် မိုးလေဝသသတင်းနှင့် အကြံပြုချက်များအား ထုတ်ပြန်ပေးခြင်း၊

(ဂ) မုန်တိုင်းသတင်းအား ရေဒီယို၊ ရုပ်မြင်သံကြားများမှတစ်ဆင့် အဆက်မပြတ်ကြည့်ရှုနားထောင်စေရန် နှိုးဆော်ခြင်း၊

(ဃ) ကြိုတင်သတိပေးနှိုးဆော်မှုဆောင်ရွက်ရန်တပ်ဆင်ထားသည့် Single Side Band (SSB) VHF ရေဒီယိုစက်များအသုံးပြု၍ ကမ်းရိုးတန်းဒေသများနှင့် မုန်တိုင်းကျရောက်နိုင်သည့် ဒေသများသို့ မပြတ်ဆက်သွယ်၍ သတင်းပေးညွှန်ကြားခြင်း၊

(င) မုန်တိုင်းအန္တရာယ်ကျရောက်နိုင်ခြေရှိသည့်ကမ်းရိုးတန်းဒေသများနှင့် တိုင်းဒေသကြီး/ပြည်နယ်ဦးစီးမှူးရုံးများအနေဖြင့် မုန်တိုင်းအန္တရာယ်ကြိုတင်ပြင်ဆင်ရေးဆိုင်ရာလုပ်ငန်းများဆောင်ရွက်စေခြင်း၊ အရေးပေါ်ပါက ပြည်သူလူထုအား ဘေးကင်းရာသို့အချိန်နှင့်တစ်ပြေးညီရွှေ့ပြောင်းနိုင်ရေးညှိနှိုင်းပြင်ဆင်စေခြင်း၊သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်/ ခရိုင်ရုံးများရှိ သိုလှောင်ရုံများတွင် အသင့်ထားရှိပြီးဖြစ်သော စားရေရိက္ခာနှင့် ကယ်ဆယ်ရေးပစ္စည်းများအား လိုအပ်ပါက အချိန်နှင့်တစ်ပြေးညီဖြန့်ဝေနိုင်ရေး ပြင်ဆင်စေခြင်း၊

( စ ) ရပ်ကွက်/ကျေးရွာများရှိ ကြိုတင်သတ်မှတ်ပေးထားသော ဘေးဒဏ်ခံအဆောက်အအုံများ၊ မုန်တိုင်းဒဏ်ခံအဆောက်အအုံများသို့ ဒေသဆိုင်ရာသဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှု ကော်မတီများ၏ စီမံမှုဖြင့် ကြိုတင်ရွှေ့ပြောင်းမှုများဆောင်ရွက်နိုင်ရန် ညှိနှိုင်းပေါင်းစပ်စေခြင်း၊

(ဆ) မုန်တိုင်းဝင်ရောက်လာပါက ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများအား အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်နိုင်ရန် တိုင်းဒေသကြီး/ပြည်နယ် ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေး ဦးစီးမှူးများအား သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့/ ခရိုင်/မြို့နယ် အုပ်ချုပ်မှုဆိုင်ရာအဖွဲ့အစည်းများနှင့် ညှိနှိုင်းပေါင်းစပ်စေခြင်း၊

၃။ ပြည်သူလူထုအနေဖြင့်လည်း အောက်ဖော်ပြပါ ကြိုတင်ပြင်ဆင်မှုလုပ်ငန်းများအား ဆောင်ရွက်ထားသင့်ကြောင်းအကြံပြုလိုပါသည်-

(က) မိမိတို့နေအိမ်ပတ်ဝန်းကျင်ရှိ ဘေးအန္တရာယ်ဖြစ်နိုင်ခြေများနှင့် အိမ်၏ကြံ့ခိုင်မှုကို စစ်ဆေး၍လိုအပ်သလို ပြင်ဆင်ထားခြင်း၊

(ခ) မိသားစုများ အရေးပေါ်ပြောင်းရွှေ့နိုင်ရန်နေရာ၊ လမ်းကြောင်းများနှင့် မိသားစုဆုံရပ် (ဥပမာ-အသက်ကယ်ကုန်းမြင့်၊ရေလွတ်နိုင်မည့်နေရာများ၊အဆောက်အအုံများ) သတ်မှတ်ထားခြင်း၊

(ဂ) ရေစိုပျက်စီးနိုင်သောပစ္စည်းများကို ခြောက်သွေ့၍မြင့်သောနေရာတွင်ထားရှိခြင်း၊

(ဃ) အရေးပေါ်အသုံးပြုရန်စားနပ်ရိက္ခာနှင့်သောက်သုံးရေများကြိုတင်စုဆောင်းထားခြင်း၊

(င) အရေးကြီးစာရွက်စာတမ်းများ၊အရေးပေါ်သုံးပစ္စည်းများ(ဥပမာ-ရေစိုခံမိုးကာ၊ လည်ရှည်ဖိနပ်၊ ခြုံစောင်နှင့် အဝတ်အစားများ၊ ဘက်ထရီအပြည့်ရှိသည့် ဖုန်းနှင့်ရေဒီယို၊ လက်နှိပ်ဓာတ်မီးနှင့်ဓာတ်ခဲ အပိုများ၊ရှေးဦးသူနာပြုပစ္စည်းများ)နှင့် အရေးပေါ်အသက်ကယ်ပစ္စည်းများ(ဥပမာ- အသက်ကယ်အင်္ကျီ၊ကားတာယာကွင်း၊ ရေလုံပိတ်ရေပုံးအလွတ်၊ ငှက်ပျောတုံး၊သစ်တုံး)တို့အား ကြိုတင်ပြင်ဆင်စုဆောင်းထားခြင်း၊

(စ) သက်ဆိုင်ရာအစိုးရဌာနမှ ထုတ်ပြန်ကြေညာသောမိုးလေဝသသတင်းများကို စဉ်ဆက်မပြတ်နားထောင်ပြီး အကြံပြုချက်များကို လိုက်နာခြင်း၊အခြားသူများကိုမျှဝေခြင်း၊

(ဆ) မုန်တိုင်းဖြတ်ကျော်မှုရေကြီးမှုများဖြစ်ပေါ်ခဲ့ပါက သက်ဆိုင်ရာအစိုးရဌာန၏ ညွှန်ကြားချက်နှင့်အညီ ရွေးချယ်ထားသောဘေးလွတ်ရာနေရာသို့ ပြောင်းရွှေ့ခိုလှုံခြင်း၊

(ဇ) မုန်တိုင်းဖြစ်ပေါ်ခဲ့ပါက မုန်တိုင်းဖြစ်ပြီးချိန်တွင် မလိုအပ်ဘဲအပြင်ထွက်ခြင်း၊ ကမ်းခြေ၊ မြစ်ကမ်းနား၊ တောင်စောင်းများသို့ သွားရောက်မှုရှောင်ကြဉ်ခြင်း၊

(ဈ) မုန်တိုင်းဖြစ်ပေါ်ခဲ့ပါက မုန်တိုင်းဖြစ်ပြီးချိန်တွင် သန့်ရှင်းသောသောက်သုံးရေ(သို့မဟုတ်)ကျိုချက်ထားသောရေ(သို့မဟုတ်)ရေသန့်ဆေးခတ်ထားသောရေကိုသာ သောက်သုံးနိုင်ရေးပြင်ဆင်ထားခြင်း။

၄။ သို့ဖြစ်ပါ၍ပြည်သူလူထုအနေဖြင့် မုန်တိုင်း၏ဖြစ်ပေါ်ပြောင်းလဲမှုများအား စောင့်ကြည့်နားထောင်ပြီး အကြံပြုချက်များလိုက်နာခြင်း၊ ကောလာဟလသတင်းများအား မယုံကြည်ဘဲ သက်ဆိုင်ရာအစိုးရဌာနများသို့ ဆက်သွယ်အတည်ပြုချက်ရယူခြင်း၊လိုအပ်ပါက လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန(၀၆၇-၄၀၄၆၆၆/၄၀၄၇၇၇)သို့ ဆက်သွယ်၍ သတင်းမေးမြန်းခြင်းတို့အား ဆောင်ရွက်နိုင်ပါကြောင်း အသိပေးထုတ်ပြန်အပ်ပါသည်။

**အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ**

# ၂၀၁၅-၂၀၁၆ ပညာသင်နှစ် တက္ကသိုလ်လေ့ကျင့်ရေးတပ်ဖွဲ့ဝင် ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ လေ့လာရေးခရီးများ သွားရောက်

**နေပြည်တော် အောက်တိုဘာ ၂၃**
ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)၊ ပြည်သူ့စစ်နှင့် နယ်ခြားတပ်များ ညွှန်ကြားရေးမှူးရုံး၏ ၂၀၁၅-၂၀၁၆ ပညာသင်နှစ် တက္ကသိုလ်လေ့ကျင့်ရေးတပ်ဖွဲ့ဝင် ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူ စုစုပေါင်း ၁၄၁၁ ဦးတို့ကို တိုက်ကြီးမြို့နယ်၊ ရမည်းသင်းမြို့နယ်၊ သံဖြူဇရပ်မြို့နယ်နှင့် ပင်လောင်းမြို့နယ်တို့ရှိ နယ်မြေခံ လေ့ကျင့်ရေးသင်တန်းကျောင်းများ၌ စခန်းချလေ့ကျင့်ရေးသင်တန်းများ ဖွင့်လှစ်သင်ကြားပေးလျက်ရှိရာ သင်တန်းကာလတတိယပတ် လေ့ကျင့်ပြီးချိန်တွင် သင်တန်းများအလိုက် လေ့လာရေးခရီးများ အသီးသီး စေလွှတ်ပေးခဲ့သည်။

ထိုသို့ လေ့လာရေးခရီးများ စေလွှတ်ပေးရာတွင် တိုက်ကြီးမြို့နယ်၌ လေ့ကျင့်သင်ကြားလျက်ရှိသော တပ်ဖွဲ့ဝင်များသည် တပ်မတော်ရုပ်မြင်သံကြားထုတ်လွှင့်ရေးတပ်(မှော်ဘီ)၊ လေတပ်ဆွယ်(မှော်ဘီ)၊ မင်္ဂလာဒုံလေတပ်စခန်းဌာနချုပ်နှင့် ဧရာဝတီရေတပ်စခန်းဌာနချုပ်တို့အား လည်းကောင်း၊ ရမည်းသင်းမြို့နယ်၌ လေ့ကျင့်သင်ကြားလျက်ရှိသော တပ်ဖွဲ့ဝင်များသည် နေပြည်တော်ရှိ လေတပ်ဆွယ် (နေပြည်တော်)၊ ဥပ္ပါတသန္တိစေတီတော်နှင့် တပ်မတော် စစ်သမိုင်းပြတိုက်တို့အား လည်းကောင်း၊ သံဖြူဇရပ်မြို့နယ်၌ လေ့ကျင့်သင်ကြားလျက်ရှိသော တပ်ဖွဲ့ဝင်များသည် နယ်မြေခံ အမြောက်တပ်ရင်းနှင့် သံချပ်ကာ တိုက်ခိုက်ရေးတပ်ရင်း၊ ဗျိုင်းနှစ်ကောင်ကျောင်းရှိ အတောင် ၄၀၀ ပြည့်ရုပ်ပွားတော်၊ ကျိုက္ခမိရေလယ်ဘုရားနှင့် စက်စဲကမ်းခြေတို့အား လည်းကောင်း၊ ပင်လောင်းမြို့နယ်၌ လေ့ကျင့်သင်ကြားလျက်ရှိသော တပ်ဖွဲ့ဝင်များသည် ငွေတောင်ဆည်၊ ထီးပွင့်ကန်၊ တောင်ကွဲစေတီတော်နှင့် နယ်မြေခံအမြောက်တပ်ရင်းတို့အား လည်းကောင်း သွားရောက်လေ့လာကြရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

**(မြဝတီ)**

# အားကောင်းလာသောမုန်တိုင်းငယ် အနီရောင်အဆင့်သတ်မှတ်

**နေပြည်တော် အောက်တိုဘာ ၂၃**
ယနေ့ ညနေ ၆ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အရှေ့အလယ်ပိုင်းတွင် ဖြစ်ပေါ်နေသော အားကောင်းသောမုန်တိုင်းငယ်သည် သိသိသာသာရွေ့လျားခြင်းမရှိဘဲ မြန်မာနိုင်ငံ ကိုကိုးကျွန်းမြို့၏ မြောက်-အနောက်မြောက်ဘက် ၈၅ မိုင်ခန့်၊ ဟိုင်းကြီးကျွန်းမြို့၏ အနောက်တောင်ဘက် ၈၅ မိုင်ခန့်၊ ပုသိမ်မြို့၏ အနောက်တောင်ဘက် ၁၂၅ မိုင်ခန့်၊ ဂွမြို့၏ တောင်-အနောက်တောင်ဘက် ၁၅၅ မိုင်ခန့်၊ ရန်ကုန်မြို့၏ အနောက်တောင်ဘက် ၂၀၅ မိုင်ခန့်အကွာ ပင်လယ်ပြင်ကို ဗဟိုပြုနေသည်။ အားကောင်းသောမုန်တိုင်းငယ်၏ လက်ရှိအခြေအနေမှာ မြန်မာ့ကမ်းရိုးတန်း (မြစ်ဝကျွန်းပေါ်ဒေသများ)နှင့် နီးကပ်နေပါသဖြင့် အနီရောင်အဆင့်ဟု သတ်မှတ်သည်။

အဆိုပါအားကောင်းသောမုန်တိုင်းငယ်သည် ညနေ ၆ နာရီခွဲအချိန်တွင် မြောက်လတ္တီကျူ ၁၅ ဒသမ ၅ ဒီဂရီနှင့် အရှေ့လောင်ဂျီကျူ ၉၃ ဒသမ သုညဒီဂရီတွင်ရှိပြီး ဗဟိုချက်လေဖိအား ဟတ်တိုပါစကယ် ၁၀၀၀ နှင့် အမြင့်ဆုံး လေတိုက်နှုန်းမှာ တစ်နာရီလျှင် မိုင် ၄၀ နှုန်းခန့်ဖြစ်သည်။

အဆိုပါအားကောင်းသော မုန်တိုင်းငယ်သည် နောက် ၁၂ နာရီအတွင်း ပိုမိုအားကောင်းလာကာ ဆိုင်ကလုန်းမုန်တိုင်းအဖြစ်သို့ ရောက်ရှိနိုင်ပြီး မြန်မာ့ကမ်းရိုးတန်း(မြစ်ဝကျွန်းပေါ်ဒေသ) အနီးသို့ ဦးတည်ရွေ့လျားပြီးနောက် ပြန်ကွေ့ကာ မြောက်-အနောက်မြောက်ဘက်သို့ ဆက်လက်ရွေ့လျားမည်ဟု ခန့်မှန်းရသည်။

အဆိုပါအားကောင်းသောမုန်တိုင်းငယ်သည် မြန်မာ့ကမ်းရိုးတန်း (မြစ်ဝကျွန်းပေါ်ဒေသ)အနီးသို့ ရောက်ရှိစဉ် ဧရာဝတီတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တောင်ပိုင်းတို့တွင် အမြင့်ဆုံးလေတိုက်နှုန်းမှာ တစ်နာရီလျှင် မိုင် ၄၀ မှ ၄၅ မိုင်အထိ တိုက်ခတ်နိုင်ပြီး ရန်ကုန်တိုင်းဒေသကြီးတွင် တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်အထိတိုက်ခတ်နိုင်သည်။ သို့ဖြစ်ပါ၍ မုန်တိုင်းဒီရေအမြင့်ဆုံးမှာ ဧရာဝတီတိုင်းဒေသကြီး လပွတ္တာခရိုင်နှင့် ရခိုင်ပြည်နယ်တောင်ပိုင်း သံတွဲခရိုင်တို့တွင် ၇ ပေမှ ၁၀ ပေခန့်အထိ မြင့်တက်နိုင်သည်ဟု ခန့်မှန်းရသည်။

အဆိုပါအားကောင်းသော မုန်တိုင်းငယ်၏ အရှိန်ကြောင့် အောက်တိုဘာ ၂၄ ရက်မှ ၂၇ ရက်အတွင်း နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့ အပြားမိုးထစ်ချုန်းရွာပြီး နေရာကွက်၍ မိုးကြီးနိုင်သည်။

အဆိုပါအားကောင်းသော မုန်တိုင်းငယ်၏အရှိန်ကြောင့် မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများ ကျရောက်ပြီးလှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင် မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။ အဆိုပါအားကောင်းသော မုန်တိုင်းငယ်၏အရှိန်ကြောင့် လေပြင်းတိုက်ခတ်ခြင်း၊ မိုးကြီးခြင်း၊ ရုတ်တရက်ရေကြီးခြင်းနှင့်အတူ မြေပြိုခြင်းများ ဖြစ်ပေါ်နိုင်သဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်ကို လည်းကောင်း၊ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီးရေလျှံမှုများဖြစ်ပေါ်နိုင်သောကြောင့် ကြိုတင်သတိပြုနေထိုင်ကြပါရန်နှင့် ပြည်တွင်းလေကြောင်းပျံသန်းရေး၊ ပြည်တွင်းရေကြောင်းသွားလာရေး၊ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီးကမ်းဝေးငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန် မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ အကြံပြုထားသည်။

**(ကြေးမုံ)**

# အိမ်ခြံမြေဝန်ဆောင်မှု လုပ်ငန်းဆိုင်ရာ ဥပဒေကြမ်းပြုစုရန် အလုပ်ရုံဆွေးနွေးပွဲပြုလုပ်

**ရန်ကုန် အောက်တိုဘာ ၂၃**
ရန်ကုန်တိုင်းဒေသကြီး အိမ်ခြံမြေလုပ်ငန်းရှင်များအသင်းမှ ကြီးမှူးကျင်းပသည့် အိမ်ခြံမြေဝန်ဆောင်မှုလုပ်ငန်းဆိုင်ရာ ဥပဒေကြမ်းပြုစုရန် အလုပ်ရုံဆွေးနွေးပွဲကို အောက်တိုဘာ ၂၂ ရက် မွန်းလွဲ ၁ နာရီက ရန်ကုန်မြို့ ပြည်လမ်းရှိ (International Business Center) ၌ ပြုလုပ်ခဲ့သည်။

ရန်ကုန်တိုင်းဒေသကြီး အိမ်ခြံမြေလုပ်ငန်းရှင်များအသင်းမှ ဦးစိုင်းခွန်နောင်က“ ဒီဥပဒေက အိမ်ခြံမြေလောကသားတွေအတွက်ရော၊ အများပြည်သူအတွက်ရော၊ နိုင်ငံတော်အတွက်ရော ရင်းနှီးမြှုပ်နှံသူတွေအတွက်ပါ အကျိုးရှိမှာပါ။ နိုင်ငံတကာမှာလည်း ဒီဥပဒေက ရှိပြီးသားပါ။ ကျွန်တော်တို့ နိုင်ငံမှာ အိမ်ခြံမြေဝန်ဆောင်မှုနဲ့ဆိုင်တဲ့ ဥပဒေက ခိုင်ခိုင်မာမာမရှိသေးတော့ သူများနိုင်ငံတွေနဲ့ယှဉ်ရင် လာရောက်ရင်းနှီးမြှုပ်နှံမယ့်သူတွေအတွက်လည်း အခက်အခဲရှိနိုင်ပါတယ်။ ကျွန်တော်တို့ လောကသားတွေအတွက်လည်း အခက်အခဲရှိတယ်။ ဒါကြောင့် နိုင်ငံတော်အစိုးရကလည်း အားပေးတယ်။ ကျွန်တော်တို့အနေနဲ့လည်း နိုင်ငံတော်ကို တစ်ထောင့်တစ်နေရာကနေ အကူအညီရအောင် ဥပဒေကြမ်းရေးဆွဲဖို့ ဆောင်ရွက်ရခြင်းဖြစ်ပါတယ်။ ပွင့်လင်းမြင်သာစွာနဲ့ ဆောင်ရွက်တာဖြစ်တဲ့အတွက် အားလုံးပါဝင်ကြဖို့လိုပါတယ်”ဟု ပြောသည်။



ယခုရေးဆွဲမည့် ဥပဒေကြမ်းတွင် ဝန်ဆောင်မှုလုပ်ငန်း လုပ်ဆောင်မည့်သူများ လိုက်နာရမည့်တာဝန်များ၊ ဝန်ဆောင်မှုလုပ်ငန်း အပ်နှံသူတို့ လိုက်နာရန်နှင့် ရပိုင်ခွင့်များ၊ ပြစ်မှုနှင့် ပြစ်ဒဏ်များ၊ ဝန်ဆောင်မှုလုပ်ငန်းခွင့်ပြုလက်မှတ်ထုတ်ပေးရန် သတ်မှတ်ချက်နည်းလမ်းများ စသည်တို့ ပါဝင်မည်ဖြစ်ကြောင်း သိရသည်။

“အိမ်ခြံမြေ ဝန်ဆောင်မှုလုပ်ငန်းနဲ့ အသက်မွေးဝမ်းကျောင်းပြုနေတဲ့သူတွေအတွက် ပြည်တွင်းသာမက ပြည်ပနဲ့ဆက်သွယ်ပြီးဆောင်ရွက်တဲ့အခါ နိုင်ငံတကာနဲ့ ဆက်သွယ်လုပ်ကိုင်လိုသူတွေအတွက် ခိုင်မာတဲ့ ရပ်တည်ချက်ရှိတဲ့ ဥပဒေရှိဖို့နဲ့ အသိအမှတ်ပြုလက်မှတ်ရဖို့ အရေးကြီးပါတယ်” ဟု အတွင်းရေးမှူး မရွှေရည်ဝင်းက ပြောသည်။

အခမ်းအနားသို့ ပြည်သူ့လွှတ်တော်ဥပဒေနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေး ကော်မရှင်အဖွဲ့မှ ဦးတင်မောင်ဦး၊ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဥပဒေကြမ်းကော်မတီ ဥက္ကဋ္ဌ ဦးသိန်းမြင့်၊ ရခိုင်တိုင်းရင်းသားရေးရာဝန်ကြီး ဦးဇော်အေးမောင်၊ ရန်ကုန်တိုင်းအိမ်ခြံမြေလုပ်ငန်းရှင်များအသင်း နာယက ဦးတင်မောင်နှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ အိမ်ခြံမြေဝန်ဆောင်မှုလုပ်ငန်းရှင်များ၊ ဥပဒေရေးရာကျွမ်းကျင်သူများနှင့် စိတ်ပါဝင်စားသူများ တက်ရောက်ဆွေးနွေးခဲ့ကြသည်။

**(သီသီမင်း)**

# ဘူးသီးတောင်မြို့၌ ရွှေ့ပြောင်းရောက်ရှိလာသော အိမ်ထောင်စုဝင်များအား နေရပ်အသီးသီးသို့ ထပ်မံပို့ဆောင်

**ဘူးသီးတောင် အောက်တိုဘာ ၂၃**
ဘူးသီးတောင်မြို့နယ် အခြေခံပညာအထက်တန်းကျောင်း (ခွဲ)တွင် ယာယီစခန်းဖွင့်လှစ်ပြီး ခိုလှုံနေသည့် အိမ်ထောင်စုမိသားစုဝင်များအား ယနေ့တွင်ၛင်းတို့၏ နေရပ်သို့ ထပ်မံပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါ ယာယီစခန်းမှ အိမ်ထောင်စုမိသားစုဝင်အချို့သည် မိမိနေရပ်အသီးသီးသို့ ပြန်လိုသည့်အတွက် ယနေ့ နံနက်ပိုင်းမှစ၍ ပို့ဆောင်ပေးလျက်ရှိရာ မောင်တောမြို့နယ် ကိုင်းကြီးကျေးရွာ၊ ရွှေရင်အေးကျေးရွာ၊ သရေကုန်းဘောင်ကျေးရွာ၊ ခရေမြိုင်ကျေးရွာတို့မှ အိမ်ထောင်စု ၁၂ စုမှ လူဦးရေ အမျိုးသား ၂၂ ဦး၊ အမျိုးသမီး ၂၉ ဦး ပေါင်း ၅၁ ဦးတို့ကို နေရပ်အသီးသီးသို့ ထပ်မံပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

# အကြမ်းဖက်စီးနင်းတိုက်ခိုက်ရာတွင် ပါဝင်ခဲ့သူများ၊ ငွေကြေးထောက်ပံ့ကူညီသူနှင့် လက်နက်တစ်လက် ဖမ်းဆီးရမိ

**နေပြည်တော် အောက်တိုဘာ ၂၃**
ရခိုင်ပြည်နယ် မောင်တောမြို့နယ် ဇီးပင်ချောင်း(တောင်)ကျေးရွာအတွင်း တပ်မတော်စစ်ကြောင်းနှင့် နယ်ခြားစောင့်ရဲတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ယမန်နေ့ ညနေ ၄ နာရီခန့်က သတင်းအရ နယ်မြေရှင်းလင်းစဉ် အကြမ်းဖက်စီးနင်းတိုက်ခိုက်ရာတွင်ပါဝင်ခဲ့သည့် ဆွေယောဒူရီ(ဘ) အုံမော်အာသစ်၊ ဂူရာများ(ဘ) ကော်ရုံဂူလာ၊ MV ကော်မော်ရီဒိန်(ဘ) မာမတ်နှင့် မာမက်ဒူလာ(ဘ)အဒူဝါဆေးတို့ ၄ ဦးကို ဖမ်းဆီးရမိခဲ့သည်။


အလားတူ တပ်မတော်စစ်ကြောင်းနှင့် နယ်ခြားစောင့်ရဲတပ်ဖွဲ့ဝင်များသည် ညနေ ၄ နာရီခွဲခန့်တွင် ဝါးပိတ်ကျေးရွာအတွင်း ဝင်ရောက်ရှင်းလင်းရာ အိမ်တစ်အိမ်အတွင်းမှ အမ်အေ-၁၁ (၁)လက်၊ ၎င်းကျည်အိမ်(၁)ခုနှင့် ၎င်းကျည် (၂၅)တောင့်တို့ကို ရှာဖွေတွေ့ရှိခဲ့သည်။


ထို့ပြင် အကြမ်းဖက်စီးနင်းတိုက်ခိုက်သူများကို ငွေကြေးထောက်ပံ့ကူညီအားပေးသည့် မောင်တောမြို့ မြို့မတောင် (၂) ရပ်ကွက်နေ မောင်မောင်စိန်(ဘ) အော်ဇီအူလာအား ယနေ့ နံနက် ၁၁ နာရီခန့်တွင် တပ်မတော်စစ်ကြောင်းနှင့် နယ်ခြားစောင့်ရဲတပ်ဖွဲ့ ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့က ၎င်း၏နေအိမ်၌ ဖမ်းဆီးရမိခဲ့သည်။

ရခိုင်ပြည်နယ်အတွင်း အကြမ်းဖက်စီးနင်းတိုက်ခိုက်မှု ဖြစ်စဉ်များတွင် ပါဝင်ခဲ့သူများအား ဆက်လက်ဖမ်းဆီးရမိရေးအတွက် တပ်မတော်စစ်ကြောင်းများနှင့် နယ်ခြားစောင့်ရဲတပ်ဖွဲ့ဝင်များက နယ်မြေရှင်းလင်းခြင်းများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**(မြဝတီ)**


မာမက်ဒူလာ(ဘ)အဒူဝါဆေး


ဂူရာများ(ဘ) ကော်ရုံဂူလာ


ဆွေယောဒူရီ(ဘ) အုံမော်အာသစ်


MV ကော်မော်ရီဒိန်(ဘ)မာမတ်



# စတီဗင်ဂျာရတ်အတွက် လီဗာပူးတွင် တစ်နေရာစာရှိကြောင်း ဂျာဂန်ကလော့ဖွင့်ဟ




လီဗာပူးအသင်း၏ ကွင်းလယ်ကစားသမားဟောင်းတစ်ဦးဖြစ်သူ စတီဗင်ဂျာရတ်သည် ဒဏ်ရာရရှိထားခဲ့ခြင်းကြောင့် ပြီးခဲ့သည့်တစ်ပတ်အတွင်းက ဆေးကုသမှုခံယူရန် အင်္ဂလန်မြေသို့ ပြန်လာခဲ့ရာ စတီဗင်ဂျာရတ်အတွက် အသင်းဟောင်းလီဗာပူးတွင် တစ်နေရာစာရှိကြောင်းနည်းပြ ဂျာဂန်ကလော့က ဖွင့်ဟပြောကြားခဲ့သည်။

ယင်းနှင့် ပတ်သက်၍ လီဗာပူးအသင်းသို့ တရားဝင်ပြန်လည်ပြောင်းရွှေ့လာမည်ဆိုပါက ကစားသမားဟောင်းတစ်ဦးဖြစ်သည့် စတီဗင်ဂျာရတ်အား တစ်နေရာစာပေးမည်ဖြစ်ကြောင်း နည်းပြဂျာဂန်ကလော့က ဆိုခဲ့ခြင်းဖြစ်သည်။ စတီဗင်ဂျာရတ်ကလည်း လက်ရှိကစားလျက်ရှိသည့် အယ်လ်အေဂလက်စီအသင်းနှင့် ကစားနေခြင်းကို အဆုံးသတ်တော့မည်ဟု အရိပ်အမြွက်ပြောကြားထားသူဖြစ်သည်။

လက်ရှိတွင် အသက်(၃၆)နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမား စတီဗင်ဂျာရတ်သည် ဒဏ်ရာပြဿနာကြောင့် အယ်လ်အေဂလက်စီအသင်း၏ ပုံမှန်ဘောလုံးရာသီနောက်ဆုံးပွဲစဉ်များတွင် လွဲချော်လိမ့်မည်ဖြစ်ကြောင်းသိရသည်။ လီဗာပူးအသင်းနည်းပြ ဂျာဂန်ကလော့သည် စတီဗင်ဂျာရတ် လီဗာပူးအသင်းသို့ ပြန်လာမည်ဆိုသည့် အကြောင်းအရာများကို ယခင်က ငြင်းပယ်ခဲ့သော်လည်း ယခုတွင်မူ လီဗာပူးအသင်း၌ ၁၇ နှစ်ကြာကစားခဲ့သည့် ကစားသမားဟောင်းတစ်ဦးအတွက် အခွင့်အရေးရှိသင့်သည်ဟု ပြောကြားခဲ့သည်။

ကွင်းလယ်ကစားသမား စတီဗင်ဂျာရတ်သည် ၂၀၁၅ ခုနှစ် ဇူလိုင်လအတွင်းက လီဗာပူးအသင်းမှ ထွက်ခွာကာ မေဂျာလိဂ်ကလပ် အယ်လ်အေဂလက်စီအသင်းသို့ ပြောင်းရွှေ့ကစားခဲ့သူဖြစ်ပြီး အယ်လ်အေဂလက်စီအသင်း၌ ကစားနေခြင်းကို အဆုံးသတ်မည်ဟု သတင်းများထွက်ပေါ်နေခြင်းကြောင့် ယခုနှစ်ဘောလုံးရာသီသည် စတီဗင်ဂျာရတ်အတွက် အယ်လ်အေဂလက်ဆီအသင်းနှင့် နောက်ဆုံးရာသီဖြစ်လာလိမ့်မည်ဟုလည်း ဆိုသည်။

စတီဗင်ဂျာရတ်သည် မေဂျာလိဂ်ကလပ် အယ်လ်အေဂလက်ဆီအသင်းမှ အသင်းဟောင်းလီဗာပူးအသင်းသို့ ပြန်လာရန် ချိတ်ဆက်မှုများလည်းရှိခဲ့သူဖြစ်သည်။ စတီဗင်ဂျာရတ်သည် မေဂျာလိဂ်ကလပ် အယ်လ်အေဂလက်စီအသင်းသို့ ပြောင်းရွှေ့လာခဲ့ချိန်မှစတင်ကာ ပွဲပေါင်း ၃၅ ပွဲတွင် သွင်းဂိုးငါးဂိုးသွင်းယူပေးနိုင်ခဲ့သည်။

မေလအတွင်းက အင်တာဗျူးတစ်ခုတွင်မူ လီဗာပူးအသင်းသို့ အနေးနှင့်အမြန်ပြန်လည်ပြောင်းရွှေ့ ကစားမည်ဟုလည်း စတီဗင်ဂျာရတ်က ဝန်ခံပြောကြားထားကြောင်းလည်းသိရသည်။ လီဗာပူးအသင်း၌ ၁၇ နှစ်ကြာ ကစားခဲ့ရာတွင် ပွဲပေါင်း ၇၁၀ တွင် ၁၈၆ ဂိုးအထိသွင်းယူပေးနိုင်ခဲ့သူဖြစ်သည်။အင်္ဂလန်လက်ရွေးစင်အသင်းအတွက်မူ ပွဲပေါင်း ၁၁၄ ပွဲအထိ ပါဝင်ကစားပေးခဲ့ပြီး သွင်းဂိုး ၂၁ ဂိုးအထိသွင်းယူ ပေးနိုင်ခဲ့သည်။

(ငွေကြယ်)

## အောက်တိုဘာ ၂၂/၂၃ ရက် အနိုင်/အရှုံးရလဒ်များ

| | | | | |
|---|---|---|---|---|
| **ပရီမီယာလိဂ် ပွဲစဉ် - ၉** | | | | |
| လီဗာပူး | ၂ | - | ၁ | ဝက်စ်ဘရွန်း |
| မန်စီးတီး | ၁ | - | ၁ | ဆောက်သမ်တန် |
| ချယ်လ်ဆီး | ၄ | - | ၀ | မန်ယူ |
| **လာလီဂါ ပွဲစဉ် - ၉** | | | | |
| ဆိုစီဒက် | ၃ | - | ၀ | အလာဗက်စ် |
| ဂရန်နာဒါ | ၀ | - | ၀ | စပို့တင်းဂီဂျွန် |
| ဆယ်တာဗီဂို | ၄ | - | ၁ | ဒီဗို့တီပို |
| ဆီဗီလာ | ၁ | - | ၀ | အက်သလက်တီကို |
| **စီးရီးအေ ပွဲစဉ် - ၉** | | | | |
| ဆမ်ဒိုးရီးယား | ၂ | - | ၁ | ဂျီနိုအာ |
| အေစီမီလန် | ၁ | - | ၀ | ဂျူဗင်တပ် |
| အူဒီးနီးစ် | ၃ | - | ၁ | ပက်စ်ကာရာ |
| အတ္တလန္တာ | ၂ | - | ၁ | အင်တာမီလန် |
| ကက်ကလီယာရီ | ၃ | - | ၅ | ဖီအိုရင်တီးနား |
| ခရိုတိုနီ | ၁ | - | ၂ | နာပိုလီ |
| အမ်ပိုလီ | ၀ | - | ၀ | ချီယေဗို |
| တိုရီနို | ၂ | - | ၂ | လာဇီယို |
| **ဘွန်ဒက်စ်လီဂါ ပွဲစဉ် - ၈** | | | | |
| ဘိုင်ယန်မြူးနစ် | ၂ | - | ၀ | မိုချန်ဂလာဘတ် |
| လိုက်ပ်ဇစ် | ၃ | - | ၁ | ဝါဒါဘရီမင် |
| **ပြင်သစ်လီဂူး ပွဲစဉ် - ၁၀** | | | | |
| လီယွန် | ၁ | - | ၃ | ဂူအင်ဂမ့် |
| ဘော်ဒိုး | ၁ | - | ၁ | နန်စီ |
| လိုင်လီ | ၂ | - | ၁ | ဘက်စ်တီယာ |
| ဒီဂျွန် | ၁ | - | ၀ | လိုရီယန့် |
| အန်ဂါးစ် | ၀ | - | ၀ | တူးလော့စ် |
| နန့်တက်စ် | ၁ | - | ၂ | ရင်းနက်စ် |
| ကိန်း | ၀ | - | ၂ | စိန့်အက်တီယန် |

မောင်မောင်ဇော်

## အင်နီယေစတာ ရှစ်ပတ်ခန့် အနားယူရမည်ဟု ဘာစီလိုနာအသင်းအတည်ပြု


ဘာစီလိုနာကွင်းလယ်ကစားသမား အင်နီယေစတာမှာ ဗလင်စီယာနှင့် ပွဲစဉ်အတွင်း ရရှိခဲ့သည့် ဒူးဒဏ်ရာကြောင့် နှစ်လခန့်အနားယူရမည်ဖြစ်သည်ဟု ဘာစီလိုနာအသင်းဘက်မှ အတည်ပြုလိုက်ပြီဖြစ်သည်။ အင်နီယေစတာ၏ ယခုရရှိခဲ့သည့် ဒဏ်ရာမှာပြင်းထန်သဖြင့် ဒီဇင်ဘာ ၄ ရက် ရီးယဲလ်မက်ဒရစ်အသင်းအား ရင်ဆိုင်ရမည့် အယ်လ်ဂလက်စီကို ပွဲစဉ်ကိုပါ လွဲချော်နိုင်ကြောင်း သိရသည်။

အင်နီယေစတာမှာ ပွဲချိန် ၁၄မိနစ်တွင် ဗလင်စီယာမှ ပီရက်ဇ်၏ ပြင်းထန်သည့် လျှောထိုးဖြတ်ထုတ်မှုကြောင့် ဆက်လက်မကစားနိုင်တော့ဘဲ ရာကီတစ်နှင့် လူစားလဲခဲ့ရသော်လည်း ဒိုင်ဖြစ်သူက ပီရက်ဇ်ကို အဝါကတ်ပင် ပြသခဲ့ရခြင်းမရှိသဖြင့် ဘာစီလိုနာနည်းပြအင်းနရစ်က ယင်းကိစ္စရပ်အပေါ် ဒေါသထွက်ရကြောင်း ဖွင့်ဟပြောကြားလိုက်သည်။အင်းနရစ်က“ ဒါက ကစားသမားတစ်ဦးကို ဒဏ်ရာရတဲ့အထိ ကျူးလွန်ခဲ့တဲ့ ပြစ်ဒဏ်ဆိုတာ ရှင်းရှင်းလင်းလင်းကို သိနိုင်တဲ့ အနေအထားပါ။ ဒီလို ကျူးလွန်တဲ့ ကစားသမားကို အဝါကတ်တောင်မပြသတာကို ကျွန်တော်နားမလည်ပါဘူး” ဟု ဆိုလိုက်သည်။

အင်နီယေစတာကို အစောပိုင်းတွင် ခြောက်ပတ်ခန့်သာ အနားယူရမည်ဟု ခန့်မှန်းခဲ့သော်လည်း ညာဘက်ဒူးအရွတ်ကြောစုတ်ပြဲခဲ့ခြင်းကြောင့် အချိန်ပိုမိုယူရန် လိုအပ်သဖြင့် ရှစ်ပတ်ခန့်အနားယူရန် ရှိနေခြင်းဖြစ်သည်။ ဘာစီလိုနာသည် မန်စီးတီးအား အနိုင်ရရှိသည့် ချန်ပီယံလိဂ်ပွဲစဉ်တွင်လည်း နောက်ခံလူ ဂျော်ဒီအယ်လ်ဘာနှင့် ဂျာရတ်ပီကေးတို့နှစ်ဦး ဒဏ်ရာရရှိခဲ့ပြီးဖြစ်ရာ ယခုကဲ့သို့ အင်နီယေစတာ ဒဏ်ရာထပ်မံ ကြုံတွေ့ရခြင်းသည် ဘာစီလိုနာအတွက် ကြီးမားသော ထိုးနှက်ချက်ဖြစ်လာခဲ့သည်။

မေလွဲသင်း - ရေးသားသည်။

# ဘာစီလိုနာဘက်မှ ဆက်သွယ်လာလျှင် ဖုန်းကိုင်မည်မဟုတ်ဟု ဘယ်လာရင် ကတိပြု




ဘာစီလိုနာအသင်းနှင့် ချိတ်ဆက်မှုများ လုပ်ဆောင်နေသည်ဟု သတင်းထွက်နေသူ အာဆင်နယ်နောက်ခံလူ ဟက်တာဘယ်လာရင်က ဘာစီလိုနာအသင်းမှ ဆက်သွယ်လာလျှင် လက်ခံ၍ ဖုန်းပြန်လည် ဖြေကြားမည်မဟုတ်ဟု အာဆင်နယ်ပရိသတ်များကို ကတိပြုစကားဆိုလိုက်သည်။ ဘယ်လာရင်မှာ ဘာစီလိုနာ လူငယ်အကယ်ဒမီမှ ထွက်ပေါ်လာသည့် ကစားသမားဖြစ်ပြီး ၂၀၁၁ ခုနှစ် အာဆင်နယ်သို့ ပြောင်းရွှေ့လာခဲ့သူဖြစ်သည်။

ဘယ်လာရင်က ဒီဒဗလျူရုပ်သံလိုင်းနှင့် အင်တာဗျူးတွင် ဘာစီလိုနာက သူ့အား ဆက်သွယ်လာမည်ဆိုပါကလည်း ဖုန်းကိုင်မည်မဟုတ်ကြောင်းဖြေကြားခဲ့ရာ တစ်ကမ္ဘာလုံးရှိ အာဆင်နယ် ပရိသတ်များအတွက် ကျေနပ်စရာဖြစ်ခဲ့သည်။ ဘာစီလိုနာသည် ယခုဘယ်လာရင်ကို ချိတ်ဆက်သည့် ပုံစံဖြင့် ဖာဘရီဂတ်စ်ကိုလည်း အာဆင်နယ်မှ ခေါ်ယူခဲ့ဖူးပြီးဖြစ်သဖြင့် ဘယ်လာရင်ကို ထပ်မံခေါ်ယူနိုင်မည်ဟု ယုံကြည်နေခြင်းဖြစ်သည်။ ဘာစီလိုနာသည် အာဆင်နယ်ကစားသမားများဖြစ်သည့် အွန်နရီ၊ အလက်ဇန္ဒားဟတ်၊ အဲလက်စ်ဆောင်းတို့အား ခေါ်ယူခဲ့ဖူးပြီး အွန်နရီမှလွဲ၍ ကျန်ကစားသမားများမှာအရန်ခုံပေါ်တွင်သာ အချိန်ကုန်ဆုံးခဲ့ရသူများဖြစ်ရာ အလက်ဇန္ဒားဟက်ပ်ဆိုလျှင် အာဆင်နယ်မှ ထွက်ခွာမိခြင်းမှာ မှားယွင်းသည့် ဆုံးဖြတ်ချက်ဖြစ်ကြောင်း ဝန်ခံပြောကြားခဲ့သည်။

အာဆင်နယ်သည် အစောပိုင်းကာလများတွင် ဘယ်လာရင်ကို ဝက်ဖို့ဒ်အသင်း၌ အငှားချကစားစေခဲ့သော်လည်း ခန္ဓာကိုယ်ဖွံ့ဖြိုးမှု အားနည်းသည့် ဘယ်လာရင်မှာ ဝက်ဖို့ဒ် အသင်းတွင်လည်း နေရာမရရှိခဲ့ပေ။ ဝင်းဂါးက ဘယ်လာရင်မှာ ကိုယ်ကာယ ဖွံ့ဖြိုးမှုအပိုင်းတွင် အခြားကစားသမားများထက် အားနည်းသော်လည်း စိတ်ဓာတ်ပြင်းထန်သည့် ကစားသမားဖြစ်ခြင်းကြောင့် ယခုကဲ့သို့ ခြေစွမ်းပြနိုင်သည့် ကစားသမားဖြစ်လာရခြင်းဖြစ်ကြောင်း ချီးကျူးစကားဆိုခဲ့သည်။ ပြီးခဲ့သည့် နွေစျေးကွက်အတွင်း ဘယ်လာရင်ကို အသင်းဟောင်း ဘာစီလိုနာကသာမက ပရီမီယာလိဂ် မန်စီးတီးအသင်းကပါချိတ်ဆက်ခဲ့သော်လည်း အာဆင်နယ်အသင်းအတွက်သာ ဆက်ရှိရန် ဝင်းဂါးက အောင်မြင်စွာ စည်းရုံးနိုင်ခဲ့ခြင်းဖြစ်သည်။ အာဆင်နယ်နှင့် ဘယ်လာရင်ချုပ်ဆိုထားသည့် စာချုပ်မှာ သုံးနှစ်သက်တမ်းကျန်ရှိနေသေးပြီး အသက်(၂၁)နှစ်သာရှိသေးသည့် ဘယ်လာရင်ကို ခေါ်ယူလိုသည့် ဥရောပထိပ်တန်းအသင်းများ များပြားလာသဖြင့် စာချုပ်သက်တမ်း ထပ်မံတိုးမြှင့်ရန် အမြန်ဆုံးဆောင်ရွက်သွားမည်ဖြစ်ကြောင်း အာဆင်နယ်တာဝန်ရှိသူများက ပြောကြားထားပြီးဖြစ်သည်။

# မန်ယူကိုအောင်မြင်မှုများ ပြန်လည်ရရှိအောင်မဖော်ဆောင်နိုင်လျှင် မိမိလည်း စပါယ်ရှယ်ဝမ်းမဟုတ်ဟု မော်ရင်ဟိုပြောကြား

မော်ရင်ဟိုက သူ့ရဲ့ ဂုဏ်သိက္ခာဟာ မန်ယူအသင်းအောင်မြင်မှုအပေါ် လုံးလုံးလျားလျားမူတည်နေပြီး ဖာဂူဆန်လက်ထက်က အောင်မြင်မှုမျိုးကိုပြန်ပြီး ဆောင်ကြဉ်းမပေးနိုင်လျှင် သူလည်း စပါယ်ရှယ်ဝမ်း မဟုတ်ဘူးလို့ ပြောကြားလိုက်ပါတယ်။ မော်ရင်ဟိုက ၂၀၀၄ ခုနှစ်ဝန်းကျင်က သူ့ကိုယ်သူ စပါယ်ရှယ်ဝမ်းလို့ အမည်ပေးပြီး အခြားကလပ်အသင်းတွေကို ကိုင်တွယ်နေတဲ့ ဝါရင့်နည်းပြတွေကိုလည်း ရဲရဲဝံ့ဝံ့ စိန်ခေါ်ခဲ့သူဖြစ်ပါတယ်။ဒါပေမယ့် ဆယ်စုနှစ်တစ်ခုကျော်ကြာလာပြီဖြစ်တဲ့အချိန်မှာ မော်ရင်ဟိုလည်း ပိုမိုရင့်ကျက်လာခဲ့ပြီး သူ့အနေနဲ့ နာမည်သာရှိပြီး ကလပ်အသင်းအောင်မြင်ရေးကို မဖော်ဆောင်နိုင်ရင် နာမည်ကြီးသက်သက်သာဖြစ်မယ်လို့ မကြာသေးခင်က ပြောကြားခဲ့ပါတယ်။

မော်ရင်ဟိုက မန်ယူအတွက် ၂၀၁၃ ခုနှစ်နောက်ပိုင်း ဆွတ်ခူးနိုင်ခြင်းမရှိတဲ့ ပရီမီယာလိဂ်ဆုဖလား ပထမဆုံး ပြန်လည် ဆွတ်ခူးပေးနိုင်ဖို့ အားထုတ်သွားမှာဖြစ်ပြီး မန်ယူအသင်း ပရီမီယာလိဂ် ပြန်မဆွတ်ခူးနိုင်လျှင် သူလည်းပဲ စပါယ်ရှယ်ဝမ်းမဟုတ်သေးဘူးလို့ ဆိုပါတယ်။ သူက ချယ်လ်ဆီးရဲ့သမိုင်းမှာ ပရီမီယာလိဂ်ဖလား လေးကြိမ်ဆွတ်ခူးခဲ့ပြီး ချန်ပီယံအဖြစ် သုံးကြိမ်အောင်ပွဲခံနိုင်တာက သူ့လက်ထက်မှာ ဆွတ်ခူးနိုင်တာကြောင့် သူဟာ ချယ်လ်ဆီးအတွက် စပါယ်ရှယ်ဝမ်းလို့ ဆိုနိုင်ပေမယ့် မန်ယူအတွက်တော့ စပါယ်ရှယ်ဝမ်းဖြစ်၊ မဖြစ်ဆိုတာကို ပြောဖို့ စောသေးတယ်လို့ ဆိုပါတယ်။ သူဟာ ကိုင်တွယ်ခဲ့တဲ့ အသင်းတိုင်းအတွက် အကောင်းဆုံးပေးဆပ်ခဲ့သလို အခုချိန်မှာလည်း မန်ယူအတွက်သာ ၁၀၀ ရာခိုင်နှုန်းပေးဆပ်သွားမှာဖြစ်ကြောင်း သတင်းစကားပါးခဲ့ပါတယ်။ ■

# ယင်းမာပင်ရေလျှံဖုန်တွင် နှစ် (၂၀)ကျော်အတွင်း မြေအောက်ရေထွက်ရှိမှု သိသာစွာလျော့ကျ

**ယင်းမာပင် အောက်တိုဘာ ၂၃**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်မြို့နယ်ရှိ ရေလျှံဖုန်သည် စီမံကိန်းစတင်ပြီးနောက် အနှစ် (၂၀) ကျော်ကာလအတွင်း မြေအောက်ရေထွက်ရှိမှု သိသာစွာလျော့ကျလာကြောင်း ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာန (မြေအောက်ရေဌာနခွဲ) တွင် တာဝန်ထမ်းဆောင်ခဲ့သော အငြိမ်းစားညွှန်ကြားရေးမှူး ဦးလှမင်းထံမှ သိရသည်။

ယင်းမာပင်မြို့နယ် ရေလျှံဖုန်ကြီးတွင် ၉၉ ကန်စီမံကိန်းအား ၁၉၉၄ ခုနှစ်တွင် စတင်အကောင်အထည်ဖော်ခဲ့ပြီး စီမံကိန်းဖုန်အတွင်းပါဝင်သော စိုက်ပျိုးမြေဧက ၈၁၈၁ ဧကအား ရေပေးဝေနိုင်ခဲ့သော်လည်း ယခုအခါတွင် ရေလုံးဝမထွက်သော ရေကန် ၂၈ ကန်ရှိပြီး မြောင်းထဲသို့ ရေမရောက်သော ရေကန် ၂၄ ကန်ရှိနေသဖြင့် ထက်ဝက်ကျော်သည် စိုက်ပျိုးရေအတွက် အထောက်အကူမဖြစ်တော့ကြောင်း ယင်းမာပင်မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်က ပြောသည်။

"ရေလျှံဖုန်ကြီးကို စဉ်ဆက်မပြတ် သားစဉ်မြေးဆက် သုံးစွဲလို့ရအောင် ထိန်းသိမ်းစောင့်ရှောက်သွားဖို့လိုတယ်။ ဘယ်လိုနည်းလမ်းတွေနဲ့ ထိန်းသိမ်းရမလဲဆိုရင် ရေလျှံတွင်းတွေကို တောင်သူတွေက တူးကြတယ်။ အဲဒီလိုဟာတွေကို စနစ်တကျရှိဖို့အတွက် ထိန်းချုပ်ရမယ်။ ရေလျှံတွင်းတွေက လျော့သွားတဲ့ရေတွေကို ပြန်ပြီးဖြည့်တင်းပေးရတယ်။ သူရဲ့ရေလယ်ဗယ်နဲ့ ပိုပြီးတော့ထုတ်ပစ်ရင် ရေထွက်နှုန်းတွေကျလာမှာပါ။ ရေတွေလည်း မလျှံတော့ဘူး။ ရေလျှံနှုန်းတွေ၊ ရေထွက်နှုန်းတွေကျလာမယ်။ ရေလျှံဖုန်မှာက အရင်ကတွက်ချက်ထားတာက ၈၅ ကုဗပေပါစက္ကန့်လို့ တွက်ထားခဲ့တယ်။ အခုဆိုရင် ၂၅ လောက်ပဲရှိတော့တယ်။ အတော့်ကိုကျသွားပြီ။ ဘာလို့ကျလဲဆိုတော့ ရာသီဥတုပြောင်းလဲလို့ ရေလှောင်ပမာဏလျော့သွားမယ်၊ ရေထွက်နှုန်းတွေကျသွားတာရှိတယ်။ နိုင်ငံတော်ကလုပ်တဲ့တွင်းမှာသာ ရေထွက်နှုန်းကျသွားတယ်။ တောင်သူတွေတူးတဲ့တွင်းတွေက အခု ၂၅၀၀ လောက် တူးထားတယ်။ ၂၀၀၉ လောက်က ရေထွက်နှုန်းတိုင်းတုန်းက ဒီထက်ပိုများတယ်။ ဒါကြောင့် ဒီရေတွေကို ရေထွက်နှုန်းတွေမကျအောင် ရေအသုံးချမှုစီမံခန့်ခွဲမှုဥပဒေတွေ နိုင်ငံတော်ကနေ ရေးဆွဲနေပါပြီ။ ယင်းမာပင်မြို့နယ်တစ်ခုတည်းအတွက် ရေးဆွဲတာမဟုတ်ဘူး။ မြန်မာပြည်တစ်ခုလုံး သောက်သုံးရေ၊ စိုက်ပျိုးရေးအတွက်ရေးဆွဲခြင်းဖြစ်ပါတယ်။ ရေတွေကို ကိုယ်ထုတ်သုံးချင်တိုင်းသုံးလို့မရပါဘူး။ ရေတွေကို တရားလွန်ထုတ်သုံးလို့ မြေကျွံကျမှုတွေ ကမ္ဘာ့နိုင်ငံတချို့မှာ ဖြစ်ပေါ်ပါတယ်။ မြေအောက်ရေလွှာတွေက ကမ္ဘာမြေကြီးကိုထမ်းပိုးထားတာပါ။ မြေအောက်ရေကို စနစ်တကျသုံးစွဲပြီး ရေထိန်းသိမ်းဖို့ တော်တော်အရေးကြီးပါတယ်။ ဌာနဆိုင်ရာတစ်ခုတည်းနဲ့လုပ်လို့မရဘူး။ ဒေသမှာရှိတဲ့တောင်သူတွေ အာဏာပိုင်အဖွဲ့အစည်းတွေ ကျွန်တော်တို့ဌာနနဲ့ပူးပေါင်းဆောင်ရွက်မှ ရပါမယ်" ဟု ရေအရင်းအမြစ် အသုံးချရေးဦးစီးဌာန (မြေအောက်ရေဌာနခွဲ) တွင် တာဝန်ထမ်းဆောင်ခဲ့သော အငြိမ်းစားညွှန်ကြားရေးမှူး ဦးလှမင်းက ပြောသည်။

၉၉ ကန်စီမံကိန်းတွင်ပါဝင်သော ရေကန်များသည် ယင်းမာပင်မြို့နယ်အတွင်း ၉၆ ကန်၊ ဆားလင်းကြီးမြို့နယ်အတွင်း ၃ ကန် စုစုပေါင်း ၉၉ ကန်ရှိပြီး စီမံကိန်းလုပ်ဆောင်ပြီး စိုက်ပျိုးရေစတင်ရရှိသည့် ၁၉၉၅ ခုနှစ်တွင် မြေအောက်ရေထွက်ရှိမှုသည် ၈၅ ကုဗပေပါစက္ကန့်ရှိခဲ့ပြီး ၂၀၀၉ ခုနှစ်တွင် ၅၀ ကုဗပေပါစက္ကန့်သို့ ကျဆင်းခဲ့ပြီး ၂၀၁၆ ခုနှစ်တွင် ရေလျှံထွက်နှုန်းသည် ၂၅ ကုဗပေပါစက္ကန့်အထိ ကျဆင်းသွားခဲ့ကြောင်း ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာန (မြေအောက်ရေဌာနခွဲ) ၏ မှတ်တမ်းများအရ သိရသည်။

**မင်းဝေ(မုံရွာ)**

## ရပ်ကွက်၊ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ စွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်းဖွင့်



**မင်းဘူး အောက်တိုဘာ ၂၃**

မကွေးတိုင်းဒေသကြီး မင်းဘူးမြို့နယ်တွင် ရပ်ကွက်၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ စွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်းဖွင့်ပွဲအခမ်းအနားကို အောက်တိုဘာ ၂၀ ရက် နံနက် ၉ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် ဒု-မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းနိုင်က သင်တန်းဖွင့်လှစ်ရခြင်း၏ရည်ရွယ်ချက်များနှင့်ပတ်သက်၍ အရည်အချင်းရှိသော အုပ်ချုပ်ရေးမှူးကောင်းများဖြစ်ရန်၊ ပြည်သူ့အကျိုးကို တိကျမှန်ကန်စွာသယ်ပိုးနိုင်စေရန်၊ ဌာနကကျင့်သုံးဆောင်ရွက်လျက်ရှိသော တည်ဆဲဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ အမိန့်ညွှန်ကြားချက်များ၊ စည်းမျဉ်းစည်းကမ်းများကို သိရှိနားလည်သဘောပေါက်ပြီး လုပ်ငန်းခွင်အတွင်း လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် စွမ်းရည်ပြည့်ဝသောအုပ်ချုပ်ရေးမှူးကောင်းများဖြစ်ပေါ်စေရန်အတွက် သင်တန်းပို့ချရခြင်းဖြစ်ကြောင်း ပြောကြားခဲ့သည်။

အဆိုပါသင်တန်းတွင် ခေါင်းဆောင်မှုပညာ၊ ဖွံ့ဖြိုးရေးစီမံကိန်းများရေးဆွဲခြင်း၊ အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ၊ အမျိုးသားအဆင့်မဟာဗျူဟာစီမံကိန်း၊ ပဋိပက္ခဖြေရှင်းခြင်း (အငြင်းပွားမှု) ဟူ၍ ခေါင်းစဉ် (၅) မျိုးကို ပို့ချမည်ဖြစ်ပြီး ရပ်ကွက်၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး ၇၄ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

**ဖိုးပြည့်**

## ကျန်းမာရေးအသိပညာပေးဟောပြောပြီး အခမဲ့ကွင်းဆင်းဆေးကုသ

**ဝါးခယ်မ အောက်တိုဘာ ၂၃**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် ဝါးခယ်မမြို့နယ်အတွင်းရှိ ပြည်သူများ၏ ကျန်းမာရေးကိုရှေးရှုကာ ရပ်ကွက်၊ ကျေးရွာများအရောက် ပြည်သူလူထု ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို မြို့နယ်တိုင်းရင်းဆေးကုဌာနက စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိရာ အောက်တိုဘာ ၂၁ ရက် မွန်းလွဲပိုင်းက ရွာသစ်ရပ်ကွက်၌ အခမဲ့ ကွင်းဆင်းဆေးကုသခဲ့ကြောင်း သိရသည်။

မြို့နယ်တိုင်းရင်းဆေးမှူး ဒေါ်တင်တင်နုနှင့် ဝန်ထမ်းများက ရပ်ကွက်အတွင်းရှိ ပြည်သူများအား ဥတုရာသီအလိုက် ဖြစ်ပွားတတ်သော ရောဂါများ၊ ကာကွယ်စောင့်ရှောက်မှုများ၊ ကံ၊ စိတ်၊ ဥတု၊ အာဟာရဖြင့် ကျန်းမာအောင်နေထိုင်မှုများကို အသိပညာပေးဟောပြောခဲ့ပြီး ဆေးကုမှုလာရောက်ခံယူခဲ့သော ပြည်သူများက မိမိတို့သိလိုသည်များအား ဆွေးနွေးမေးမြန်းခဲ့သည်။

ယင်းသို့ ဆေးကုသမှုဆောင်ရွက်ရာတွင် အထွေထွေရောဂါများ၊ မီးယပ်ရောဂါ၊ သွေးတိုးရောဂါ၊ လေငန်းရောဂါ၊ မူးဝေ၊ လေးဘက်နာရောဂါ၊ ဒူးနာ၊ ခါးနာ အစရှိသည့် ရောဂါဝေဒနာများကို စမ်းသပ်စစ်ဆေးပေးခြင်း၊ တိုင်းရင်းဆေးပညာဖြင့် ဆေးကုသခြင်းလုပ်ငန်းများ အခမဲ့ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**လွှမ်းသီဟ(ဝါးခယ်မ)**

## လုပ်ငန်းစွမ်းဆောင်ရည်မြှင့်မားရေး အမှတ်စဉ် (၂/၂၀၁၆) သင်တန်းဆင်းပွဲကျင်းပ

**ဟားခါး အောက်တိုဘာ ၂၃**

ချင်းပြည်နယ်အစိုးရအဖွဲ့က ကြီးမှူးကျင်းပသည့် အရာထမ်း အမှုထမ်းများ လုပ်ငန်းစွမ်းဆောင်ရည်မြှင့်မားရေး သင်တန်းအမှတ်စဉ် (၂/၂၀၁၆) ဆင်းပွဲအခမ်းအနားကို အောက်တိုဘာ ၂၁ ရက် ညနေ ၄ နာရီခွဲက ဟားခါးမြို့ ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် ချင်းပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ်ကိုယ်စား ပြည်နယ်လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးရွှေထီးယိုးက သင်တန်းဆင်းအမှာစကားပြောကြားခဲ့ပြီး သင်တန်းဆင်းလက်မှတ်များကို ပေးအပ်ခဲ့သည်။

အဆိုပါသင်တန်းသို့ ဟားခါးမြို့တွင် တာဝန်ထမ်းဆောင်လျက်ရှိသော ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ အရာထမ်း ၅၀ ဦး၊ အမှုထမ်း ၁၀၀ ဦး တက်ရောက်ခဲ့ကြပြီး သင်တန်းကာလမှာ ရက်သတ္တနှစ်ပတ်ကြာမြင့်ခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

## ရပ်ရွာအခြေပြု စက်ချုပ်သင်တန်းဖွင့်လှစ်

**ညောင်လေးပင် အောက်တိုဘာ ၂၃**

လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာနက မဒေါက်ဒေသနေပြည်သူများ လူမှုဘဝဖွံ့ဖြိုးတိုးတက်စေရန်ရည်ရွယ်၍ ရပ်ရွာအခြေပြု စက်ချုပ်အခြေခံသင်တန်း (၁/၂၀၁၆) ဖွင့်ပွဲအခမ်းအနားကို အောက်တိုဘာ ၂၂ ရက် နံနက် ၁၀ နာရီက မဒေါက်မြို့ မြို့မ ၁ ရပ်ကွက် အင်းချောင်ဘုန်းတော်ကြီးကျောင်း၌ ကျင်းပခဲ့ကြောင်း သိရသည်။

အင်းချောင်ကျောင်းတိုက်ဆရာတော် ဦးသုစိတ္တက ဩဝါဒမိန့်ကြားခဲ့ပြီးနောက် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးဦးကိုကိုကြီးက သင်တန်းသူများအား လူမှောင်ခိုလူကုန်ကူးမှုဆိုင်ရာ အသိပညာပေးနှင့် မူးယစ်ဆေးဝါးအသိပညာပေးဟောပြောခဲ့သည်။

အခမ်းအနားသို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာမြင့်သိန်း၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များဖြစ်ကြသော ဦးအောင်နိုင်ဦးနှင့် ဦးညီညီထွေး၊ ပဲခူးတိုင်းဒေသကြီး လူမှုဝန်ထမ်းရုံးမှ ညွှန်ကြားရေးမှူး ဦးသုတ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းဇော်ကံ၊ မြို့နယ်ရဲတပ်ဖွဲ့ ရဲမှူးဦးကိုကိုကြီး၊ ကျေးလက်ဦးစီးမှူး ဦးသန်းလွင်၊ မဒေါက်မြို့အုပ်ချုပ်ရေးမှူး ဦးနေဇာမျိုး၊ မော်လမြိုင်သက်မွေးသင်တန်းကျောင်းမှ ဒုတိယနည်းပြ ဒေါ်ညိုညိုလွင်၊ ပုသိမ်သက်မွေးသင်တန်းကျောင်းမှ လက်ထောက်နည်းပြ ဒေါ်စုနှင်းထိုက်၊ မဒေါက်မြို့ပေါ်နှင့် အနီးဝန်းကျင်ကျေးရွာများမှ သင်တန်းသူ ၆၀ ဦး တက်ရောက်ခဲ့သည်။ ယင်းနောက် သင်တန်းသူများအားသင် ထောက်ကူပစ္စည်း ၁၈ မျိုး အခမဲ့ထောက်ပံ့ပေးကာ သင်တန်းကာလတစ်လဖြင့် သင်ကြားပြသပေးမည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## တာချီလိတ်မြို့နယ်ရှိ ဝမ်ပုံကျေးရွာနေပြည်သူများအား ကျေးရွာမြေငှားဂရန်များ ပေးအပ်

**တာချီလိတ် အောက်တိုဘာ ၂၃**

နိုင်ငံတော်အနေဖြင့် ကျေးရွာနေပြည်သူများ၏ စိတ်ပိုင်းဆိုင်ရာနှင့် ရုပ်ပိုင်းဆိုင်ရာ လုံခြုံမှုများ ပိုမိုရရှိလာရေး၊ တစ်လုံးတစ်ခဲတည်း ချေးငွေများ ချေးယူနိုင်ကာ အာမခံချက်တစ်ခုဖြင့် စီးပွားရေးလုပ်ငန်းများ ခဲ့ထွင်လုပ်ကိုင်နိုင်ပြီး၊ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်စေရေးအတွက် ကျေးရွာမြေငှားဂရန်များ စီမံချက်ဖြင့် ဆောင်ရွက်ပေးလျက်ရှိရာ တာချီလိတ်မြို့နယ် မိုင်းဖုန်း (က)ကျေးရွာအုပ်စုရှိ ဝမ်ပုံကျေးရွာတွင် ကျေးရွာမြေငှားဂရန်ပေးအပ်ပွဲကို အောက်တိုဘာ ၂၁ ရက် မွန်းလွဲပိုင်းက ပြုလုပ်ခဲ့ကြောင်း သိရသည်။

မြေငှားဂရန်ထုတ်ပေးရေး မြို့နယ်လုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းဝင်းအောင်က ကျေးရွာမြေငှားဂရန်ပေးအပ်ခြင်းနှင့်စပ်လျဉ်း၍ အဖွင့်အမှာစကားပြောကြားခဲ့ပြီးနောက် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းလုံစံခတ်၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်တင့်နှင့် တာဝန်ရှိသူများက ပေးအပ်ခဲ့သည်။




အိမ်ယာမြေများနှင့်ပတ်သက်ပြီး ခိုင်မာသည့် အထောက်အထားရရှိခြင်း၊ နောင်တွင် စိတ်ချမ်းသာမှု အပြည့်အဝရရှိကာ ဒေသပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပြီး ဂရန်အားခွဲခြင်း၊ လွှဲပြောင်းခြင်းပြုလုပ်နိုင်ရန် ယခုကဲ့သို့ဆောင်ရွက်ရွက်ခဲ့ခြင်းဖြစ်သည်။

အဆိုပါအခမ်းအနားတွင် ကျေးရွာမြေငှားဂရန်လျှောက်ထားသူ ၂၄၆ ဦးအား ထုတ်ပေးခဲ့ခြင်းဖြစ်ပြီး ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ဖန်မင်ကျေးရွာအုပ်စု၊ မယ်ယန်းကျေးရွာတွင် ဒေသခံပြည်သူ ၂၅၁ ဦးအား ပထမအကြိမ်အဖြစ် ထုတ်ပေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**ဝေယံလင်း(ပြန်/ဆက်)**

## လမ်းလယ်ခုံးပေါက်ကြီးအား ပြုပြင်ပေးစေလို

**ကြို့ပင်ကောက် အောက်တိုဘာ ၂၃**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် ကြို့ပင်ကောက်မြို့ ရွာမတောင်ရပ်ကွက်တွင် ပြည်တန်းလမ်းနှင့် အောင်ဒင်လမ်းဆုံရာလမ်းထောင့်ရှိ ခုံးသည် ကုန်ကားကြီးများ ဝင်ထွက်သည့်ဒဏ်မခံနိုင်၍ ကျွံကျကာ အပေါက်ကြီးဖြစ်လျက်ရှိနေသည်။

အဆိုပါခုံးပေါက်ကြီးကြောင့် အောင်ဒင်နာရေးလမ်းသို့သွားရာ နာရေးကားများ၊ ပြည်တန်းလမ်းတွင် အစိုးရရုံးများစွာရှိသောကြောင့် ရုံးကိစ္စဖြင့်သွားလာနေကြသော ရုံးဝန်ထမ်းများ၊ လမ်းသွားလမ်းလာပြည်သူများအတွက် ယာဉ်အန္တရာယ်ဖြစ်စေနိုင်သည့် နေရာတစ်ခုဖြစ်သည်။

လမ်းအကွေ့ဖြစ်သည့်အတွက် မျက်နှာချင်းဆိုင်ရှိ ဆိုင်ကယ်၊ ကား၊ သုံးဘီးများအား ရှောင်ရခက်ခဲပြီး ညဘက်အလင်းရောင်နည်းသည့် အချိန်ဆိုလျှင် များစွာ အန္တရာယ်ရှိကြောင်း ယင်းရပ်ကွက်အတွင်းနေထိုင်သူများကပြောသည်။

ယင်းသို့အန္တရာယ်ဖြစ်စေနိုင်သည့် အဆိုပါခုံးပေါက်ကြီးအား မြို့ခံပြည်သူများနှင့် လမ်းသွားလမ်းလာများက အမြန်ဆုံး ပြုပြင်ပေးရန် လိုလားလျက်ရှိသည်။

**ဧယျာထွန်း(ကြို့ပင်ကောက်)**

## မြစိမ်းရောင်ကျေးရွာစီမံကိန်းများကြောင့် မိသားစုဝင်ငွေတိုးပွား

**ဗန်းမော် အောက်တိုဘာ ၂၃**

ကချင်ပြည်နယ် ဗန်းမော်ခရိုင် မန်စီမြို့နယ်အတွင်းရှိ မန်သာကျေးရွာအုပ်စု နောင်ဟူးမြစိမ်းရောင် ကျေးရွာစီမံကိန်းသို့ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အောက်တိုဘာ(တတိယ)အပတ်က နောင်ဟူးမြစိမ်းရောင်ကျေးရွာစီမံကိန်းကော်မတီအဖွဲ့ဝင်များနှင့် တွေ့ဆုံပြီး လစဉ်ဆောင်ရွက်လျက်ရှိသော စာရင်းဇယားများ စနစ်တကျထားရှိမှု မှန်ကန်မှုရှိ-မရှိနှင့် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ရောင်းဝယ်ရေး၊ ကုန်စုံဆိုင်နှင့် အခြားအသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများအား လိုက်လံစစ်ဆေးကြည့်ရှုခဲ့ကြောင်း သိရသည်။

ယင်းနောက် နောင်ဟူးမြစိမ်းရောင်ကျေးရွာစီမံကိန်းကြီးကြပ်မှုကော်မတီအဖွဲ့ဝင်များက မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ရောင်းဝယ်ရေး၊ ကုန်စုံဆိုင်နှင့် အခြားအသက်မွေးဝမ်းကျောင်းလုပ်ငန်းများ လုပ်ကိုင်ရာတွင် ရင်းနှီးမြှုပ်နှံရန် အရင်းအနှီးများ ရရှိလာသဖြင့် မြစိမ်းရောင်အသင်းဝင်များ မိသားစုဝင်ငွေများတိုးပွားလာပြီး ကျန်းမာရေး၊ ပညာရေး၊ စီးပွားရေးနှင့် လူမှုရေးကဏ္ဍများတွင် ယခင်ကထက် ပိုမိုဖွံ့ဖြိုးတိုးတက်လာကြောင်း တင်ပြခဲ့သည်။

**ခရိုင်(ပြန်/ဆက်)**

# ပြည်လုံးကျွတ် အခြေခံစာတတ်မြောက်ရေးလှုပ်ရှားမှု လုပ်အားပေး ဆရာ၊ ဆရာမများ ဖရူဆိုမြို့သို့ရောက်ရှိ



**ဖရူဆို အောက်တိုဘာ ၂၃**

ကယားပြည်နယ် ပြည်နယ်လုံးကျွတ်စာတတ်မြောက်ရေးလှုပ်ရှားမှုတွင် လုပ်အားပေးဆရာ၊ ဆရာမများ အောက်တိုဘာ ၂၀ ရက်နံနက် ၁၁ နာရီက ဖရူဆိုမြို့ အခြေခံပညာအထက်တန်းကျောင်းသို့ ရောက်ရှိလာခဲ့ကြောင်း သိရသည်။

အဆိုပါပြည်နယ်လုံးကျွတ် အခြေခံစာတတ်မြောက်ရေးလှုပ်ရှားမှု စာသင်ဝိုင်းကို လွိုင်ကော်မြို့ မူလတန်းဆရာအတတ်သင် ဒီပလိုမာသင်တန်းမှ သင်တန်းဆင်း ဆရာ၊ ဆရာမ ၃၁ ဦးနှင့်အတူ ဖရူဆိုမြို့မှ ဒေသခံဆရာဆရာမ ၃၁ ဦး စုစုပေါင်း ၆၂ ဦးတို့က မြို့မကျေးရွာအုပ်စုမှ ၄ ရွာ၊ ထီးပေါ်ဆိုကျေးရွာအုပ်စုမှ ၂ ရွာ၊ ဒိုးပရယ်ကျေးရွာအုပ်စုမှ ၂ ရွာ၊ မာခရော်ရှေ့ကျေးရွာအုပ်စုမှ ၂ ရွာ၊ မိုဆိုကျေးရွာအုပ်စုမှ ၄ ရွာ၊ ကေးလျားကျေးရွာအုပ်စုမှ ၄ ရွာ၊ ဟိုယာကျေးရွာအုပ်စုမှ ၄ ရွာ၊ ကေကောကျေးရွာအုပ်စုမှ ၁ ရွာ၊ ဒိုးလာစောကျေးရွာအုပ်စုမှ ၁ ရွာ စုစုပေါင်းစာသင်ဝိုင်းဖွင့်လှစ်မည့်ကျေးရွာ ၂၄ ရွာတို့တွင် ဖွင့်လှစ်သင်ကြားပို့ချပေးသွားမည်ဖြစ်သည်။

ယင်းသို့ လုပ်အားပေး 'အ' သုံးလုံးသင်ကြားပို့ချရေးကို အောက်တိုဘာ ၂၁ ရက်မှစတင်ကာ သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

**ဦးကျော်(ဖရူဆို)**

## ကော့သောင်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့က ရေစီးရေလာကောင်းမွန်ရေးဆောင်ရွက်

**ကော့သောင်း အောက်တိုဘာ ၂၃**

ကော့သောင်းမြို့တွင်း ရပ်ကွက်များရှိ ရေနုတ်မြောင်းများ ရေစီးရေလာကောင်းမွန်စေရန် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ သန့်ရှင်းရေးဌာနစိတ်က စက်တင်ဘာ ၂၀ ရက် နံနက်ပိုင်းက တူးဖော်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ကော့သောင်းမြို့သည် တောင်စောင်းတောင်ကုန်းများပေါ်တွင် လူနေအိမ်များ ဆောက်လုပ်နေထိုင်သည့်မြို့ဖြစ်ရာ ယခုရက်ပိုင်းတွင်း သည်းထန်စွာရွာသွန်းခဲ့ခြင်းနှင့် မြို့နေပြည်သူတချို့ အမှိုက်များအား စည်းကမ်းမဲ့စွာ ရေနုတ်မြောင်းအတွင်း စွန့်ပစ်မှုကြောင့် မြောင်းများပိတ်ဆို့ကာ ရေတိုက်စားပြီး လမ်းများပျက်စီးခြင်းဖြစ်ပေါ်လျက်ရှိသည်။

ယင်းသို့ ရေမြောင်းများတွင် အမှိုက်များပိတ်ဆို့နေသည့်အတွက် ပိတောက်ရွှေဝါရပ်ကွက် ဗိုလ်ချုပ်လမ်းတစ်လျှောက် ရေနုတ်မြောင်းများအတွင်း ရေစီးရေလာကောင်းမွန်ရေး အမှိုက်များပိတ်ဆို့နေမှုအား တူးဖော်ပေးခြင်း မော်တော်ယဉ်များဖြင့် သယ်ယူကာ သတ်မှတ်ထားသည့် အမှိုက်စွန့်ပစ်ရာသို့ သယ်ယူပို့ဆောင်ပေးခြင်း စသည့်လုပ်ငန်းများအား စုပေါင်းဆောင်ရွက်ပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**ကျော်စိုး(ကော့သောင်း-ပြန်/ဆက်)**



## Mandalay Regional CSOs Network မြေငလျင်ဆိုင်ရာ အသိပညာပေးဟောပြော

**မန္တလေး အောက်တိုဘာ ၂၃**

Mandalay Regional CSOs Network (MRCN) မှ ဦးဆောင်ကျင်းပသော မြေငလျင်ဆိုင်ရာ အသိပညာပေးဟောပြောပွဲကို မန္တလေးမြို့ မဟာအောင်မြေမြို့နယ်ရှိ Wilson Hotel ၌ အောက်တိုဘာ ၂၁ ရက် နံနက် ၉ နာရီက ကျင်းပခဲ့သည်။

ဆွေးနွေးပွဲတွင် မြန်မာနိုင်ငံ မြေငလျင်ကော်မတီ (တွဲဖက်ပါမောက္ခ) ဒေါက်တာမျိုးသန့်က မြန်မာနိုင်ငံတွင် ယခင်ကလှုပ်ခတ်ခဲ့သော ငလျင်များနှင့် မန္တလေးမြို့၏ ငလျင်အန္တရာယ်အကြောင်းအရာများ ဆွေးနွေးခဲ့ပြီး မြေငလျင်ဌာနမှ ဒေါ်သန္တာထွန်းက မြေငလျင်တိုင်းတာမှုနှင့် ငလျင်အကြောင်း သိကောင်းစရာများအား ဆွေးနွေးပေးခဲ့သည်။

ယင်းနောက် လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးသန်းထွဋ်ဆွေက အရေးပေါ်ရှာဖွေကယ်ဆယ်ရေးနှင့် သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုအကြောင်းများအား ဆွေးနွေးခဲ့ပြီး ငလျင်ဘေးအန္တရာယ်လျော့ပါးရေးနှင့် မြို့ပြအင်ဂျင်နီယာတို့၏ အခန်းကဏ္ဍအား မြန်မာနိုင်ငံအင်ဂျင်နီယာများအသင်း(မန္တလေး) မှ ဦးသန့်ဇင်ထွေးက ဆွေးနွေးပြောကြားခဲ့ကာ တက်ရောက်လာသည့်အဖွဲ့အစည်းအသီးသီးမှ တာဝန်ရှိသူများက သိရှိလိုသည်များအား မေးမြန်းဆွေးနွေးခဲ့သည်။

အဆိုပါဆွေးနွေးပွဲသို့ Mandalay Regional CSOs Network (MRCN) မှ တာဝန်ရှိသူများ၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ မြန်မာနိုင်ငံစာရေးဆရာအသင်းမှ တာဝန်ရှိသူများ တက်ရောက်ဆွေးနွေးခဲ့ကြောင်း သိရသည်။

**သန်းဇော်မင်း(ပြန်/ဆက်)**

## ကျေးလက်နေပြည်သူများစက်ရေတွင်းတူးဖော်ပေးခြင်းဖြင့် သန့်ရှင်းသောသောက်သုံးရေရရှိ

**တံတားဦး အောက်တိုဘာ ၂၃**

ကျောက်ဆည်ခရိုင် တံတားဦးမြို့နယ် ကျေးလက်နေပြည်သူများ သန့်ရှင်းသော သောက်သုံးရေရရှိရေးအတွက် မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်ရန်ပုံငွေဖြင့် မြင်းသည်ကျေးရွာတွင် လေးလက်မအကျယ် ပေ ၆၀၀ အနက်ရှိသည့် စက်ရေတွင်း တူးဖော်ပေးနေမှုကို အောက်တိုဘာ ၂၁ ရက် မွန်းလွဲပိုင်းက တံတားဦးမြို့နယ် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးမင်းမင်းနီ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးချမ်းမြေ့စော၊ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးမှူး ဦးရဲလွင် June Four ကုမ္ပဏီမှ တာဝန်ရှိသူများ ကြည့်ရှုခဲ့ကြကြောင်း သိရသည်။

၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် မြင်းသည်ကျေးရွာတွင် June Four ကုမ္ပဏီက စက်ရေတွင်းတူးဖော်ခြင်း၊ ရေစက်ရုံနှင့် ရေစင်တည်ဆောက်ခြင်း၊ ကျေးရွာအတွင်း ကျေးရွာသူ၊ ကျေးရွာသားများ သန့်ရှင်းသောသောက်သုံးရေကို အလွယ်တကူ အသုံးပြုနိုင်ရန်အတွက် ရေပိုက်များသွယ်တန်းပေးခြင်းတို့အတွက် စုစုပေါင်းကုန်ကျငွေကျပ်သန်းပေါင်း ၂၂ သန်းကုန်ကျကြောင်း မြို့နယ်ကျေးလက်ဦးစီးမှူးကပြောသည်။

ယခုကဲ့သို့ သောက်သုံးရေရရှိခဲ့ခြင်းနှင့်ပတ်သက်၍ "ကျွန်တော်တို့ကျေးရွာလေးဟာ မြို့နှင့်မလှမ်းမကမ်းမှာရှိပေမယ့်လည်း သောက်သုံးရေအလွန်ခက်ခဲပါတယ်။ အခုလို မြို့နယ်တာဝန်ရှိသူတွေက ကူညီဆောင်ရွက်ပေးမှုကြောင့် ရောဂါဘယကင်းဝေးပြီး မိမိတို့နေ့စဉ်နဲ့အမျှ ဆောင်ရွက်နေရတဲ့လုပ်ငန်းအဝဝကို ဆောင်ရွက်နိုင်မှာဖြစ်ပါတယ်" ဟု ဒေသခံတစ်ဦးကပြောသည်။

**ရဲတင့်(ပြန်/ဆက်)**



# စပါးဖျက်ပိုးကာကွယ်ရေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်

**မြို့သစ် အောက်တိုဘာ ၂၃**

စက်တင်ဘာနှင့် အောက်တိုဘာလများတွင် မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် စပါးစိုက်ခင်းများတွင် သီးနှံဖျက်ပိုးရောဂါကြိုတင်ကာကွယ်ရေးလုပ်ငန်းများဆောင်ရွက်နိုင်မှု နှောင့်နှေးခဲ့သဖြင့် အနှံထွက်ပြူစ စပါးခင်းများတွင် စပါးနှံစုပ်ပိုးနှင့် ရွက်စားပိုးများ ကျရောက်မှုတွေ့ရှိရသဖြင့် မကွေးတိုင်းဒေသကြီး မြို့သစ်မြို့နယ်တွင် စပါးဖျက်ပိုးကာကွယ်ရေးလုပ်ငန်းများအား စိုက်စခန်းနယ်မြေအလိုက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက အောက်တိုဘာ ၂၀ ရက်က ကွင်းဆင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မကွေးတိုင်းဒေသကြီး မြို့သစ်မြို့နယ်အတွင်း ၂၀၁၆-၂၀၁၇ ခုနှစ် မိုးစပါးစိုက်ဧရိယာစုစုပေါင်း ၆၉၉၃၉ ဧက စိုက်ပျိုးနိုင်ခဲ့ပြီး စိုက်ပျိုးရေနှင့် မိုးရေလုံလောက်စွာရရှိသည့်အတွက် စပါးစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိသော်လည်း သီးနှံဖျက်ပိုးရောဂါ ကြိုတင်ကာကွယ်မှုနှောင့်နှေးခဲ့မှုများရှိခဲ့သည်။

တိုင်းဒေသကြီး သီးနှံကာကွယ်ရေးဌာနခွဲမှ စိုက်ပျိုးပညာပေး အစီအစဉ်ဖြင့် စပါးစိုက်ခင်းများ ဖျက်ပိုးရောဂါဒဏ် ကနဦးကာကွယ်နိုင်ရေးအတွက် ပိုးသတ်ဆေးများ ပံ့ပိုးဖြည့်ဆည်း၍ စိုက်စခန်းနယ်မြေအလိုက် ကွင်းဆင်းဆောင်ရွက်ခဲ့ပြီး စိုက်ပျိုးရေးဦးစီးဌာန၏ လုပ်ငန်းအကူအညီများ လိုအပ်ပါက ဆက်သွယ်နိုင်ရန်အတွက် တောင်သူများအား အသိပေးဆောင်ရွက်ခဲ့သည်။



နယ်မြေဒေသအလိုက် မိုးရွာသွန်းမှုဖြစ်၍ မိုးသီးနှံစိုက်ခင်းများ အပင်ဖြစ်ထွန်းမှုကောင်းမွန်ခဲ့သော်လည်း သီးနှံပင်များ ပန်းဝတ်မှုန်ကူးချိန်တွင် မိုးရွာသွန်းခြင်းနှင့် သီးနှံဖျက်ပိုးရောဂါကာကွယ်ရေးလုပ်ငန်းများကြောင့် မိုးသီးနှံအထွက်နှုန်း ထိခိုက်မှုများ ကြုံတွေ့နေရသကဲ့သို့ လက်ရှိကာလ ပေါက်ဈေး သီးနှံဈေးကွက်အရ တောင်သူများ အကျိုးအမြတ် နည်းပါးမည်ကို စိုးရိမ်လျက်ရှိကြောင်း တလုပ်ပင်ကျေးရွာအုပ်စု ကံကြီးကျေးရွာ စပါးစိုက်တောင်သူ ဦးတင်ထွန်းအောင်ထံမှ သိရသည်။

**လှဝင်း(နတ်မောက်)**

## ဝါးခယ်မမြို့နယ် မူလတန်းကျောင်းအုပ်ကြီးများ စွမ်းရည်မြှင့် အလုပ်ရုံဆွေးနွေးပွဲပြုလုပ်

**ဝါးခယ်မ အောက်တိုဘာ ၂၃**

၂၀၁၆ - ၂၀၁၇ ပညာသင်နှစ် ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် ဝါးခယ်မမြို့နယ်အတွင်းရှိ အခြေခံပညာ မူလတန်းကျောင်းအုပ် ဆရာကြီး၊ ဆရာမကြီးများ ကျောင်းအုပ်ချုပ်ရေး၊ စီမံခန့်ခွဲရေး၊ သင်ကြားရေးနှင့် ရုံးလုပ်ငန်းဆိုင်ရာများကို စွမ်းရည်ပြည့်ဝစွာ ဆောင်ရွက်နိုင်စေရန် စွမ်းရည်မြှင့် အလုပ်ရုံဆွေးနွေးပွဲကို အောက်တိုဘာ ၂၁ ရက် နံနက် ၉ နာရီက ပြုလုပ်ခဲ့ကြောင်း သိရသည်။

ဝါးခယ်မမြို့နယ် ပညာရေးမှူး ဆရာမကြီးဒေါ်သိန်းငွေနှင့် ဒုတိယမြို့နယ်ပညာရေးမှူး ဆရာကြီး ဦးအေးကြွယ်တို့က အခြေခံပညာမူလတန်းကျောင်းများ၏ ပညာရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အမှန်တကယ်တတ်သိပြီး ကျွမ်းကျင်ပိုင်နိုင်စွာ ဆောင်ရွက်နိုင်စေရန်၊ ကျောင်းအုပ်ချုပ်ရေး၊ စီမံခန့်ခွဲရေး၊ သင်ကြားရေးနှင့် ရုံးလုပ်ငန်းဆိုင်ရာများကို ဆောင်ရွက်ရာတွင် အရည်အချင်းပြည့်ဝသော ကျောင်းအုပ်ကြီးများဖြစ်လာစေရန်၊ အချင်းချင်း ညှိနှိုင်းချိတ်ဆက်ဆောင်ရွက်ခြင်းဖြင့် တွေ့ကြုံလာသော အခက်အခဲများကို ဖြေရှင်းတက်သည့် အလေ့အထကောင်းများ ရရှိလာစေရန် ရည်ရွယ်ပြီး စွမ်းရည်မြှင့် အလုပ်ရုံဆွေးနွေးပွဲကို ပြုလုပ်ရခြင်းဖြစ်ကြောင်း ပြောကြားခဲ့သည်။

အဆိုပါ စွမ်းရည်မြှင့် အလုပ်ရုံဆွေးနွေးပွဲကို ဝါးခယ်မမြို့နယ်အတွင်းရှိ မူလတန်းကျောင်းအုပ် ဆရာကြီး၊ ဆရာမကြီး ၂၉၆ ဦးအား မြို့နယ်ပညာရေးမှူး၊ ဒုတိယမြို့နယ်ပညာရေးမှူး အပါအဝင် စုစုပေါင်း ဦးဆောင်ဆွေးနွေးမည့်သူကိုးဦးဖြင့် နှစ်ရက်ကြာပြုလုပ်သွားမည်ဖြစ်ပြီး ပညာသင်နှစ်တစ်လျှောက် ကျောင်းလုပ်ငန်းများ ဆောင်ရွက်မှုအပေါ် အားသာချက်၊ အားနည်းချက်များကို စောင့်ကြည့်မှတ်တမ်းတင်ပြီး စွမ်းဆောင်မှု အကောင်းဆုံး၊ အညံ့ဆုံး ကျောင်းအုပ်များကို ရွေးချယ်ကာဂုဏ်ပြုခြင်း၊ သတိပေးခြင်းများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**လွှမ်းသီဟ (ဝါးခယ်မ)**

## ထားဝယ်မြို့တွင် တနင်္သာရီတိုင်းဒေသကြီး လူငယ်တွေ့ဆုံပွဲအခမ်းအနား ကျင်းပ

**ထားဝယ် အောက်တိုဘာ ၂၃**

ပြည်ထောင်စုအဆင့် အမျိုးသားလူငယ်ရေးရာ မူဝါဒရေးဆွဲရာတွင် တနင်္သာရီတိုင်းဒေသကြီးမှ လူငယ်အလွှာပေါင်းစုံ၏ သဘောထားအမြင်များ၊ အသံများကို ထင်ဟပ်စေသော မူဝါဒစာတမ်း ပေါ်ပေါက်လာစေရန်၊ တနင်္သာရီတိုင်းဒေသကြီးအနှံ့ ချိတ်ဆက်ဖြန့်ကြက်နိုင်သော လူငယ်ကွန်ရက်တစ်ခုဖြစ်လာစေရန်နှင့် ဒေသအတွင်းအခြား လူငယ်အဖွဲ့များ၊ နိုင်ငံလုံးဆိုင်ရာနှင့် အခြားဒေသများရှိ လူငယ်ကွန်ရက်များနှင့် ချိတ်ဆက်မှု ပိုအားကောင်းလာစေရန်ရည်ရွယ်၍ အောက်တိုဘာ ၂၂ ရက် နံနက် ၉ နာရီက ထားဝယ်မြို့ မြို့တော်ခန်းမ၌ တနင်္သာရီတိုင်းဒေသကြီး လူငယ်တွေ့ဆုံပွဲ အခမ်းအနား ကျင်းပခဲ့သည်။

တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဒေါက်တာလဲ့လဲ့မော်က လူငယ်မူဝါဒဆိုသည်မှာ တိုင်းပြည်၏ လက်ရှိအနာဂတ်တွင် လူငယ်များ၏ အခန်းကဏ္ဍအတွက် အစိုးရ၊လူငယ်ရေးရာနှင့် သက်ဆိုင်သူများအားလုံးနှင့် လူငယ်ထုအကြား သဘောတူညီထားသော (လိုက်နာရမည့်) ပဋိညာဉ်တစ်ခုဖြစ်ပြီး တနင်္သာရီတိုင်းဒေသအတွင်း လူငယ်အဖွဲ့များနှင့် အခြားဒေသများရှိ လူငယ်ကွန်ရက်များ ချိတ်ဆက်မှု ပိုမိုအားကောင်းလာစေရန်အတွက် ကိုယ်စွမ်း၊ ဉာဏ်စွမ်းရှိသမျှ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ပေးကြရန်နှင့် လူငယ်တို့၏ စုပေါင်းအားဖြင့် တိုင်းပြည်ရဲ့ လက်ရှိအနာဂတ်အရေးတွေကို တက်ကြွစွာပါဝင်စွမ်းဆောင်ရန် တိုက်တွန်းပြောကြားခဲ့သည်။

ဆက်လက်၍ တနင်္သာရီတိုင်းဒေသကြီး လူငယ်ကိုယ်စားလှယ် ဒေါ်သီတာစိုးက လူငယ်တွေ့ဆုံပွဲကျင်းပရခြင်းအား ရှင်းလင်းတင်ပြခဲ့သည်။

တိုင်းဒေသကြီးလူငယ်တွေ့ဆုံပွဲ အခမ်းအနားသို့ တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်နှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ တရားသူကြီးချုပ်၊တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်မှ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်ပေါင်းစုံမှ လူငယ်များတက်ရောက်ခဲ့သည်။

အဆိုပါ တိုင်းဒေသကြီးအဆင့် လူငယ်တွေ့ဆုံဆွေးနွေးပွဲကို မြို့နယ်အသီးသီးမှ တက်ရောက်လာသည့် လူငယ်ကိုယ်စားလှယ် ၆၀ ဦး တို့မှ အောက်တိုဘာ ၂၂ ရက်နှင့် ၂၃ ရက်တို့၌ တွေ့ဆုံဆွေးနွေးခဲ့သည်။

**(တနင်္သာရီ ပြန်/ဆက်)**

## စေတနာရှင်ဆရာဝန်များနှင့် မြို့မိမြို့ဖများပူးပေါင်း၍ (IDPs) စခန်းများ၌ ဆေးကုသပေးခြင်းများဆောင်ရွက်

**မြစ်ကြီးနား အောက်တိုဘာ ၂၃**

စေတနာရှင်ဆရာဝန်များနှင့် မြို့မိမြို့ဖများပူးပေါင်း၍ နယ်မြေလုံခြုံရေး အခြေအနေအရ နေရပ်စွန့်ခွာပြောင်းရွှေ့ပြည်သူများနေထိုင်ရာ (IDPs) စခန်းများ နေပြည်သူများအား ဆေးကုသပေးခြင်း ဖွင့်ပွဲအခမ်းအနားကို အောက်တိုဘာ ၂၂ ရက် နံနက် ၉ နာရီက မြစ်ကြီးနားမြို့ မြို့တော်ခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် ပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဒေါက်တာခက်အောင်က အဖွင့်အမှာစကားပြောကြားခဲ့ပြီးနောက် မြို့မိမြို့ဖတစ်ဦးဖြစ်သည့် ဦးခက်ထိန်နန်က နယ်မြေလုံခြုံရေးအခြေအနေအရ နေရပ်စွန့်ခွာပြောင်းရွှေ့ပြည်သူများ နေထိုင်ရာ (IDPs)စခန်းများသို့ ကွင်းဆင်း၍ ဆေးဝါးကုသခြင်းဆိုင်ရာလုပ်ငန်း ဆောင်ရွက်ပေးနေမှုများအား ရှင်းလင်းတင်ပြခဲ့သည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်က ကျန်းမာရေးဝန်ထမ်းများသို့ ငွေကျပ်ငါးသိန်းလွှဲပြောင်းပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

အဆိုပါ နယ်မြေလုံခြုံရေးအခြေအနေအရ နေရပ်စွန့်ခွာ ပြောင်းရွှေ့ပြည်သူများနေထိုင်ရာ (IDPs) စခန်းများအား ကွင်းဆင်းဆေးကုသရာတွင် အနယ်နယ်အရပ်ရပ်မှ ကျန်းမာရေး ဆရာဝန် (၁၃) ဦးနှင့် ကချင်ပြည်နယ် ပြည်သူ့ကျန်းမာရေးမှ ဆရာဝန်များနှင့် သူနာပြုများပူးပေါင်း၍ ကချင်ပြည်နယ်အတွင်းရှိ ခရိုင်လေးခုမှ မြို့နယ် (၁၁) မြို့နယ်ရှိ နယ်မြေလုံခြုံရေးအခြေအနေအရ နေရပ်စွန့်ခွာပြောင်းရွှေ့ပြည်သူများ နေထိုင်ရာ (IDPs) စခန်း (၁၀၀)ကျော်ရှိ ဒေသခံပြည်သူ ၂၀၀၀၀ ကျော်အား လိုအပ်သည့်ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ပေးစွမ်းဆောင် ရွက်သွားမည်ဖြစ်ပြီး အလှူရှင် ၄၀ ဦးက ငွေကျပ်သိန်း ၂၅၀ ကျော်ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**မိုးဃ်းကျ(မြစ်ကြီးနား)**

## ကျေးလက်ရေပေးဝေရေးလုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ ဆောင်ရွက်ပြီးစီးရေးစစ်ဆေး

**တာချီလိတ် အောက်တိုဘာ ၂၀**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့နယ်တွင် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အတွင်း မြန်မာတော်ဝင်သစ္စာကုမ္ပဏီက ဆောင်ရွက်လျက်ရှိသည့် ကျေးလက်ရေးပေးဝေရေးလုပ်ငန်းအဖြစ် စိမ့်စမ်းရေသွယ်ယူခြင်းနှင့် အုတ်ရေလှောင်ကန်တည်ဆောက်ခြင်း လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်းသိရသည်။

ယင်းသို့ ဆောင်ရွက်ရာတွင် မိုင်းဖုန်း(ခ)ကျေးရွာအုပ်စု၊ ခုတ်ဝကျေးရွာ ရေပေးရေးလုပ်ငန်းအဖြစ် ငွေကျပ် ၁၇ ဒသမ ၈၅ သန်းဖြင့် နှစ်မိုင်အကွာဝေးမှ စိမ့်စမ်းရေသွယ်ယူခြင်းနှင့် အလျား (၁၅) ပေ၊ အနံ (၁၀) ပေ၊ အမြင့် (၆) ပေရှိ အုတ်ရေလှောင်ကန်တည်ဆောက်ခြင်းလုပ်ငန်းနှင့် မိုင်းကိုးကျေးရွာအုပ်စု၊ မောရှက်ကျေးရွာ ရေပေးဝေရေးလုပ်ငန်းအတွက် ငွေကျပ် ၂၄ ဒသမ ၁၅ သန်းဖြင့် သုံးမိုင်းအကွာမှ စိမ့်စမ်းရေသွယ်ယူခြင်းနှင့် အလျား (၁၅) ပေ၊ အနံ (၁၀) ပေ၊ အမြင့် (၆) ပေရှိ အုတ်ရေလှောင်ကန်တည်ဆောက်ခြင်း လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုအား ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အောက်တိုဘာ ၁၉ ရက်တွင် သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ ဆောင်ရွက်ပြီးစီးနိုင်ရန် ကွင်းဆင်းစစ်ဆေးခဲ့ပြီး လိုအပ်ချက်များအား သက်ဆိုင်ရာကုမ္ပဏီများနှင့် ပေါင်းစပ်ညှိနှိုင်းဆွေးနွေးဆောင်ရွက်ခဲ့ကြောင်းသိရသည်။

**ဝေယံလင်း(ပြန်/ဆက်)**



## အလုံမြို့နယ်သတင်းစာဆရာအသင်းနှင့် မြို့နယ်စာရေးဆရာအသင်း တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးပွဲပြုလုပ်

**ရန်ကုန် အောက်တိုဘာ ၂၃**

အလုံမြို့နယ်တွင် စာပေဟောပြောပွဲဖြစ်မြောက်ရေးအတွက် မြို့နယ်စာရေးဆရာအသင်းနှင့် မြို့နယ်သတင်းစာဆရာအသင်းတို့မှ တာဝန်ရှိသူများ ညှိနှိုင်းအစည်းအဝေးကို အောက်တိုဘာ ၂၂ ရက် နံနက် ၉ နာရီက ရန်ကုန်အနောက်ပိုင်းခရိုင် အလုံမြို့နယ် စောရန်ပိုင်အရှေ့ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး၌ ကျင်းပခဲ့သည်။

အခမ်းအနားသို့ မြို့နယ်သတင်းစာဆရာအသင်းဥက္ကဋ္ဌ ဦးမောင်မောင်၊ မြို့နယ်စာရေးဆရာအသင်းဥက္ကဋ္ဌ မြို့တော်ထွန်းရီနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့သည်။

အခမ်းအနားတွင် မြို့နယ်စာရေးဆရာအသင်းဥက္ကဋ္ဌ မြို့တော်ထွန်းရီက အလုံမြို့နယ်စာရေးဆရာအသင်းနှင့် မြို့နယ်သတင်းစာဆရာအသင်းတို့ပူးပေါင်းပြီး စာပေဟောပြောပွဲ ပြုလုပ်မည်ဖြစ်ပြီး ဒီဇင်ဘာ ၃ ရက်တွင် ပြုလုပ်ရန်လျာထားကြောင်း ဆွေးနွေးခဲ့သည်။

ဆက်လက်၍ တွေ့ဆုံပွဲသို့တက်ရောက်လာသူများက လိုအပ်သည်များကို အကြံပြုဆွေးနွေးခဲ့ကြောင်းသိရသည်။

**ကိုတင်မောင်ဦး (အလုံ)**



ရန်ကုန်မြို့ ပန်းဘဲတန်းမြို့နယ် (၁၀) ရပ်ကွက် ၃၁ လမ်း ၃၂ လမ်း သန့်ရှင်းရေးအတွက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်ခဲ့ရာ ဥက္ကဋ္ဌ ဦးဘုန်းမောင်၊ လမ်းသာယာရေးအဖွဲ့ ဦးသန်းမောင်နှင့် ရပ်ကွက်သူ ရပ်ကွက်သားများ ကူညီဆောင်ရွက်ပေးစဉ်။

**(ကြေးမုံ)**

မူးယစ်ဆန့်ကျင် အောင်ပွဲဆင်

# မူလတန်းအဆင့်သင် ဘာသာရပ်စွမ်းရည်မြှင့်သင်တန်း ဆွေးနွေးပွဲကျင်းပ

**နေပြည်တော် အောက်တိုဘာ ၂၃**

အခြေခံပညာမူလတန်းအဆင့်သင် ဆရာ ဆရာမများ၏ သင်ကြားမှုအရည်အသွေးမြင့်မားလာစေရန်၊ သင် ကြား၊ သင်ယူမှုလုပ်ငန်းများ ထိရောက်အောင်မြင်မှုရရှိစေရန်၊ အခြေခံပညာ စတုတ္ထတန်းစာမေးပွဲကို အရည် အချင်းရှိစွာဖြင့် အောင်ချက်မြင့်မားလာစေရန်၊ သာမန်အောင်မှတ်ရသူများ အမှတ်ကောင်းရရှိစေရန် နှင့် ဘာသာရပ်ကို ကောင်းစွာ သဘောပေါက်နားလည်လာစေရန်စသည့် ရည်ရွယ်ချက်များဖြင့် ပြည်ထောင် စုနယ်မြေ လယ်ဝေးမြို့နယ် အထက(၁) ရွှေရတုခန်းမ၌ အောက်တိုဘာ ၂၀ ရက် နံနက် ၉ နာရီက အခြေခံပညာမူလတန်းအဆင့်သင် ဆရာ ဆရာမများ၏ ဘာသာရပ်စွမ်းရည်မြှင့်သင်တန်းဆွေးနွေးပွဲ ဖွင့်ပွဲကျင်းပခဲ့ သည်။



အဆိုပါ ဖွင့်ပွဲတွင် မြို့မိမြို့ဖ ဆရာကြီး ဦးမြင့်လွင်(မြို့နယ်ပညာရေးမှူး-ငြိမ်း)က အမှာစကားပြောကြား ပြီး မြို့နယ်ပညာရေးမှူး ဒေါ်စန်းစန်းကြွယ်က သင်တန်းဆွေးနွေးပွဲ၏ ရည်ရွယ်ချက်များ နှင့် စည်းကမ်းချက်များကို ရှင်းလင်းပြောကြားသည်။ ယခု ဖွင့်လှစ်သည့် မူလတန်းအဆင့်သင် ဘာသာရပ်စွမ်းရည်မြှင့်သင်တန်း ဆွေးနွေးပွဲသို့ လယ်ဝေးမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများမှ ကြီးကြပ်နှင့် သင်ကြားပို့ချမည့် ဆရာ ဆရာမ ခြောက်ဦး၊ သင်တန်းသားသင်တန်းသူ၊ ဆရာ ဆရာမ ၂၆၁ ဦး စုစုပေါင်း ၂၆၇ ဦး ပါဝင်တက်ရောက် ဆွေးနွေးကြမည်ဖြစ်ပြီး သင်တန်းကာလမှာ အောက်တိုဘာ ၁၉ ရက်မှ ၂၃ ရက်အထိဖြစ်ကြောင်း သိရသည်။ **(ဇော်မင်းအောင်)**




ပဲခူးတိုင်းဒေသကြီး ဒိုက်ဦးမြို့နယ် အောင်ချမ်းသာလမ်း ကိုယ့်အားကိုယ်ကိုးမူကြိုကျောင်း၌ ဉာဏစွမ်းရည် ပြိုင်ပွဲကို အောက်တိုဘာ ၁၈ ရက်က ကျင်းပစဉ်။ **(ကြေးမုံ)**

# နိုင်ငံခြားဆရာဝန်အဖွဲ့ ဇီဝိတဒါန အခမဲ့ဆေးဝါးလာရောက်ကုသပေး



**သံဖြူဇရပ် အောက်တိုဘာ ၂၃**

အင်္ဂလန်နိုင်ငံရောက် မြန်မာဆရာဝန်များ၏စီစဉ်ပံ့ပိုးမှုဖြင့် မွန်ပြည်နယ် သံဖြူဇရပ်မြို့ရှိ ဇီဝိတဒါနဆေးအလှူတော်ရုံကြီးတွင် အင်္ဂလန်နိုင်ငံမှ အထူးကုဆရာဝန်ကြီးသုံးဦးနှင့် မြန်မာနိုင်ငံအထူးကုဆရာဝန်များပူးပေါင်းကာ အထွေထွေရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ ဆီးချိုရောဂါ၊ အရိုးအကြောရောဂါ၊ နှလုံးရောဂါ ခွဲစိပ်မှုဆိုင်ရာရောဂါများကို အောက်တိုဘာ ၂၁ ရက်မှ ၂၅ ရက်အထိ အခမဲ့ ဆေးဝါးကုသပေးမှုကို ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

ဆေးဝါးကုသပေးရာတွင် ဇီဝိတဒါနဆေးအလှူတော်ရုံ ဟိတကာရီဖောင်ဒေးရှင်းနာယကဆရာတော် ဘဒ္ဒန္တဓမ္မပီယနှင့် ဆေးအလှူတော်ရုံကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးစံငြိမ်းနှင့် တာဝန်ရှိသူများမှ ပံ့ပိုးကူညီဆောင်ရွက်ပေးမည်ဖြစ်သည်။ **ကျော်ဝင်း(ပြန်/ဆက်)**

# ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ စွမ်းရည်မြှင့် သင်တန်းဆင်းပွဲကျင်းပ

**ပုလော အောက်တိုဘာ ၂၃**

တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် ပုလောမြို့နယ် ရပ်ကွက်၊ ကျေးရွာ အုပ်ချုပ်ရေးမှူးများ စွမ်းရည်မြှင့်သင်တန်းဆင်းပွဲအခမ်းအနားကို ပုလောမြို့နယ် ကမ်းရိုးတန်းရတနာခန်းမ၌ အောက်တိုဘာ ၂၁ ရက် ညနေ ၃ နာရီခွဲက ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် ပုလောမြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ဇင်က ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ၏ လုပ်ငန်းစွမ်းဆောင်ရည်မြင့်စေရန် ရည်ရွယ်၍ အဆိုပါသင်တန်းကို ဖွင့်လှစ်ရခြင်းဖြစ်ပြီး ရပ်ကွက်၊ ကျေးရွာ အုပ်ချုပ်ရေးမှူးများအနေဖြင့် ဌာနဆိုင်ရာများ၏ လုပ်ငန်းများကိုသိရှိပြီးဖြစ်ကာ ပြည်သူများ၏ အကျိုးစီးပွားများကို ဆောင်ရွက်ရာတွင် ဌာနဆိုင်ရာများနှင့် ပူးပေါင်းညှိနှိုင်း ဖြေရှင်းဆောင်ရွက်ကြရန် မှာကြားခဲ့သည်။

အဆိုပါသင်တန်းကို အောက်တိုဘာ ၁၇ ရက်မှ ၂၁ ရက်ထိ ၅ ရက်တိုင်တိုင် ဖွင့်လှစ်ခဲ့ပြီး ပုလောမြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူး ၃၅ ဦးနှင့် စာရေး ၃၅ ဦး ပေါင်း ၇၀ ဦး တက်ရောက်သင်ကြားခဲ့ကြကြောင်း သိရသည်။ **ပုလောမြို့နယ်(ပြန်/ဆက်)**

# ချောက်မြို့နယ်တွင် သဘာဝပတ်ဝန်းကျင်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အသိပညာပေးဟောပြောဆွေးနွေး

**ချောက် အောက်တိုဘာ ၂၃**

မကွေးတိုင်းဒေသကြီး ချောက်မြို့နယ်တွင် စီးပွားဖြစ် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများနှင့် သဘာဝပတ်ဝန်းကျင်စီမံခန့်ခွဲမှု ဖွံ့ဖြိုးတိုးတက်ရေး စီမံချက်ဖြစ်သောWorld Vision Myanmar ၏ သဘာဝပတ်ဝန်းကျင် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲကို အောက်တိုဘာ ၂၁ ရက် မွန်းလွဲ ၁ နာရီက ကျင်းပခဲ့ကြောင်း သိရသည်။

ဆွေးနွေးပွဲတွင် မြို့နယ်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါက်တာစိုးလင်းက သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်ဆက်စပ်သော မွေးကုဦးစီးဌာနလုပ်ငန်းစဉ်များအကြောင်း ရှင်းလင်းပြောကြားခဲ့ပြီး အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန ဒုဦးစီးမှူးဦးဆွတ်ရိန်းဆိုင်းလားက သဘာဝပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေး လုပ်ငန်းစဉ်များနှင့် ပျိုးဥယျာဉ်များပြုစုပျိုးထောင်ခြင်းတို့နှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

ဆက်လက်၍ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးခင်မောင်ကျော်က ဌာနမှဆောင်ရွက်နေသော သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းစဉ်များအားပြောကြားခဲ့ပြီး Word Vision Myanmar မှ တာဝန်ခံဒေါက်တာ သန်းဦးက စီမံကိန်းအရ ဆောင်ရွက်နေသော သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် စီမံခန့်ခွဲမှုဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များအား ဆွေးနွေးပေးခဲ့သည်။

သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအကြောင်းများနှင့်ပတ်သက်၍World Vision Myanmar နယ်မြေတာဝန်ခံ ဦးစောထူးထူးက ဆွေးနွေးခဲ့ပြီးနောက် ချောက်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက တက်ရောက်လာသော ကျေးရွာပြည်သူ ၂၃၀ ဦးအား နံရံကပ်စာပေရေချမ်းစင်စာအုပ်များ ဖြန့်ဝေပေးခဲ့သည်။

လူကုန်ကူးမှု၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာနှင့် ကျန်းမာရေးအသိပညာပေးနံရံကပ်စာစောင်များကိုလည်း လေ့လာကြည့်ရှုနိုင်ရန် ပြသခဲ့ကြောင်း သိရသည်။ **ဝင်းအိမွန်(ပြန်/ဆက်)**

# ရိစာလမ်းဆောင်ရွက်ခင်းကျင်းပေးမှုကြောင့် ဒေသခံများသွားလာရေးအဆင်ပြေ

**ဥတ္တရသီရိ အောက်တိုဘာ ၂၃**

ဥတ္တရခရိုင် ဥတ္တရသီရိမြို့နယ်အတွင်း ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် မူလရန်ပုံငွေဖြင့် တောင်ညိုကျေးရွာအုပ်စု မရမ်းခုံကျေးရွာတွင်း ရိစာလမ်းလုပ်ငန်း ဆောင်ရွက်နေမှုအား ဥတ္တရခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးသန်းဝင်းစိုး၊ ဥတ္တရသီရိမြို့နယ်တာဝန်ခံအင်ဂျင်နီယာ ဦးပြည့်ဖြိုးအောင်နှင့် ကျေးလက်ဝန်ထမ်းများက အောက်တိုဘာ ၂၁ ရက် နံနက် ၁၀ နာရီက ကွင်းဆင်းစစ်ဆေးခဲ့ပြီး လုပ်ငန်းအား သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အလေးထားဆောင်ရွက်ရန်နှင့် သတ်မှတ်ကာလအတွင်း ပြီးစီးအောင်ဆောင်ရွက်ရန် မှာကြားခဲ့သည်။

အဆိုပါ မရမ်းခုံကျေးရွာတွင်းလမ်း (ရိစာလမ်းလုပ်ငန်း) မှာ အရှည် ၆ ဒသမ ၃၁ ဖာလုံဖြစ်ပြီး ခွင့်ပြုငွေကျပ်သန်း ၁၄ ဒသမ ၃၈၀ သန်းဖြင့် ဆက်ထွန်းတောက်ကုမ္ပဏီမှ တာဝန်ယူဆောင်ရွက်လျက်ရှိပြီး အဆိုပါလမ်းခင်းကျင်းပြီးပါက ကျေးရွာအတွင်းရှိ ဒေသခံပြည်သူများ ယခင်ကထက်ပို၍ သွားရေးလာရေး အဆင်ပြေတော့မည်ဖြစ်ကြောင်း သိရသည်။ **ရွှေရဲရင့်**



# ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်နိုင်ရန် ကွင်းဆင်းစစ်ဆေး

**ဝါးခယ်မ အောက်တိုဘာ ၂၃**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် ဝါးခယ်မမြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာများမှ ပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်လာစေရန် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိရာ အောက်တိုဘာ ၂၁ ရက်က ရွာသစ်ရပ်ကွက်၊ တရုတ်တန်းရပ်ကွက်၊ ဦးကြီးတော်ကျေးရွာ၊ စံပြရွာသစ်ကျေးရွာများရှိ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်နိုင်ရန် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ရွာသစ်ရပ်ကွက်အတွင်းရှိ ပြည်သူများ၏ သောက်သုံးရေအတွက်ဆောင်ရွက်မည့် စက်ရေတွင်းသုံးတွင်း၊ ရွာသစ်-သော်ကသို့ ဆက်သွယ်သည့် ကွန်ကရစ်လမ်း၊ ရွာသစ်ရပ်ကွက် ယမုံသီတာလမ်း အရှည် ၄၀၀ ပေရှိ မြစ်ကမ်းပါးပြိုကျမှုအတွက် မြစ်ကမ်းပါးထိန်းနံရံ၊ တရုတ်တန်းရပ်ကွက် ကမ်းနာလမ်း ရွှေနဂါးဆန်စက်အနီး အရှည် ၃၅ ပေ၊ အကျယ် ၁၀ ပေရှိ ကွန်ကရစ်တံတား၊ စံပြရွာသစ်ကျေးရွာ-ဦးကြီးတော်ကျေးရွာအားဆက်သွယ်မည့် သရွတ်သွတ်ချောင်းကူးတံတားတို့အား ဆောင်ရွက်နိုင်ရန်အတွက် ကွင်းဆင်းစိစစ်ဆောင်ရွက်ခြင်း ဖြစ်သည်။

ယင်းသို့ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထက်အောင်ဖြိုး၊ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး (နည်းပညာ) ဦးကျော်မျိုးအောင်၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အင်ဂျင်နီယာမှူး ဦးတင်မောင်စိုး၊ မြို့နယ်ဆည်မြောင်းဦးစီးဌာနမှ တာဝန်ရှိသူများသည် သက်ဆိုင်ရာ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ရပ်မိရပ်ဖများ၊ သေခံပြည်သူများနှင့် တွေ့ဆုံညှိနှိုင်း စိစစ်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**လွှမ်းသီဟ(ဝါးခယ်မ)**

# ဒါတွေ စပြီးပြောင်းလဲကြည့်ပါလား

ဆူးငှက်



မန္တလေးမှာ အရှေ့အနောက်တန်းလျက် အထင်ကရလမ်းမကြီးတွေကို အေလမ်း၊ ဘီလမ်း၊ စီလမ်း၊ ဒီလမ်းလို့ ခေါ်တွင်ခဲ့ကြတာက အင်္ဂလိပ်အမွေအနှစ်လို့သမုတ်ပြီး ၁၉၉၀ ခုနှစ် ဝန်းကျင်မှာ ရန်ကြီးအောင်လမ်း၊ ဘုရင့်နောင်လမ်း၊ ပင်းယလမ်း၊ အင်းဝလမ်းလို့ ပြောင်းလဲ ခေါ်ဝေါ်သုံးစွဲစေခဲ့တယ်။ ခေတ်ပြောင်း၊ စနစ်ပြောင်းခြင်း လက္ခဏာရဲ့ အပြောင်းအလဲလို့ ဆိုပါတယ်။ ဒီလိုပါပဲ အင်္ဂလိပ်အပြေး၊ ဂျပန်အဝင်ကလည်း မြန်မာတစ်ပြည်လုံးရှိ မြို့ကြီးတွေက အင်္ဂလိပ်အခေါ်အဝေါ်လမ်းများ၊ ရပ်ကွက်များကိုလည်း "ဗမာနိုင်ငံတော် အစိုးရအမိန့်ပြန်တမ်း"နဲ့ ၁၉၄၄ခုနှစ် စက်တင်ဘာ ၈ ရက် နေ့စွဲပါ အမိန့်အမှတ် ၉၂ဖြင့် ပြောင်းလဲခဲ့ကြတဲ့ သာဓက ကလည်းရှိခဲ့တယ်။ ရန်ကုန်မြို့က ဒါလဟိုဇီလမ်းတို့၊ မော်တင်လမ်းတို့၊ ဂေါ်ဒဝင်လမ်းတို့လည်း ဗန္ဓုလလမ်း၊ လမ်းသစ်လမ်း၊ လမ်းမတော် ဆိုတာတွေ ဖြစ်ခဲ့တယ်။ မန္တလေးမြို့က အေလမ်း၊ ဘီလမ်း၊ စီလမ်း၊ ဒီလမ်း ဆိုတာတွေက လမ်းအမှတ်များရှိပြီး ဖြစ်တယ်။ ၃၅လမ်း၊ ၂၆လမ်း၊ ၂၂လမ်း၊ ၁၉ လမ်းတွေဖြစ်တယ်။ ဒီလမ်းမကြီးတွေထဲက ၂၂လမ်းက နန်းမြို့အာဠဝီတံခါးနှင့် တည့်တည့်မို့ အာဠဝီလမ်းလို့ အမည်ရှိတယ်။ ဒီလိုပဲ ၁၉လမ်း ကလည်း စည်ရှည် (စက်ရှင်)တံခါးနှင့် တည့်တည့်မို့ စည်ရှည်(စက်ရှင်)လမ်းဟု အမည်ရှိပြီး ဖြစ်ပါတယ်။ ဒီအမည်တွေက အင်္ဂလိပ်အမည်များ မဟုတ်ခဲ့ပါဘူး။

၂၆ ဘီလမ်းသည်ကား မြန်မာ့လွတ်လပ်ရေးတိုက်ပွဲအတွက် တကယ့်သမိုင်းဝင် အထင်ကရလမ်းမကြီး ဖြစ်ခဲ့တယ်။ လွတ်လပ်ရေးတိုက်ပွဲသမိုင်းတွင် တိုက်ပွဲ ဒီရေအမြင့်ဆုံးဖြစ်ခဲ့တဲ့ ၁၃၀၀ပြည့် အရေးတော်ပုံကာလ၊ အင်္ဂလိပ်အစိုးရရဲ့ မတရားဖိနှိပ်တဲ့ မတရားဥပဒေများကို ရဲရဲတောက် ဆန့်ကျင်ကာ ငြိမ်းချမ်းစွာဆန္ဒပြခဲ့ကြတဲ့ မန္တလေးမြို့က ရဟန်းရှင်လူ၊ ကျောင်းသူ ကျောင်းသားနှင့် မြို့သူမြို့သားတွေကို လက်နက်နဲ့ ရက်ရက်စက်စက် နှိမ်နင်းခဲ့လို့ ၂၆ လမ်းမကြီးပေါ် အာဇာနည် ၁၇ ဦးတို့ သွေးမြေကျခဲ့တယ်။ အဲဒီရဲရဲနီတဲ့သွေးတို့ဖြင့် ၂၆လမ်းကို "အာဇာနည်လမ်း" လို့ အမည်ပေးခဲ့တဲ့ သမိုင်းက အထင်အရှား ရှိခဲ့တယ်။ ဒီအာဇာနည်လမ်းဆိုတဲ့ အမည်က အမွေမှုကို တိုက်ခဲ့တဲ့၊ နယ်ချဲ့ကိုတိုက်ခဲ့တဲ့၊ အမျိုးဘာသာ သာသနာကို ကာကွယ်ခဲ့တဲ့၊ လွတ်လပ်ရေးကို တောင်းဆိုခဲ့တဲ့ အမည်ဖြစ်ပါလျက် ဘုရင့်နောင်လမ်းလို့ အမွေအမည်ပြောင်းခဲ့တယ်။ ဒီလိုနဲ့ ဆယ်စုနှစ် နှစ်စုကာလအတွင်း "အာဇာနည်လမ်း" ဆိုတဲ့ သမိုင်းဝင်အမည်က ပျောက်ကွယ်ခဲ့ရတယ်။ အားကောင်းမောင်းသန် အသက်၂၀အရွယ် မန္တလေးသူ မန္တလေးသားလေးတွေ "အာဇာနည်လမ်း" မသိတော့။ ဝမ်းနည်းဖွယ် ကောင်းလှပါတယ်။

ဒါ့အပြင် မန္တလေးရဲ့ အသည်းနှလုံးဖြစ်ခဲ့တဲ့ ဈေးချိုတော်ကြီးနှင့် မန္တလေးရဲ့ အထွတ်အထိပ်ဖြစ်တဲ့ မဟာမုနိ ဘုရားကြီးတို့ ဆက်သွယ်တဲ့ အထင်ကရလမ်းမကြီး (၈၄လမ်း)ကိုလည်း မန္တလေးမြို့လူထုက လွတ်လပ်ရေးဖခင် အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းကို ဂုဏ်ပြုသောအားဖြင့် "ဗိုလ်ချုပ်အောင်ဆန်းလမ်း"လို့ ခေါ်တွင်ခဲ့တယ်။ ရေးသားခဲ့တယ်။ မှတ်တမ်းပြုခဲ့တယ်။ ယခု "ဗိုလ်ချုပ်အောင်ဆန်းလမ်း" အမည်သညာသည် မှေးမှိန်ပျောက်ကွယ် သွားပြန်ပါပြီ။

အဲဒီ ဗိုလ်ချုပ်အောင်ဆန်းလမ်းမကြီးမှ မဟာမုနိဘုရားကြီးမြောက်မုခ်နှင့် အရှေ့ ၄၅တာတို့ ဆက်စပ်တဲ့ လမ်းမကိုလည်း ဂျပန်ဖက်ဆစ်တော်လှန်ရေးကာလ မန္တလေးမှာ ရုံးထိုင်ပြီး အခြေအနေ အချိန်အခါနှင့် ကိုက်ညီစွာ ၁၉၄၅ ခုနှစ် မတ် ၈ ရက် ကတည်းက ဂျပန်ကို စစ်ကြေညာတိုက်ခိုက်ခဲ့တဲ့ ဗိုလ်မှူးဗထူးကို ဂုဏ်ပြုသောအားဖြင့် "ဗိုလ်ဗထူးလမ်း"ဟု ခေါ်ဝေါ်သုံးစွဲခဲ့ကြတယ်။ ဘာလို့လဲဆိုတော့ ဗိုလ်မှူးဗထူးက ဂျပန်ကိုတော်လှန်ခဲ့ပြီး စစ်ကြေညာလက်မှတ်ရေးထိုးခဲ့တဲ့ အထက်ဗမာပြည်စစ်ရုံးချုပ်က အဲဒီလမ်းပေါ်မှာ တည်ရှိသောကြောင့်လည်း ဖြစ်ပါတယ်။ ယခု အနောက် ၄၅တာ မီးသတ်အရှေ့ဘက်ရှိ "ဗုဒ္ဓပြတိုက်"လို့ ကမ္ပည်းဆိုင်းဘုတ်တင်အပ်သော အဆောက်အအုံပဲ ဖြစ်ပါတယ်။ ယခု ဗိုလ်ဗထူးလမ်းကိုလည်း မေ့ပျောက်နေကြပါပြီ။

၁၉၂၄ ခုနှစ် ဩဂုတ် ၁၆ ရက်မှာ မြန်မာနိုင်ငံလုံးဆိုင်ရာ ညီညွတ်ရေးအဖွဲ့ကြီးရဲ့ သုံးလပတ် အစည်းအဝေးကို မန္တလေးမြို့မှာ ကျင်းပခဲ့တယ်။ ဒီအစည်းအဝေးကြီးကို ဆရာတော်ဦးဥတ္တမလည်း ကြွလာတော်မူခဲ့တယ်။ ဆရာတော် ဦးဥတ္တမကြွလာမည်ကို မန္တလေးမြို့မှ ရဟန်းရှင်လူပြည်သူလူထုတို့ ကြိုဆိုကြရာ အစိုးရပုလိပ်အဖွဲ့နှင့် ရှန်းရင်းဆန်ခတ်ဖြစ်ပြီး နှိမ်နင်းမှုကြောင့် မန္တလေးမြို့က ဦးစန္ဒိမာဘွဲ့အမည်ရှိ ရဟန်းတော် တိမ်းပါးပျံလွန်တော်မူခဲ့တယ်။ မတရားတဲ့ ဖိနှိပ်မှုအမိန့်ကို ဆန့်ကျင်ရင်း အသက်စွန့်လွှတ်ခဲ့တဲ့ ရဟန်းတော်ကို ဂုဏ်ပြုသောအားဖြင့် အဲဒီလမ်း (၃၁လမ်း)ကို အရှေ့ဘက် ၆၂လမ်းမှ အနောက်ဘက် မိကျောင်းတံတားအထိ "အရှင်စန္ဒိမာလမ်း"လို့ မြို့လူထုက ကမ္ပည်းတင်ဂုဏ်ပြုခဲ့ကြတယ်။ လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းတွင် မန္တလေးမှာ ပထမဆုံးသွေးမြေကျခဲ့တဲ့ ရဟန်းတော်ကို ဂုဏ်ပြုခဲ့တဲ့ လမ်းမအမည်မှာလည်း အခုအခါ စုံစုံမြုပ်နေပါပြီ။

ဒါ့ကြောင့် ဇာတိ၊ ပုည၊ ဂုဏ်မာနနဲ့ နာမည်ကျော်ခဲ့လေတဲ့ မန္တလေးအနေနှင့် သူ့ကျွန်အောက်ရောက်ရမှုအပေါ် တောက်ခေါက်အံကြိတ် မခိုတင်ကဲ အမှတ်လက္ခဏာ ဆီးပန်းနီဆရာတော်ဗိမာန် မူလခင်စောမှုကွေ့လမ်းမမှ ပျက်သုဉ်းခန်း၊ ထိုမူလနေရာအစား မန္တလေးတောင်ခြေ ဘိုးဘိုးကြီးနတ်နန်း စောင်းတန်းအခြေတွင် အစားထိုးနေရာပေးကာ "ဆီးပန်းနီဆရာတော်ဗိမာန်" တည်ဆောက်ထားသော်လည်း ယခုအခါ ထိုနေရာက လူနေ အဆောက်အအုံပမာ ကွယ်ပျောက်နေခန်း၊ အမျိုးသားစီးပွားရေး၏ ပြယုဂ် ဈေးချိုတော် ရုံကြီး၁၂ရုံ ပျက်စီးခန်း၊ ကိုယ့်ထီးကိုယ့်နန်းကိုယ့်ကြငှန်း၏ သမိုင်းဝင်ရာပြည့်အထိမ်းအမှတ် မန်းရာပြည့်ကွင်း ပျောက်ဆုံးခန်း၊ မြင်းခွာတစ်ချက်ပေါက်ရင် မီးဟုန်းဟုန်းတောက်စေရမယ် ဟူသော ရဲရဲတောက် အားမာန်၏ အရှင်သခင် သခင်ဗဟိန်းဂူ လွယ်လင့်တကူဖျက်ဆီးခန်းများကို မသိကျိုးကျွန် ပြုကြပြီးသကာလ ဘိုးဘွားတို့သွေးနဲ့ ရေးထိုးခဲ့ကြတဲ့ အာဇာနည်လမ်း၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ ဗိုလ်ဗထူးလမ်း၊ အရှင်စန္ဒိမာလမ်းဆိုတဲ့ ကမ္ပည်းမော်ကွန်းများကိုဖြင့် ယခုခေတ်သစ် စနစ်သစ်အခါသမယမှာ မကြောက်တရားနဲ့ ဝိုင်းဝန်းဖော်ထုတ်အပ်ပါကြောင်း။ ။

**မန္တလေးရဲ့ အသည်းနှလုံးဖြစ်ခဲ့တဲ့ ဈေးချိုတော်ကြီးနှင့် မန္တလေးရဲ့ အထွတ်အထိပ်ဖြစ်တဲ့ မဟာမုနိ ဘုရားကြီးတို့ ဆက်သွယ်တဲ့ အထင်ကရလမ်းမကြီး (၈၄လမ်း)ကိုလည်း မန္တလေးမြို့လူထုက လွတ်လပ်ရေးဖခင် အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းကို ဂုဏ်ပြုသောအားဖြင့် "ဗိုလ်ချုပ်အောင်ဆန်းလမ်း"လို့ ခေါ်တွင်ခဲ့တယ်။ ရေးသားခဲ့တယ်။ မှတ်တမ်းပြုခဲ့တယ်။ ယခု "ဗိုလ်ချုပ်အောင်ဆန်းလမ်း" အမည်သညာသည် မှေးမှိန်ပျောက်ကွယ် သွားပြန်ပါပြီ။**

## ဇမ္ဗူသီရိမြို့နယ်တွင် ကျန်းမာရေးအသိပညာပေးဆွေးနွေး

**နေပြည်တော် အောက်တိုဘာ ၂၃**

ရပ်ကွက် ကျေးရွာနေပြည်သူများ အသက်ရှည်ကျန်းမာစွာ နေထိုင်နိုင်ရေး ရည်ရွယ်၍ ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းအဖြစ် ကျန်းမာရေးအသိပညာပေး ဆွေးနွေးပွဲကို အောက်တိုဘာ ၁၄ ရက် နံနက် ၁၀ နာရီခွဲက ဇမ္ဗူသီရိမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ဇမ္ဗူသီရိမြို့နယ် ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာတင်မြထွေးက ဆေးယဉ်ပါး တီဘီရောဂါ(MDR-TB) အကြောင်းသိကောင်းစရာများကို ရှင်းလင်းဆွေးနွေးပြီး မြို့နယ်သူနာပြု အဆင့်(၁) ဒေါ်ငြိမ်းငြိမ်းလှက တီဘီရောဂါနှင့် တီဘီရောဂါ ကူးစက်နိုင်မှုအကြောင်းအရာများ၊ တီဘီရောဂါလက္ခဏာများနှင့် ရောဂါကုထုံးနည်းလမ်းများကို တီဘီရောဂါပညာပေး ရုပ်ပြကားချပ်များဖြင့်ပြသ၍ ရှင်းလင်းဆွေးနွေးခဲ့သည်။

ထို့နောက် အမျိုးသမီးကျန်းမာရေး ဆရာမဒေါ်နန္ဒာရွှေက ဇီကာရောဂါ အကြောင်း သိကောင်းစရာများကို အသေးစိတ် ရှင်းလင်းပြောကြားသည်။

"တီဘီရောဂါဆိုတာ အသက်အန္တရာယ်ကိုတော့ ထိခိုက်နိုင်တယ်။ စနစ်တကျ သတ်မှတ်ထားတဲ့ ကုထုံးအတိုင်း ကုသမယ်ဆိုရင်တော့ ပျောက်ကင်းအောင် ကုသနိုင်ပါတယ်။ ဒါကြောင့်လည်း အခုလို အသိပညာပေး ဆွေးနွေးပွဲများကို အချိန်နဲ့တစ်ပြေးညီ ရပ်ကွက်ကျေးရွာတွေအရောက် ပြုလုပ်ပေးနေရခြင်းဖြစ်ပါတယ်" ဟု ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာတင်မြထွေးက ပြောကြားသည်။

အဆိုပါဆွေးနွေးပွဲတွင် ကျန်းမာရေးဝန်ထမ်းများက တက်ရောက်လာကြသူများအား ကျန်းမာရေးဆိုင်ရာအသိပညာပေး လက်ကမ်းစာစောင်များကို အခမဲ့ ဖြန့်ဝေပေးခဲ့ကြကြောင်း သိရသည်။ **သန့်မောင်**

## ပဲခူးတိုင်းဒေသကြီးအတွင်း လိုင်စင်မဲ့ဆိုင်ကယ်များအား သုံးလအတွင်း လိုင်စင်များပြုလုပ်ပေးမည်

**ပဲခူး အောက်တိုဘာ ၂၃**

ပြည်ထောင်စုအစိုးရအဖွဲ့ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန နေပြည်တော်ရုံးချုပ်၏ ညွှန်ကြားမှုနှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့တို့၏အစီအစဉ်ဖြင့် နိုဝင်ဘာ ၁ ရက်မှစတင်ကာ လိုင်စင်မဲ့ဆိုင်ကယ်များအား လိုင်စင်ပြုလုပ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ပဲခူးမြို့ မြို့တော်ခန်းမ၌ တစ်ရက်လျှင် ဆိုင်ကယ်စီးရေ ၂၅၀ ခန့်အထိ နံနက် ၉ နာရီခွဲမှ ညနေ ၄ နာရီခွဲထိ ပြုလုပ်ပေးသွားမည်ဖြစ်ပြီး ခရိုင်/မြို့နယ်များအလိုက် အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ပေးရန် တိုင်းဒေသကြီး ဝန်ကြီးချုပ်က လိုင်စင်ပြုလုပ်အခွန်ကောက်ခံရာတွင် ကျေးလက်ဒေသနေသူများအတွက် အခွန်ဆောင်နိုင်သောနှုန်းထားဖြင့်သာ ကောက်ခံရန် ညွှန်ကြားထားပြီးဖြစ်ကြောင်း သိရသည်။

လိုင်စင်ပြုလုပ်ရာတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ အကောက်ခွန်၊ ဘဏ်၊ အာမခံဌာနများနှင့်အတူ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပြီး လက်ရှိ ပဲခူးတိုင်းဒေသကြီးတွင် တရားဝင်မှတ်ပုံတင်ထားသော ဆိုင်ကယ်စီးရေ ၁၁၇၆၀၀ ရှိကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**

ကြေးမုံ
အောက်တိုဘာ ၂၄၊ ၂၀၁၆

# လက်တွေ့အသုံးချဆေးနည်းတိုများ(၁၂)

lunf(Citrk)

**ဆရာရှင့်-မျက်နှာမှာ တင်းတိပ်တွေထွက်လာလို့ တိုင်းရင်းဆေးနဲ့ ကုလိုပါတယ်။ ပျောက်ကင်းအောင် ဘယ်လိုလုပ်ရမလဲရှင့်။**

တမာရွက်အခြောက်တွေကို ညက်အောင် အမှုန့်ပြုလုပ်ပြီး သနပ်ခါးနဲ့ရောစပ်လိမ်းပါ။ ရက်ကြာကြာလေးနဲ့ လိမ်းပါ။ ညအိပ်ရာဝင်ချိန် လိမ်းအိပ်ပါ။ လက်တွေ့ ပျောက်ကင်းဖူးသူရှိပါတယ်။

**ဆရာခင်ဗျား-ကျွန်တော်တို့ ဆရာတော်ရဲ့ ကျောက်ကပ်မှာ ကျောက်တည်နေတာ တော်တော်လေးကြာပါပြီ။ ဆေးစားနေတာလည်း မထူးခြားပါ။ ဆရာတော်က မခွဲစိတ်ချင်ပါ။ ဆေးနည်းလေး ပြောပြပေးပါ။**

ငါးပြေမနဲ့ ဇောင်းလျားသီးဟင်းချက်ကပ်ပါ။ သုံးရက်ဆက်ကပ်ပါ။ ကျောက်ဖရုံသီးနဲ့ ငါးပုတ်သင်ရော ဟင်းချိုချက်ကပ်ပါ။ သံမနိုင် ကျောက်မနိုင်၊ ကျောက်ကွဲရွက်၊ ကုန်းထိကရုံး၊ ခရာမြစ် ရရာနှစ်မျိုး၊ သုံးမျိုး ရောပြုတ်တိုက်ပါ။

**လေယာဉ်ပျံစီးတဲ့အခါ လေအထက်ဆန်ပြီး ပျို့အန်ချင်တာ ဘယ်လိုလုပ်ရပါမလဲဆရာ။ သကြားလုံး ငုံတော့လည်း မပျောက်ပါ။**

နိုင်ငံခြားဆေးတွေ ဆောင်သွားဖို့မလိုပါ။ ချင်းတက်အစိုကို ပါးပါးလှီး၊ ခုနှစ်လွှာလောက် ရေဆွတ်ထားတဲ့ လက်ကိုင်ပဝါနဲ့ ထုပ်ယူသွားပါ။ ချင်းကို အထင်မသေးပါနဲ့။ အရှေ့တိုင်း အာယုဗေဒဆေးပညာက ရှေးနှစ်ပေါင်းတစ်ထောင်ကျော်ကတည်းက အစွမ်းထက်အာနိသင်တွေ ရှိတယ်လို့ ဖော်ပြခဲ့ပြီး အနောက်တိုင်းသုတေသနက လွန်ခဲ့တဲ့ဆယ်စုနှစ်ကျော်ကမှ လေ့လာခဲ့တာပါ။

ချင်းကို ပါးစပ်ထဲငုံထားခဲ့ရင် လေယာဉ်အတက်မှာဖြစ်တတ်တဲ့ ပေါ့သွားပြီး အစာအိမ်ကလေ အထက်တက်လာလို့အန်ချင်တာကို သက်သာစေပါတယ်။

ခေါင်းအုံ၊ ခေါင်းမူးရင် ချင်းပါးပါးအလွှာကို နားထင်နှစ်ဖက်မှာ ကပ်ပေးရင် ချက်ချင်း သက်သာစေပါတယ်။ လေယာဉ်ပေါ်မှာ ဆီးခဏခဏထသွားရတဲ့ဒုက္ခ ကင်းဝေးချင်ရင် ချင်းကို ဆီးခုံအထက်မှာ ကပ်ပေးထားရပါမယ်။

နောက်ဆုံး လေယာဉ်ပေါ်ကကျွေးတဲ့အစာမှာ ပင်လယ်စာပါလို့ အန်ချင်သလိုဖြစ်ရင်၊ ယားရင် ချင်းနှစ်ဖတ်လောက်ဝါးစားပြီး အရည်ပါ မျိုချပေးပါ။ ချင်းတက်ကို ဆောင်ထားရင် ရထား၊ ကား၊ လေယာဉ်စီးတဲ့နေရာမှာ ဆရာဝန်တစ်ယောက် ပါသလိုပါပဲတဲ့။

**မင်္ဂလာပါဆရာ၊ သမီးအသက်က ၃၈ နှစ်ရှိပါပြီ။ ကိုယ်အလေးချိန်ကတော့ ၁၄၈ ပေါင်ရှိပါတယ်။ အိမ်ထောင်ကျတာ သုံးနှစ်ပြည့်ပါတော့မယ်။ ကလေးမရသေးလို့ပါ။ ဓမ္မတာက လစဉ်လည်း ပုံမှန်လာပါတယ် ဆရာ။ အိမ်ထောင်ကျပြီး ခြောက်လမှာ အမျိုးသားရော၊ သမီးပါ ဆေးစစ်ပါတယ်။ အားလုံး ကောင်းတယ်လို့ ဆရာဝန်က ပြောပါတယ်။ ကလေးရနိုင်တဲ့ဆေးလည်း သောက်ပါတယ်။ ဒီနေ့ထိ ကလေးမရနိုင်သေးလို့ ဘယ်လိုလုပ်ရမယ်ဆိုတာ အကြံဉာဏ် ပေးပါဆရာ။**

ဝလို့ သားအိမ်လမ်းကြောင်းမှာ အဆီပိတ်ရင်လည်း ကလေးမရနိုင်ဖြစ်တတ်ပါတယ်။ အဆီကျအောင် ဝါးရွက် ပြုတ်သောက်ကြည့်ပါ။ ကလေးရဖူးသူရှိပါတယ်။ ဝါးရွက်ပြုတ်ရည် တစ်နေ့ မတ်ခွက်နှစ်လုံးစာ ၁၄ ရက်ဆက်တိုက် စွဲသောက်ကြည့်ပါ။ ဘယ်ဝါးရွက်မဆို ပါးပါးညှပ်၊ လက်တစ်ဆုပ်စာကို ရေနွေးမတ်ခွက်နှစ်လုံးနဲ့ ဆူအောင်ပြုတ်ပြီး အရည်ကိုပဲ သောက်ပါ။ (ကြခတ်ဝါးရွက်ရရင် ပိုကောင်းပါတယ်)။ ဘေးထွက်ဆိုးကျိုး မရှိပါ။

**မင်္ဂလာပါ ဆရာရှင့်။ သမီးအသက်က ၂၁ နှစ်ပါ။ အသက် ၂၀ အရွယ်မှာ နှာခေါင်းပိတ်တာ တစ်လကြာသွားလို့ ဆေးကုတာ နေရာစုံပါတယ်။ သက်သာသွားပေမယ့်လည်း အနံ့ခံအာရုံပျောက်သွားတာ အခုဆို နှစ်နှစ်ရှိပြီဖြစ်ပါတယ်။ အခု နှာခေါင်းက ပြန်ပိတ်တာ တစ်လလောက်ရှိပါပြီ။ ကျောင်းဆရာမဖြစ်နေတော့ ကျောင်းသွားရင် နှာပွင့်စေမယ့် အစက်ချဆေးသုံးပြီး သွားနေရတာကြာရင် အန္တရာယ်ဖြစ်မှာစိုးလို့ပါ။ ဆရာဝန်တွေက ထိပ်ကပ်နာရောဂါလို့ ပြောတယ်။ ညညဆို တအားပိတ်တာ ခံစားရခက်ပါတယ်။ အမြန်သက်သာအောင် မြန်မာဆေးရှိပါသလား။ သိချင်ပါတယ်။ ကျေးဇူးပြုပြီး ပြောပြပေးပါဆရာ။**

ချိုးလိုက်ရင် နို့စေးထွက်တဲ့ ငဖြူကြီးပင်ခေါ် မုရိုးပင်ရအောင်ရှာပါ။ အရွက်တွေခူးပြီး အခြောက်လှန်းပါ။ မီးကျီးခဲပေါ်ဖြူးပြီး အငွေ့ကို ပေါက်အောင်ရှူပေးပါ။ လက်တွေ့ထိပ်ကပ်နာ ပျောက်သူရှိပါတယ်။ ကျားမနိုင်မြစ်ကို သွေးညအိပ်ရာဝင် နှာခေါင်းမှာ လိမ်းအိပ်ပါ။ ရှောက်သီးလေးစိတ်စိတ် တစ်စိတ်ကို အခွံပါ ရေနွေးမတ်ခွက်နဲ့စိမ်ထား။ ရေချိုးပြီးတိုင်း သောက်ပေးပါ။ အနံ့မရတာအတွက် တိုင်းရင်းဆေးအမှတ်(၄၃) အကင်းဆယ်ပါးဆေးမှုန့်ဝယ်ပြီး မှိုင်းရှူပေးပါ။ အအေးမပပ်အောင် ဒန့်သလွန်ရွက်ဟင်းချိုမကြာခဏ သောက်ပေးပါ။ ကြက်သွန်ဖြူမီးဖုတ်စားပေးပါ။

**ဆရာ လည်ပင်းနာရာကနေ အာသီးရောင်ပြီး အပူကန်နာလို ဖြူဖြူလေးတွေ တွေ့ရတယ်။ ဖျားလို့ ဆရာဝန်လည်း ပြပါတယ်။ အပူကန် အာသီးရောင်တဲ့အတွက် မြန်မာဆေးနည်းလည်း သိချင်လို့ပါ။**

မနက်စောစော နွားနို့အစိမ်း ၂၅ ကျပ်သား ဆားခပ်သောက်ပါ။ လက်ဖက်ခြောက်အဖန်ရည်မှာ ဆားလှော်ထည့်ပြီး အာလုပ်ကျင်းပေးပါ။ လည်ပင်းမှာ နလင်ကျော်သွေးလိမ်းပါ။ မရှိရင် သနပ်ခါးနဲ့ဆား ရောသွေးလိမ်းပါ။ အရောင်ကျ မြန်ပါတယ်။

**ဆရာရေးတဲ့ ဆေးနည်းတိုအတိုင်း ဇက်ကျိုးပေါင်းကို သင်္ဘောရွက်ကပ်တာ သိသိသာသာ သက်သာပါတယ်။ ဆက်ကပ်ရင် လုံးဝအမြစ်ပြတ်မလား သိချင်ပါတယ်။**

အနည်းဆုံး ၁၄ ရက်ကပ်ပါ။ ကျိုးပေါင်းဖြစ်ပြီးရင် အမြစ်ပြတ်တယ်ဆိုတာ မရှိပါဘူး။ ပျောက်သွားပြီး တစ်နှစ်လောက်ကြာရင် ထလာတတ်ပါတယ်။ ခေါင်းလေ့ကျင့်ခန်းနေ့တိုင်းပြုလုပ်ပါ။ ခေါင်းငုံ့ရတဲ့အလုပ် တတ်နိုင်သမျှရှောင်ပါ။ ညအိပ်ရင်ခေါင်းအုံး နှစ်လုံးဆင့်မအိပ်ပါနဲ့။ ခေါင်းငုံ့ပြီး စာရေးများတဲ့အခါတိုင်း ဇက်ကြောတင်းရင်၊ မူးရင်သင်္ဘောရွက်ကပ်ပါ။ အရွက်ကို ပျော့အောင် ခဏရေနွေးစိမ်ပြီး နှစ်နာရီကြာအောင် ကပ်ထားပါ။

**ဆရာ ကျွန်တော် ဆီးတစ်ခါသွားရင် တော်တော်ကြာပါတယ်။ ပြီးတော့ ဆီးသွားပြီး မကြာခင် ဆီးပြန်သွားချင်တယ်။ ညညဆိုလည်း ဆီးကြောင့် အိပ်ရေးပျက်တာကြာပါပြီဆရာ။ ဆေးခန်းတွေမှာ ဆေးစစ်တာလည်း များပါပြီ။ ပျောက်ကင်းသက်သာမယ့် နည်းလမ်း သိလိုပါတယ်။**

ဆီးလွန်ရောဂါပါ။ ငဖြူကြီးပင်ခေါ် မုရိုးပင်ရှာပါ။ ချိုးလိုက်ရင် အစေးဖြူဖြူတွေထွက်ပြီး အပွင့်ဖြူဖြူ အဆုပ်လိုက် ပွင့်ပါတယ်။ ကားလမ်း၊ ရထားလမ်းဘေးတွေမှာ အလေ့ကျပေါက်ပါတယ်။ အပွင့်ကို ရေနွေးဖြောပြီး မြေပဲဆန်နဲ့အသုပ်ပြုလုပ်စားပေးပါ။ အရွက်တွေကို ခူးပြီး အခြောက်လှန်းထား လက်ဖက်ခြောက်ပြုလုပ်ပြီး ရေနွေးဆူဆူနဲ့ နေ့တိုင်း ခွက်ဘူးတစ်လုံးစာ သောက်ပေးပါ။ ဆီးထိန်းလာနိုင်တဲ့အထိ စွဲသောက်ပါ။

**ဆရာ ကာလသရမူလီရွက်ကို ပြုတ်သောက်ရင် အဆီကျ ပိန်စေတယ်ဆိုလို့ ပြုတ်ပြီးသောက်ပါတယ်။ အကြမ်းပန်ကန်နဲ့ တစ်လုံးစာ မနက်၊ ညနေ သောက်ပါတယ်။ အခု တစ်ပတ်လောက် သောက်ပြီးနောက် ခါးတွေကိုက်လာပါတယ်။ ဆက်သောက်သင့်ပါသလား ခင်ဗျာ။**

ဖေ့စ်ဘွတ်မှာ ဆေးမြီးတိုတွေ တွေ့တိုင်း တအားမသောက်ပါနဲ့။ ကာလသရမူလီပင်ကို အိန္ဒိယ အာယုဗေဒဆေးကျမ်းတွေမှာ မြွေဆိပ်၊ ကင်းဆိပ်ဖြေဆေးအဖြစ် အသုံးပြုတယ်လို့ တွေ့ရတယ်။ တရုတ်တိုင်းရင်းဆေးတချို့မှာ ပိန်ဆေးအဖြစ်လည်း ထည့်သွင်းအသုံးပြုပါတယ်။ ဒီဆေးတွေ သောက်တဲ့သူတချို့မှာ ကျောက်ကပ်ပျက်စီးတဲ့ရောဂါဖြစ်တယ်ဆိုတဲ့ သုတေသနပြုတွေ့ရှိလို့ တားမြစ်ထားတာကို သိရတယ်။ တိုင်းရင်းဆေးပင်ဆေးမြစ်ဖြစ်ပေမယ့်လည်း ဘေးထွက်ဆိုးကျိုးရှိတတ်ပါတယ်။ အစွမ်းထက်တဲ့ဆေးတွေနဲ့ အမြန်ပိန်ဖို့ မကြိုးစားဘဲ သဘာဝနည်း အစားအသောက်လျှော့၊ လမ်းလျှောက်၊ လေ့ကျင့်ခန်းလုပ်ပြီး ပိန်အောင်ကြိုးစားပါ။ ကာလသရမူလီရွက်ကို ဆီးချိုကျတယ်။ ကင်ဆာပျောက်တယ်ဆိုပြီး ယုံကြည်သုံးစွဲနေသူတွေလည်းရှိပါတယ်။

ကာလသရမူလီပင်နဲ့ပတ်သက်လို့ ဆရာကြီး ဒေါက်တာခင်မောင်လွင် (Fame) ရဲ့ အင်တာဗျူး (မြဝတီသတင်းစာ ၂၂၊ ၉-၂၀၁၆) မှာ ဖော်ပြထားတာက ဆေးဖက်ဝင်အပင်တွေမှာ ကောင်းတဲ့ အပိုင်းရှိသလို မကောင်းတဲ့အပိုင်း၊ တစ်နည်းအားဖြင့် ခန္ဓာကိုယ်ကို ထိခိုက်စေတဲ့အပိုင်းဆိုပြီး အမြဲဒွန်တွဲနေလေ့ရှိတယ်။ အကျိုးကျေးဇူးတွေနဲ့ ယှဉ်တွဲပါလာလေ့ရှိတဲ့ ဘေးထွက်ဆိုးကျိုး အဓိကနှစ်ခုရှိတယ်။ ပထမတစ်ခုကတော့ ကျောက်ကပ်ပျက်စီးစေတာနဲ့ ဒုတိယတစ်ခုကတော့ ဆီးလမ်းကြောင်းမှာ ကင်ဆာဖြစ်စေတာတို့ပဲ ဖြစ်ပါတယ်။ ကာလသရမူလီကြောင့် ကျောက်ကပ် ပျက်စီးတဲ့ရောဂါကို ဘော်လ်တန်ဒေသမှာ စတင်တွေ့ရှိခဲ့လို့ ဘော်လ်တန်ကျောက်ကပ်ပျက်စီးရောဂါလို့ ခေါ်ပါတယ်။ (ချင့်ချိန်သုံးစွဲကြဖို့ ထပ်ဆင့်တင်ပြပေးတာဖြစ်ပါတယ်။)

**ကျွန်မအမျိုးသားက အသက် ၃၂ နှစ်ပါ။ ဆေးလိပ်သောက်ခဲ့တာ ၁၀ နှစ် ကျော်ပါပြီ။ အခု ဆေးလိပ်ကို မသောက်ဘဲ တိခနဲဖြတ်လိုက်ရာကနေ တစ်ကိုယ်လုံးညောင်းကိုက်ပြီး ဝမ်းထဲက ဟာသလိုဖြစ်နေတယ်။ ခါးကြောတွေတင်းပြီး ခြေဖျားလက်ဖျားများအေးသလိုဖြစ်နေပါတယ်။ ဆေးလိပ်ဖြတ်တာ ငါးရက်ရှိပါပြီ။ ဘယ်လိုလုပ်သင့်ပါသလဲ ဆရာ။**

ဆေးလိပ်ပြန်မသောက်ပါစေနဲ့။ ဆေးချိုးကျအောင် ခွေးတောက်ရွက်နဲ့ ကြက်ရိုးဟင်းချိုချက် သုံးရက်ဆက်တိုက်ပါ။ နေ့လယ်မှာ ဖရဲသီးစိတ်များများစားပါစေ။ ဆေးလိပ်ဖြတ်ပြီး ကွမ်းမစားပါစေနဲ့။ ဝမ်းဗိုက်နဲ့ခါးကို မုန်ညင်းဆီ မီးနဲ့ဆူအောင်ချက် ခပ်နွေးနွေးလိမ်းပေးပါ။ အညောင်းအကိုက်တွေ သက်သာပါလိမ့်မယ်။ ၁၄ ရက်တောင့်ခံနိုင်ရင် ဆေးလိပ်ပြတ်ပါပြီ။

**မိုးအကုန် ဆောင်းအကူးရောက်တိုင်း နှာစေး၊ နှာပိတ်ရောဂါဖြစ်ပါတယ် ဆရာ။ ကြာရင် ထိပ်ကပ်နာဖြစ်မှာစိုးလို့ ဆေးနည်းတိုလေး သိချင်ပါတယ်။**

နလင်ကျော်မြစ်ကို သွေးပြီး နှာခေါင်းမှာလိမ်းပေးရင် နှာရည်ယိုသက်သာစေတယ်။ နလင်ကျော် အခေါက်ကို အမှုန့်ပြုလုပ် မီးခဲပေါ်ဖြူးပြီး မှိုင်းရှူပေးရင်လည်း နှာစေးသက်သာစေပါတယ်။


ကျားမနိုင်မြစ်ကို သွေးပြီး နှာခေါင်းပေါ်မှာ လိမ်းပေးရင်လည်း နှာစေး၊ နှာပိတ်ရောဂါ သက်သာစေနိုင်ပါတယ်။

နှာခေါင်းပိတ်ပြီး အနံ့မရရင်တော့ ချက်ချင်းသက်သာစေဖို့ နှာခေါင်းကိုမော့ပြီး သံပရာသီးအရည် ညှစ်ထည့်ပေးပါ။ ရဲရဲညှစ်ထည့်ပါ။ နှာခေါင်းပိတ်သက်သာပြီး အနံ့ရစေပါတယ်။

လိမ္မော်သီးအခွံကို နေ့တိုင်းရှူပေးရင်လည်း အအေးပပ်နှာစေးတာကနေ ကာကွယ်စေပါတယ်။

နှာခေါင်း အနံ့မရတာ ကြာရှည်ဖြစ်ရင် ကြိတ်မှန်ရွက်အရည်ကို ညှစ်ပြီး ရှူသွင်းပေးပါ။ ဂမုန်း နှာရှူပေးတာနဲ့လည်း ပျောက်ကင်းစေနိုင်ပါတယ်။

ထိပ်ကပ်နာဖြစ်ရင် ငဖြူကြီးပင်ခေါ် မုရိုးပင်အရွက်တွေ အခြောက်လှန်း အမှုန့်ကို မီးခဲပေါ်ဖြူး မှိုင်းရှူပေးရင် ပျောက်ကင်းနိုင်တယ်လို့ အာယုဗေဒဆေးကျမ်းတွေမှာ တွေ့ရပါတယ်။





# ကြော်ငြာ


License No(661)

Hmwe Taunggyi Business Group Travel & Tours Co.,Ltd မှစီစဉ်သည်

# သာကီနွယ်
ဗုဒ္ဓဂယာဘုရားဖူးပို့ဆောင်ရေး

ကျသင့်ငွေကျပ် (၁၂၅)သိန်း အစားငွေကျပ် (၁၀)သိန်း စရိတ်ငြိမ်း (လေးဌာန၊ဧဝလီ)အစုံ စရိတ်ငြိမ်း

ကျသင့်ငွေကျပ် (၁၈၅)သိန်း အစားငွေကျပ် (၈.၉)သိန်း စရိတ်ငြိမ်း (၈)ရက်စရီး စရိတ်ငြိမ်း

Hot Line - 01-200952

Jan - 7,10,14,17,24

Feb - 4,7,11,14,18,21,25,28

Mar - 4,7,11,14,18,21,25

ရန်ကုန်(ရုံးချုပ်) - အမှတ်(၁၀၅)၊ ၁၂၃ လမ်း၊ သိမ်ဖြူကားမောင်းကွင်းရှေ့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၁ ၂၀၀၉၅၂၊ ၀၉ ၇၇၈၈၂၂၂၆၀

မန္တလေးရုံး - ၀၉ ၇၇၈၈၂၂၂၅၀ တောင်ကြီးရုံး - ၀၈၁ ၂၀၀၀၇၃၊ ၀၉ ၇၇၈၈၂၂၂၄၀

ရွှေဒိုးကြီး

Ph: 09795549249, 095418126









သာသနာကွယ်ပျောက်ပြီဆိုရင် ပဋ္ဌာန်းကျမ်းက ပဌမဦးဆုံး ကွယ်ပျောက်မှာဖြစ်ပါတယ်။ ဒါကြောင့် ပဋ္ဌာန်းဒေသနာတော် ကွယ်ပျောက်မှာကြောက်ပြီးတော့ ပဋ္ဌာန်းပွဲတွေ လုပ်နေကြတာဖြစ်ပါတယ်။ တကယ်တော့ ပဋ္ဌာန်းပွဲလုပ်ခြင်းက ပဋ္ဌာန်းမကွယ်ပျောက်အောင် မကာကွယ်နိုင်ပါဘူး။ ပဋ္ဌာန်းတရားတော်ရဲ့အနက်အဓိပ္ပာယ်ကို သိမြင်နားလည်အောင် သင်ယူလေ့လာခြင်းကသာ ပဋ္ဌာန်းတရားတော်ကို မကွယ်ပျောက်နိုင်အောင် ကာကွယ်ပေးနိုင်ပါတယ်။

ပါရမီစာပေမှ ဖြန့်ချိလိုက်ပါပြီ။


Since 1996

Home

နံရံကပ်အလှဆင် Wall Leather

Special Promotion!

Buy 1 လိပ် Korean Wall Leather → Get FREE 2 လိပ် Vinyl Wall Covering

* Selected items only

** Terms & conditions apply

အမှတ်-(၁၁)၊မင်းကြီးလမ်း၊အင်းစိန်ဆေးရုံအနီး၊အင်းစိန်မြို့နယ်၊ရန်ကုန်။ ☎ 09 79 700 70 74, 09 79 700 70 84




## ငှားရန်ရှိသည်

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ ရွာမကွေ့အနီး။

မြေ ပေ(၇၀×၈၀)

Ph:09-777712214, 09-777712219

## ငှားမည်

တောင်ဒဂုံ၊ စက်မှုဇုန်(၂)၊ ၆၃ရပ်ကွက်၊ မိုးမခလမ်း၊ ပေ(၆၀×၉၅)။ ဂိုဒေါင် အပြည့် ထောင့်ကွက်၊ ရေမီးအစုံ။

၂၂သိန်း၊ (ညှိနှိုင်း)

Ph:09-792122469


2005

TRUE တံဆိပ်

ဆန်နှင့် သံလွင်ဆီရောင်းဝယ်ရေး

Ph: 01-680828, 0973080656, 0973040665.

San brotherhood

"စစ်ဆေးစမ်းသပ် (အခမဲ့)"

Air-Con,

1HP 250000Ks

Copper Pipe(10)Ft. Frame, Drain Pipe, Transportation, Installation

"အနီးဆုံးဆိုင်ခွဲသို့ဆက်သွယ်ရန်"

FMI City 709373, 09-5084831, 682445(Ext)1421

ကျောင်းလမ်း 01-704101, 09-5002738, 09-450023810

သမိုင်းလမ်းဆုံ 681854, 706193, 09-73116475

ကျောက်မြောင်း 01-704649, 09-73066836, 09-73004800

Capital အနီး 09-5053114, 73251545, 01-708842

ရွှေဂုံတိုင်မီးပွိုင့်အနီး 09-43083868, 01-703241

သုနန္ဒာလမ်းဆုံအနီး 09-5190383, 09-73251535

ဟံသာဝတီ CNG အနီး 01-703684, 09-43130068

Victoria အနီး နဝဒေး 01-704467, 09-73217035

တောင်/မြောက်လမ်းဆုံအနီး 01-709114, 09-5019316

# လိပ်ခေါင်း၊ ဂရင်ချိနာ

09-73121554

မခွဲမစိပ်မနာမကျင် အမြစ်ပြတ်ကုသပေးသည်။

ရန်ကုန်မြို့။09-73038158, 09-43088215

CHAW CHAW

SILK & LUXURY FASHION

Pre-Thadingyut Sales Promotion

သီတင်းကျွတ် အကြိုအရောင်းမြှင့် အစီအစဉ်

Myanmar Traditional Handmade 'Acheik'

European and Asian Laces

European and Asian Brocade

Various Thai Silk

Various Japanese Silk

Various Myanmar Silk, Silk Cotton and Cotton

50% Off For All 'Acheik'

up to 80% Off For Other Items

CHARM[66]

5% နှင့် 10% Per Head Discount Coupon များပေးပါမည်။

Date : 26th September - 30th October

Time : 9:00 am to 6:30 pm

Chaw Chaw Silk & Luxury Fashion Gallery

No.241, Dhammazedi Road, Bahan Township, Yangon.

www.facebook.com/chawchawsilkandluxuryfashion

Ph: 01 542 997, 09 501 5946, 09 73245173





BRIDGESTONE

Your Journey, Our Passion

BECAUSE YOU LOVE YOUR FAMILY

သီတင်းကျွတ် တန်ဆောင်တိုင် ပရိုမိုးရှင်း အစီအစဉ်

BUY 2 ANY PSR TYRE GET 1 FREE POLO-SHIRT

BUY 4 ANY PSR TYRE GET 2 FREE POLO-SHIRTS

FIRST JAPAN TIRE SERVICES

BRIDGESTONE KEEPS YOU SAFE

ဂယာရွှေပြည် ဗုဒ္ဓဂယာ–သီရိလင်္ကာ ဘုရားဖူးအဖွဲ့
ဒေါ်ဝင်းဝင်းကိုယ်တိုင်ဦးဆောင်သော ဂယာရွှေပြည် ဘုရားဖူးအဖွဲ့ဖြင့် လိုက်ပါကုသိုလ်ယူကြမည့် ဧမ္မမိတ်သစ်/ဟောင်းအပေါင်းတို့အား နွေးထွေးလှိုက်လှဲစွာကြိုဆိုပါသည်။
(၁၅- ရက်ခရီးစဉ်) - 26.11.2016, 10.12.2016, 24.12.2016, 14.1.2017, 4.2.2017, 4.3.2017
(၇- ရက်ခရီးစဉ်) - 21.2.2017, 21.3.2017, 11.4.2017
၂-လကြိုတင်စာရင်းပေးသွင်းနိုင်ပါသည်။
ရန်ကုန်ရုံးချုပ် – အမှတ်(၁၈/၁)၊၁၀ လမ်း (အလယ်ဘလောက်)၊ လမ်းမတော်မြို့နယ်။ ၀၁–၂၂၁၅၈၆၊ ၀၉ ၇၇၃၀၄၇၂၅၇၊ ၀၉ ၇၉၅၉၁၂၈၂၅
မန္တလေးရုံးခွဲ – ၀၉–၃၃၂၇၄၇၇၊ ၀၉–၄၀၂၅၈၂၀၄၈

အာရှနဂါး
မြေတိ/ကျိုက်ထီးရိုး
ရွှေစင်းဘ/ငွေဆောင်
Ph : 703790, 09 799100100
707062, 09 797100100

သုံးရာသီ ဗမ္မဒါန
AirCom; Express
☎ 420144148, 421153797

ဦးအောင်ဟိန်းကျော်
• Translation
အင်္ဂလိပ်စာရေးနည်း
အင်္ဂလိပ်စကားပြော သင်တန်း
• နိုင်ငံခြားသားများနှင့်လေ့ကျင့်သည်
• အင်္ဂလိပ်စကားပြော(Vol:1,2,3,4) • ရေးနည်း(Pre., Vol:1,2,3)
• 392468, 09517184

Global ဆေးရုံ၏ ခွဲစိတ်ပြီးလူနာများ၊ လူနာဟောင်းများနှင့် လူနာသစ်များ ဆက်သွယ်နိုင်ပါသည်။
India နိုင်ငံ ၊ Chennai မြို့ ၊ Global Hospital မှ အောက်ပါဆရာဝန်ကြီးများကမြန်မာနိုင်ငံသို့ လာရောက်၍ ဆေးကုသမှုလုပ်ငန်းများ လာရောက်လုပ်ဆောင်မည် ဖြစ်ပါသောကြောင့် ဆရာဝန်ကြီးများနှင့် တိုင်ပင်ဆွေးနွေးလိုသူများ ဗိတိုရိယဆေးရုံကြီးသို့ ကြိုတင်စာရင်းပေးသွင်းနိုင်ပါသည်။
၂၀၁၆ နိုဝင်ဘာလ (၃)ရက် နှင့် (၄)ရက် တို့တွင် လာရောက်ဆွေးနွေး ကုသမည်ဖြစ်ပါသည်။
Dr. JOY VARGHESE - အသည်းအထူးကုဆရာဝန်ကြီး
Dr. K SRIDHAR - ဦးနှောက်နှင့်အာရုံကြောဆိုင်ရာ ခွဲစိတ်အထူးကုဆရာဝန်ကြီး
ကြိုတင်စုံစမ်း စာရင်းပေးသွင်းရန် ဖုန်း (01) 9666 141 , (09) 783 666 141 - 144
နေရာ။ ။ ဗိတိုရိယဆေးရုံကြီး (Victoria Hospital) ၊ အမှတ် (၆၈)၊ တော်ဝင်လမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။
GLOBAL HOSPITALS more to life
CHENNAI | Hyderabad | Bengaluru | Mumbai
ZAR & ZAR Co.,Ltd. Quality & Quantity
Victoria Hospital Quality Care

နိုင်ငံတကာတက္ကသိုလ်ပေါင်း(၁၀၀)ကျော်၏ ပညာရေးသတင်းအချက်အလက်များကို တစ်နေရာတည်းတွင် ရယူနိုင်မည့်
GLOBAL EDUCATION FAIR 2016
• အမေရိကန် • အင်္ဂလန် • ဩစတြေးလျ • စင်ကာပူ • ထိုင်းတို့ မှ တက္ကသိုလ်များပါဝင်မည်။



CROWN EDUCATION
Award Winning Company
30 Oct (Sun)
10:00 am - 1:00 pm
NOVOTEL HOTEL
(PYAY ROOM)

• IGCSE ဖြေဆိုထားသူများအတွက် အမေရိကန်၊ ဩစတြေးလျ၊ အင်္ဂလန်၊ စင်ကာပူ၊ ထိုင်းနိုင်ငံများတွင် GCE 'A' / SAT ဖြေဆိုရန်မလိုဘဲ တိုက်ရိုက်တက်ရောက်နိုင်သည့် တက္ကသိုလ်များ
• HND, ABE, NCC လက်မှတ်ကိုင်ဆောင်ထားသူများအတွက် Top Up ဆက်လက် တက်ရောက်နိုင်မည့် တက္ကသိုလ်များ
• နိုင်ငံတကာတွင် ဆေးကျောင်းတက်ရောက်လိုသူများအတွက် ဆေးတက္ကသိုလ်များ
• မြန်မာနိုင်ငံမှ ဆယ်တန်းအောင်မြင်ထားသူများ၊ မြန်မာတက္ကသိုလ်တစ်ခုခုတွင် တက်ရောက်နေသူများအတွက် နိုင်ငံတကာတွင် ဆက်လက်ပညာသင်ယူနိုင်မည့် အခွင့်အရေးများကို ကမ္ဘာတစ်ဝှမ်းတက္ကသိုလ်များ၏ တာဝန်ရှိသူများနှင့် လာရောက် တွေ့ဆုံ ဆွေးနွေးနိုင်မည်ဖြစ်ပါသည်။
PROSPECT BURMA SCHOLARSHIP အပါအဝင် ထူးချွန် ကျောင်းသားကျောင်းသူများအတွက် ပညာသင်ဆုများ လာရောက်လျှောက်ထားနိုင်ပါသည်။
Prospect Burma
CALL US : 01 527 838, 09 732 732 77, 09 730 40 688, 09 450 200 040

KONICA MINOLTA
PRINTING SOLUTIONS
မိတ္တူစက် တစ်လုံးဝယ် ၊ All in One တစ်လုံးလက်ဆောင်
သီတင်းကျွတ်အထူးအစီအစဉ်
အောက်တိုဘာ ၁ ရက် မှ အောက်တိုဘာ ၃၁ ရက်နေ့အထိ
buy any Multifunction Copier
print|copy|scan



Get All in one B/W Laser printer
print|copy
scan|Fax



PagePro1590MF
ရန်ကုန်မြို့တွင်း FREE DELIVERY
Since 1951 Authorized Distributor
Gandamar Business Solutions
HOTLINE : 09-253 547 980 | 09-253 547 981


# အပူပိုင်းမုန်တိုင်းဗဟိုချက် မြန်မာ့ကမ်းခြေကိုမဖြတ်ဘဲ အိန္ဒိယကမ်းခြေဘက်သို့ ဦးတည်ရွေ့လျားနိုင်

**ရန်ကုန် အောက်တိုဘာ ၂၃**

ဘင်္ဂလားပင်လယ်အော်တွင်ဖြစ်ပေါ်နေသော အပူပိုင်းမုန်တိုင်း (Tropical Storm)သည် မြန်မာနိုင်ငံ ဟိုင်းကြီးကျွန်း၏အနောက်ဘက် ရေပြင်ပေါ်တွင် အောက်တိုဘာ ၂၃ ရက် ညနေ ၆ နာရီမှ အောက်တိုဘာ ၂၄ ရက် ညနေ ၆ နာရီအထိ ၂၄ နာရီအကြာ အနီးဆုံးရှိနေနိုင်ပြီး မုန်တိုင်းဗဟိုချက်သည် မြန်မာ့ကမ်းခြေကိုမဖြတ်ဘဲ အနီးသို့ကပ်လာပြီးနောက် အနောက်ဘက်ရှိ အိန္ဒိယကမ်းခြေကို ဦးတည်ရွေ့လျားနိုင်ကြောင်း မိုးလေဝသပညာရှင် ဒေါက်တာထွန်းလွင်က အောက်တိုဘာ ၂၃ ရက် ညနေ ၆ နာရီ ၁၅ မိနစ်တွင် သတိပေးထုတ်ပြန်ထားသည်။

စာမျက်နှာ ၁၁ ကော်လံ ၁ သို့ ❐

ဘင်္ဂလားပင်လယ်အော် မုန်တိုင်းငယ်ရဲ့ INSAT 3D ရဲ့ ဂြိုဟ်တုဓါတ်ပုံ (၂၃-၁၀-၂၀၁၆)ရက် နံနက် (၀၄:၀၀)နာရီအချိန် တိုင်းတာချက်






ချင်းတွင်းမြစ်အတွင်း၌ စုန်/ဆန် ခုတ်မောင်းလျက်ရှိသည့် အမြန်ရေယာဉ်တစ်စင်းအား တွေ့ရစဉ်။

# ချင်းတွင်းမြစ်ကြောင်းသွား အမြန်ရေယာဉ်များ ခွင့်ပြုတန်ချိန်ထက် ပိုမိုတင်ဆောင်ပါက အရေးယူမည်

**မုံရွာ အောက်တိုဘာ ၂၃**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ကို အခြေပြုလျက် ချင်းတွင်းမြစ်အတွင်း ပုံမှန်ပြေးဆွဲလျက်ရှိသည့် လူစီးနှင့် ကုန်တင်အမြန်ရေယာဉ်များ ခွင့်ပြုတန်ချိန်ထက် ပိုမိုတင်ဆောင်ပါက ရေကြောင်းဥပဒေများဖြင့် ထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်း ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန တိုင်းဒေသကြီး ရေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။

ချင်းတွင်းမြစ်ကြောင်းသွား အမြန်ရေယာဉ်များအား ညွှန်ကြားချက်ထုတ်ပြန်ထားမှုအခြေအနေနှင့်ပတ်သက်၍ တိုင်းဒေသကြီး ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးတင်ထွန်းအောင်က ပြောကြားရာတွင် "လတ်တလောကာလမှာ မုန်တိုင်းသတိပေးချက်ထုတ်ပြန်ထားတာကို တွေ့ရှိရတယ်။ ဒါကြောင့် ရေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ပြည်တွင်းရေကြောင်းပို့ဆောင်ရေး၊ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ပူးပေါင်းအဖွဲ့များနဲ့ မုံရွာမြို့ကို အခြေပြုပြီး ပြေးဆွဲလျက်ရှိတဲ့ ရေယာဉ်တွေကို ရှောင်တခင်အဖြစ် ယမန်နေ့ မွန်းလွဲ ၁၂ နာရီ ၄၅ မိနစ်မှာ ကွင်းဆင်းစစ်ဆေးခဲ့ပါတယ်။

အဲဒီလိုစစ်ဆေးရာမှာ လူစီးနဲ့ ကုန်တင်ရေယာဉ်တွေကို လုပ်ငန်းလိုင်စင်နဲ့ ရေယာဉ်လိုင်စင်သက်တမ်း ရှိ/မရှိ၊ သတ်မှတ်ထားတဲ့ ဝန်တင်မျဉ်းထက်ကျော်လွန်ပြီး ခရီးသည်/ကုန်စည်များတင်ဆောင်ထားခြင်း ရှိ/မရှိ၊ ရေယာဉ်အရေးပေါ် အခြေအနေကြုံတွေ့လာပါက အသုံးပြုနိုင်မယ့်

စာမျက်နှာ ၈ ကော်လံ ၁ သို့ ■



ဖျာပုံမြို့နယ် တင်ပုလဲကျေးရွာအုပ်စု ဓမင်းဆိပ်ကျေးရွာရှိ ဓမင်းဆိပ် Shelter

# မုန်တိုင်းအန္တရာယ်ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဖျာပုံ၌ အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်လျက်ရှိ

**ဖျာပုံ အောက်တိုဘာ ၂၃**

အောက်တိုဘာ ၂၃ ရက် ညနေ ၄ နာရီအချိန် ထုတ်ပြန်ချက်အရ ဘင်္ဂလားပင်လယ်အော် အရှေ့အလယ်ပိုင်းတွင်ဖြစ်ပေါ်နေသော မုန်တိုင်းငယ်သည် သိသိသာသာ ရွေ့လျားခြင်းမရှိဘဲ ပိုမိုအားကောင်းသော မုန်တိုင်းငယ်အဖြစ်သို့ရောက်ရှိခဲ့ပြီး မြန်မာနိုင်ငံ ကိုကိုးကျွန်းမြို့၏ မြောက်-အနောက်မြောက်ဘက် ၈၅ မိုင်ခန့်၊ ဟိုင်းကြီးကျွန်းမြို့၏ အနောက်တောင်ဘက် ၈၅ မိုင်ခန့်၊ ပုသိမ်မြို့၏ အနောက်တောင်ဘက် ၁၂၅ မိုင်ခန့်၊ ငွေမြို့၏ တောင်-အနောက်တောင်ဘက် ၁၅၅ မိုင်ခန့်၊ ရန်ကုန်မြို့၏ အနောက်တောင်ဘက် ၂၀၅ မိုင်ခန့်အကွာ ပင်လယ်ပြင်ကို ဗဟိုပြုနေသော မုန်တိုင်းငယ်သည် နောက် ၁၂ နာရီအတွင်း ပိုမိုအားကောင်းလာကာ ဆိုင်ကလုန်းမုန်တိုင်းအဖြစ်သို့ ရောက်ရှိနိုင်ပြီး ယနေ့ညနေပိုင်းတွင် မြန်မာနိုင်ငံကမ်းရိုးတန်း(မြစ်ဝကျွန်းပေါ်ဒေသ)အနီးသို့ ဦးတည်ရွေ့လျားပြီးနောက်ပြန်ကွေ့ကာ မြောက်-အနောက်မြောက်ဘက်သို့ ဆက်လက်ရွေ့လျားမည်ဟု ခန့်မှန်းချက်ကို မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ ထုတ်ပြန်ထားရာ ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင်အတွင်း မုန်တိုင်းအန္တရာယ်ကြိုတင်ကာကွယ်ရေးနှင့် ဖြစ်ပေါ်ကြုံတွေ့လာပါက ကယ်ဆယ်ရေးနှင့် ထူထောင်ရေးလုပ်ငန်းများ အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်နိုင်ရန် ယနေ့မွန်းလွဲ ၁ နာရီက ဖျာပုံခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခရိုင်အုပ်ချုပ်ရေးမှူးရုံးခန်းမ၌ အရေးပေါ်အထူးအစည်းအဝေးပြုလုပ်သည်။

စာမျက်နှာ ၈ ကော်လံ ၅ သို့ ✻



# jynfxmifpkor®wrefmEdkifiHawmf tpd;&

## u,fvma&;ESifh vlrI0efBuD;Xme

## aq;buf qkd;&mvlxktm; t&ift jrpf zGH Ydk;wuf&;ESifh pDrHcsuf;ESpfckNcyD;Xme

၁။ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ (၆)ခု (နာဂ၊ ဓနု၊ ပအိုဝ်း၊ ပလောင်၊ ကိုးကန့်၊ ဝ)နှင့် နိုင်ငံတော်မှ ထုတ်ပြန်ထားသော ဒေသစရိတ်ခံစားခွင့်ရှိသည့် သွားလာရေးနှင့် လူမှုရေးခက်ခဲသောဒေသများမှ ၂၀၁၆-တက္ကသိုလ်ဝင်တန်း စာမေးပွဲအောင်မြင်သူများအား ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ ဆေးဘက်ဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် စီမံခန့်ခွဲရေးဦးစီးဌာန၊ ဆေးတက္ကသိုလ်များသို့ အောက်ပါအရည်အချင်းနှင့် ပြည့်စုံသူများ လျှောက်ထားနိုင်သည်။

၂။ လိုအပ်သောအရည်အချင်း-

(က) ဝင်ခွင့်လျှောက်ထားချိန်တွင် လျှောက်ထားသူနှင့် မိဘ(၂)ပါးစလုံးသည် တည်ဆဲနိုင်ငံသားဖြစ်မှုဥပဒေနှင့်ကိုက်ညီသော နိုင်ငံသားဖြစ်ရမည်။

(ခ) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများ (နာဂ၊ ဓနု၊ ပအိုဝ်း၊ ပလောင်၊ ကိုးကန့်၊ ဝ)နှင့် နိုင်ငံတော်မှ ထုတ်ပြန်ထားသော ဒေသစရိတ်ခံစားခွင့်ရှိသည့် သွားလာရေးနှင့် လူမှုရေးခက်ခဲသော ဒေသများတွင် အမြဲနေထိုင်သူဖြစ်ရမည်။

(ဂ) ၂၀၁၆-ခုနှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ ဓာတုဗေဒ၊ ရူပဗေဒ၊ ဇီဝဗေဒ ဘာသာတွဲဖြင့် အောင်မြင်သူ ဖြစ်ရမည်။

(ဃ) အခြေခံပညာသင်တန်း(၈-တန်း၊ ၉-တန်း၊ ၁၀-တန်း)များကို ၎င်းဒေသများတွင် ဆက်တိုက်ပညာသင်ကြားခဲ့ပြီး ၎င်းဒေသများမှပင် တက္ကသိုလ်ဝင်တန်းစာမေးပွဲအောင်မြင်သူဖြစ်ရမည်။

**မှတ်ချက်။ အပိုဒ်(ခ)ပါဒေသများတွင် နေထိုင်သော်လည်း အခြေခံပညာအထက်တန်းကျောင်းမရှိခြင်း၊ စာစစ်ဌာနမရှိခြင်း၊ အခြေခံပညာအထက်တန်းကျောင်းရှိသော်လည်း သိပ္ပံဘာသာတွဲသင်ကြားနိုင်မှုမရှိခြင်းတို့ကြောင့် အနီးစပ်ဆုံးမြို့နယ်ရှိ အထက်တန်းကျောင်းများမှ အောင်မြင်သောကျောင်းသားများအား (၈-တန်း၊ ၉-တန်း၊ ၁၀-တန်း)ကို ခက်ခဲဒေသတွင် (၃)နှစ်ဆက်တိုက် တက်ရောက်ခဲ့ခြင်းမရှိသော်လည်း ခွင့်ချက်ဖြင့်စဉ်းစားမည်။**

၃။ လျှောက်လွှာနှင့်အတူ အောက်ပါအချက်များ ပူးတွဲတင်ပြရမည်။

(က) မြန်မာနိုင်ငံစာစစ်အဖွဲ့မှ ထုတ်ပေးသည့် တက္ကသိုလ်ဝင်စာမေးပွဲအောင်ရမှတ်စာရင်း**(မူရင်း)**(၁)စောင်

(ခ) ၎င်းဒေသရှိ ကျောင်း၌ (၃)နှစ်ဆက်တိုက် တက်ရောက်ခဲ့သူဖြစ်ကြောင်းနှင့် တက္ကသိုလ်ဝင်တန်းစာမေးပွဲအား ၎င်းဒေသရှိ စာစစ်ဌာနမှ အောင်မြင်သူဖြစ်ကြောင်း သက်ဆိုင်ရာ အခြေခံပညာအထက်တန်းကျောင်း၊ ကျောင်းအုပ်ကြီး၏ ထောက်ခံချက်နှင့် မြို့နယ်ပညာရေးမှူးတို့၏ ထောက်ခံချက်။

(ဂ) အိမ်ထောင်စုစာရင်းဇယားမိတ္တူနှင့် ၎င်းဒေသတွင်(၃)နှစ်ဆက်တိုက် နေထိုင်သူဖြစ်ကြောင်း သက်ဆိုင်ရာ ဒေသအာဏာပိုင်များ၏ ထောက်ခံချက်။

(ဃ) လျှောက်ထားသူနှင့်မိဘ(၂)ပါးစလုံးတို့၏ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူများ

(င) လိုင်စင်အရွယ်ရောင်စုံဓာတ်ပုံ(၂)ပုံ

(စ) ဘွဲ့ရရှိပြီးပါက မိမိဒေသတွင် **(၅)နှစ်** မပျက်မကွက် တာဝန်ထမ်းဆောင်ပါမည်ဟု ကတိပြုဝန်ခံချက်။

၄။ အောက်ဖော်ပြပါ လျှောက်လွှာ နမူနာပုံစံအတိုင်း A-4 Size ဖြင့် ကွန်ပျူတာရိုက်၍ မိမိအစီအစဉ်ဖြင့်လျှောက်ထားရန် ဖြစ်ပါသည်။

၅။ လျှောက်လွှာများကို **၁၁-၁၁-၂၀၁၆ရက် နောက်ဆုံးထား၍** ဆေးဘက်ဆိုင်ရာလူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် စီမံခန့်ခွဲရေးဦးစီးဌာန၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ ရုံးအမှတ်(၄)၊ နေပြည်တော်သို့ တိုက်ရိုက်ပေးပို့လျှောက်ထားရန်။

၆။ သတ်မှတ်ရက်ထက်နောက်ကျရောက်ရှိလာသော လျှောက်လွှာများနှင့် မပြည့်စုံသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၇။ ရောက်ရှိလာသောလျှောက်လွှာများနှင့် အမှတ်စာရင်းများကို **ဆေးဘက်ဆိုင်ရာလူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးနှင့်စီမံခန့်ခွဲရေးဦးစီးဌာန** ဆေးတက္ကသိုလ်ဝင်ခွင့် ရွေးချယ်ရေးအဖွဲ့မှ စိစစ်၍ရွေးချယ်သွားမည်ဖြစ်ပါသည်။

**(မှတ်ချက်။ ရွေးချယ်ခြင်းမခံရသူများအား ပြန်လည်အကြောင်းကြားမည်မဟုတ်ပါ။)**

၈။ အကယ်၍ ဆေးတက္ကသိုလ်သို့ဝင်ခွင့်မရရှိပါက တက္ကသိုလ်ဝင်ခွင့်ဆုံးရှုံးမှုမဖြစ်စေရန်အတွက် တက္ကသိုလ်ဝင်ခွင့်စိစစ်ရွေးချယ်ရေးအဖွဲ့က ကြေညာသတ်မှတ်ထားသော နည်းလမ်းအတိုင်း တက္ကသိုလ်ဝင်ခွင့်လျှောက်လွှာအိတ်ဖြင့် အခြားတက္ကသိုလ်များသို့လည်း လျှောက်ထားရန် လိုအပ်မည်ဖြစ်သည်။

၉။ အသေးစိတ်သိလိုပါက ဆေးဘက်ဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် စီမံခန့်ခွဲရေးဦးစီးဌာန၊ နေပြည်တော်၊ ဖုန်း-၀၆၇-၄၁၁၂၃၉၊ ၀၆၇-၄၁၁၁၄၈၊ ၄၁၁၁၄၉၊ လိုင်းခွဲ(၈၂)သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**လျှောက်လွှာနမူနာပုံစံ**

ဓာတ်ပုံ

### u,fvma&;ESifh vlrI0efBuD;Xme

### aq;buf qkd;&mvlxktm; t&ift jrpf zGH Ydk;wuf&;ESifh pDrHcefcGJa&;OD;pD;Xme

### aq;wuúodkvfodkh 0ifcGifhavQmufvT

### (2016ckESpf wuúodkvf0ifpmar;yGJ atmifjrifolrsm;twGuf)

၁။ အမည်(မြန်မာ) ------------------------------------- ကျား ☐ မ ☐

(အင်္ဂလိပ်)

၂။ နိုင်ငံသားစိစစ်ရေးကတ်အမှတ်-------------------------------------

၃။ မွေးသက္ကရာဇ်(ခုနှစ်၊လ၊ရက်)-------------------------------------

၄။ လူမျိုး-------------------------------------ကိုးကွယ်သည့်ဘာသာ-------------------------------------

၅။ ဖခင်အမည်-------------------------------------နိုင်ငံသားစိစစ်ရေးကတ်အမှတ်-------------------------------------

အလုပ်အကိုင်-------------------------------------

၆။ မိခင်အမည်-------------------------------------နိုင်ငံသားစိစစ်ရေးကတ်အမှတ်-------------------------------------

အလုပ်အကိုင်-------------------------------------

၇။ တက္ကသိုလ်ဝင်စာမေးပွဲခုံအမှတ်-------------------------------------စာစစ်ဌာန-------------------------------------

၈။ အောင်မြင်သည့်ခုနှစ်-------------------------------------

၉။ တက္ကသိုလ်ဝင်တန်းတက်ရောက်ခဲ့သည့် ကျောင်းနှင့်မြို့နယ်-------------------------------------

၁၀။ အမြဲနေထိုင်သောလိပ်စာ-------------------------------------

-------------------------------------

၁၁။ ဆက်သွယ်ရန်လိပ်စာအပြည့်အစုံနှင့်ဖုန်းနံပါတ်-------------------------------------

-------------------------------------

၁၂။ ဝန်ခံချက်

အထက်ဖော်ပြပါအချက်အလက်များ မှန်ကန်ပါသည်။

ရက်စွဲ-------------------------------------

-------------------------------------

ဝင်ခွင့်လျှောက်ထားသူလက်မှတ်

အထက်ဖော်ပြပါအချက်များ မှန်ကန်ကြောင်း တာဝန်ယူလက်မှတ်ရေးထိုးပါသည်။

ရက်စွဲ။-------------------------------------

-------------------------------------

မိဘ/အုပ်ထိန်းသူလက်မှတ်

